# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၂]


**မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား**

**အပ္ပမာဒေန သမ္ပာဒေထ**

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ “သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။” (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

# ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွက် အကျိုးပြုစေမည့် မဲဇလီ(၂)ရေထိန်းတံခါး မတ်လအမီဖွင့်လှစ်နိုင်ရန် တည်ဆောက်လျက်ရှိ

သတင်းဆောင်းပါး - မြင့်မြတ်သစ္စာ



ညောင်တုန်းမြို့နယ်ရှိ မဲဇလီ(၂)ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖွဲ့မာန်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

နံနက်ခင်းနေခြည်နုနုအောက်တွင် ညောင်တုန်းမြို့နယ် မဲဇလီ(၂)ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်၌ စက်အားလူအားဖြင့် အလုပ်သမားများ လုပ်ငန်းခွင်ဝင်လျက်ရှိသည်။ ရေထိန်းတံခါးတည်ဆောက်မှုကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တည်ဆောက်လျက်ရှိကာ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က အနီးကပ်ကြီးကြပ်လျက် ၂၀၁၆ ခုနှစ် မတ်လတွင် ပြီးစီးဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၏ ရေဘေးကာကွယ်ရေးနှင့် လယ်ယာများ ရေသွင်းစိုက်ပျိုးနိုင်ရေးတို့အတွက် များစွာအကျိုးပြုစေမည့် မဲဇလီ(၂) ရေထိန်းတံခါးကြီးကို တည်ဆောက်နေခြင်းဖြစ်သည်။ ကုက္ကိုဝမြစ်အတွင်း သင်္ဘောကြီးငယ်ဖြတ်သန်းသွားလာလျက်ရှိရာ ရန်ကုန်မြို့သို့ ရေကြောင်းကုန်သွယ်မှုဖြင့် ကုန်စည်စီးဆင်းမှုတွင် ဤမြစ်၏အရေးပါပုံကိုလည်း ပေါ်လွင်စေလျက်ရှိသည်။ကုက္ကိုဝမြစ်နံဘေးမှ မဲဇလီ(၂)ရေထိန်းတံတားအား ၂၀၁၅ ခုနှစ် မေလဒုတိယပတ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ရေထိန်းတံခါးတည်ဆောက်မှု၏ အကျိုးကျေးဇူးကို ဒေသခံပြည်သူများ ဦးစွာခံစားရရှိမည်ဖြစ်သည်။ မိုးရာသီတွင် ပန်းလှိုင်မြစ်ကိုပိတ်၍ ရေတံခါးတည်ဆောက်သည့်အတွက် ပန်းလှိုင်မြစ်တစ်လျှောက်ရှိ ကျေးရွာများ ရေနစ်မြုပ်မှုမှကင်းဝေးခဲ့ရပြီး ကုက္ကိုဝမြစ်ကမ်းနဖူးတာပေါင်ရေကျော်ခြင်းကြောင့်သာ မြစ်ကမ်းနံဘေးကျေးရွာအချို့ ရေဝင်ရောက်မှုကြုံခဲ့ရခြင်းဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

**မြန်မာအစိုးရသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် မီဒီယာကဏ္ဍအား အပြောင်းအလဲဖြစ်အောင် လုပ်ဆောင်ပြနိုင်ခဲ့ဟု အရှေ့တောင်အာရှဆိုင်ရာ မီဒီယာအကဲဖြတ်သုံးသပ်သူ Mr.Kavi Chongkittavorn ချီးကျူး**

စာမျက်နှာ-၃

**ပိုလီယိုအရိုင်းပိုးပပျောက်ပြီးသော မြန်မာနိုင်ငံတွင် အသွင်ပြောင်းပိုလီယိုတွေ့ရှိခြင်းအပေါ် သတင်းစာရှင်းလင်း**

စာမျက်နှာ-၉




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## စက်မှုကဏ္ဍကိုမြှင့်တင်မည့် လျှပ်စစ်စွမ်းအား

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်းက လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရုန်းကန်လှုပ်ရှားခဲ့ရသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လွန်ခဲ့သော ငါးနှစ်ကျော်အတွင်း လျှပ်စစ်မီးမရဘဲ အမှောင်အတိဖြစ်ခဲ့ရသည့် မြို့ရွာအများအပြား ရှိခဲ့ဖူးသည်။ လျှပ်စစ်မီးရရှိသည့်တိုင်အောင် မီးကိုအပြည့်အဝ မသုံးနိုင်ခဲ့ကြပါ။ မြို့ကြီး ပြကြီးများ၌ပင် မီးပျက်မှု ကြိမ်ဖန်များစွာကြုံခဲ့ရသည်။ လျှပ်စစ်ဓာတ်အားကို အားကိုးသောစက်မှုလက်မှုလုပ်ငန်းများ လျှပ်စစ်ဓာတ်အားစွမ်းအားပြည့်မရရှိသဖြင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲဖြစ်ခဲ့ရပါသည်။

ယခုအခါ ရေအားလျှပ်စစ်စီမံကိန်းများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာကာ မြို့ကြီး ပြကြီးများ၌ အချိန်ပြည့်နီးပါး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ စက်မှုလက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ပြီ ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှု ရှိလာသည်နှင့်အမျှ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးမှု အားကောင်းလာပါသည်။ တစ်ချိန်က လျှပ်စစ်စွမ်းအားပြည့်မရဘဲ မီးလေးမှိတ်တုတ်မှိတ်တုတ်ဖြင့် နေခဲ့ရသည့် တောင်တန်းဒေသ ပြည်နယ်များတွင်ပင် လျှပ်စစ်ဓာတ်အားလိုင်းများ တောင်အသွယ်သွယ် တောအထပ်ထပ်ကို ဖြတ်ကျော်၍ တိုးချဲ့သွယ်တန်းထားနိုင်ခဲ့သဖြင့် မြို့ပြများသာမက ကျေးရွာဒေသများအထိ ဆီမီးတထိန်ထိန်ဖြင့် ညအလှသဘာဝကို သရုပ်ဖော်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

အချိုပေါ် သကာဆင့်ဆိုသလို ဓာတ်အားလိုအပ်ချက်ကို ထပ်လောင်းဖြည့်ဆည်းပေးနိုင်မည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကြီးကို ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် အောင်မြင်စွာ တက်ရောက်၍ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဤရေအားလျှပ်စစ်စီမံကိန်းသည် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းခန့်ကို နိုင်ငံတော်မဟာဓာတ်အား ကွန်ရက်စနစ်အတွင်း ပို့လွှတ်သွားနိုင်တော့မည် ဖြစ်ပါသည်။

သို့သော် ယခုအခါ ခေတ်မီတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားကို အသုံးပြုလည်ပတ်ရသည့် စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်အသစ်များ တိုးတက်လာခြင်း၊ တိုးတက်လာသော လူဦးရေနှင့် ခေတ်မီဖွံ့ဖြိုးလာသော နည်းပညာများအရ လျှပ်စစ်ဓာတ်အားကို မြို့ရောကျေးလက်ပါမကျန် အသုံးပြုမှုမြင့်မားလာခြင်းတို့ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးလာနေပါသည်။ မြန်မာနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် ၂၃၅၉၄ မဂ္ဂါဝပ် အထိ ရှိလာမည်ဖြစ်ပါသည်။ ယင်းတို့အနက် ၈၉၆၅ မဂ္ဂါဝပ်ကို ရေအားလျှပ်စစ်စီမံကိန်းများမှ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် ကီလိုဝပ်နာရီ ၁၁၄၀၆ ဒသမ ၇၆ သန်းအထိ သုံးစွဲနိုင်ပြီဖြစ်ပါသည်။ ထပ်မံ၍လည်း ရေအားလျှပ်စစ်စီမံကိန်းများနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစီမံကိန်းများ ကာလဒေသနှင့်လျော်ညီစွာ တိုးချဲ့ဆောင်ရွက်နေသည့်အတွက် မကြာသောနှစ်များအတွင်း အများပြည်သူတို့၏ ဓာတ်အားလိုအပ်ချက်များ ထပ်ဆောင်းဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အသားပိဿာ ၁၁၉၃ သန်းကျော် ထုတ်လုပ်နိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီက ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဧပြီလမှ နိုဝင်ဘာလအထိ အသားထုတ်လုပ်မှု ပိဿာ ၁၁၉၃ ဒသမ ၉၉၃ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး နို့စားနွားနှင့် ခိုင်းနွားများ တိုးပွားလာစေရန်နှင့် ထုတ်လုပ်မှု တိုးတက်လာစေရန် မျိုးရည်ခဲချောင်းများဖြင့် မျိုးမြှင့်တင်ပေးနိုင်မှုအနေဖြင့် နွား ၁၈၃၁၅ ကောင် ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်နိုင်မှုအပေါ် စီမံကိန်းပြည့်မီကျော်လွန်အောင်ဆောင်ရွက်ရန်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာ ဈေးကွက်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ပျားရည်တန် ၇၆၀ တင်ပို့နိုင်ခဲ့၍ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းရန်၊ ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဧပြီလမှ နိုဝင်ဘာလအထိငါးသားပေါက်ကောင်ရေ ၄၈၀ ဒသမ ၃၆၅ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး မျိုးစိုက်ထည့်မှုအနေဖြင့် ကောင်ရေ ၆၁ ဒသမ ၅၆၅ သန်း၊ ရေထွက်ပစ္စည်းပြည်ပတင်ပို့နိုင်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၃၉၂ သန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ် ၂၈၂ မြို့နယ်မှကျေးရွာပေါင်း ၃၄၅၀ တွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကမ္ဘာ့ဘဏ်နှင့်အီတလီ အစိုးရတို့၏ ရန်ပုံငွေကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းကိုလည်း မူလသတ်မှတ်ထားသည့် မြို့နယ် ၁၅ မြို့နယ်အပြင် မြို့နယ် ၆၄ မြို့နယ်၌ တိုးချဲ့ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားမှုများအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ကျေးလက်လမ်း ၈၀ မိုင် ၃ ဒသမ ၂၄ ဖာလုံ၊ ကျေးလက်တံတားအစင်း ၁၅၀၊ ရေတွင်း၊ ရေကန်များပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ၅၈၇၂ ခုကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## မိုင်းဆတ်၌ လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့က ကြီးမှူး၍ လူကုန်ကူးမှုပပျောက်ရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက မယ်ဆတ်ကျေးရွာအုပ်စု နားကောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ကျော်ဝေအောင်က မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုအကြောင်းကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းဝင်းရွှေက လူကုန်ကူးမှုနှင့် လူမှောင်ခိုခြားနားချက်များအကြောင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းကြည်အေးက လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးခံရတတ်ပုံနှင့် လူကုန်ကူးမခံရအောင် သတိပြုရမည့်အချက်များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှုအသိပညာပေး နံရံကပ်စာစောင်များအား တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ထို့အတူ မွန်းလွဲ ၁ နာရီက ကျဒယ်ကျေးရွာအုပ်စု၊ ကျဒယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌လည်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**






## ဗုဒ္ဓသာသနာတော်ရွတ်ဆိုပြိုင်ပွဲကျင်းပ

**ပြည် ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ပန်းတောင်းမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် ဗုဒ္ဓသာသနာတော်ရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလပထမပတ်က ရွှေဘုံသာမုနိဘုရားရှိ သန္တိသုခဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဗုဒ္ဓသာသနာတော်ရွတ်ဆိုပူဇော်ပွဲကြီးတွင် စုစုပေါင်း ဝတ်အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ရာ ဆုရရှိသည့် ဝတ်အသင်းများကို တိုင်းဒေသကြီး သာသနာရေးမှူးရုံးခွဲ (ပြည်) လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြင့်နိုင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၉၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၆၈ ကျပ် |
| အောက်တိန်း၉၂ | ၅၆၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၉.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၇.၆၃ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၄၃၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆.၀၄ |

ခင်ရတနာ-စုစည်းသည်။

# အသွင်ပြောင်းပိုလီယိုပိုးရပ်စ်ပိုး တွေ့ရှိမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနက ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

**မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသအတွင်း ပိုလီယိုရောဂါကင်းစင်ပပျောက်ရေးအတွက်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာနသည် ပိုလီယိုရောဂါကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းနှင့် လတ်တလော ပျော့ခွေအကြောသေရောဂါလက္ခဏာစု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတို့ကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။**

ပိုလီယိုပပျောက်ရေးလုပ်ငန်း၏ နည်းဗျူဟာတစ်ရပ်ဖြစ်သော လတ်တလော ပျော့ခွေအကြောသေရောဂါ လက္ခဏာစုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လတ်တလောပျော့ခွေအကြောသေရောဂါ လက္ခဏာဖြစ်ပွားသော ကလေးနှစ်ဦးအား ၂၀၁၅ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလအတွင်း တွေ့ရှိခဲ့ပြီး ဓာတ်ခွဲစစ်ဆေးချက်အရ အသွင်ပြောင်း ပိုလီယိုပိုးရပ်စ်ပိုး (c VDPV 2) တွေ့ရှိရသဖြင့် အခြားသူများသို့ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ဒေသအတွင်း ရောဂါထိန်းချုပ်နိုင်ရေးနှင့် အခြားဒေသများသို့ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အသက်(၅နှစ်) အောက် ကလေးများအား အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်နှင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ခြေရှိသော အခြားတိုင်းဒေသကြီး/ပြည်နယ် လေးခုရှိ မြို့နယ် ၁၅ မြို့နယ်၌ ပထမအကြိမ်အဖြစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့နှင့် ညှိနှိုင်း၍ ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုမှလည်း ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးမောင်မောင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်စန္ဒာဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဦးထွန်းအုံအား အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာအစိုးရသည် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် မီဒီယာကဏ္ဍအား အပြောင်းအလဲဖြစ်အောင်လုပ်ဆောင်ပြနိုင်ခဲ့ဟု အရှေ့တောင်အာရှဆိုင်ရာ မီဒီယာအကဲဖြတ်သုံးသပ်သူ Mr. Kavi Chongkittavorn ချီးကျူး



**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာအစိုးရသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် မီဒီယာကဏ္ဍအား အပြောင်းအလဲဖြစ်အောင် လုပ်ဆောင်ပြနိုင်ခဲ့ဟု အရှေ့တောင်အာရှဆိုင်ရာ မီဒီယာအကဲဖြတ်သုံးသပ်သူ Mr. Kavi Chongkittavorn က ချီးကျူးပြောဆိုသည်။

**"New Dynamics in Myanmar Media"** ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ၌ Mr. Kavi Chongkittavorn က အဖွင့်အမှာစကားပြောကြားစဉ် ယင်းသို့ ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။



**မြန်မာသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လေး အမှာစကားပြောကြားစဉ်။**

အဆိုပါညီလာခံ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသားဆိုင်ရာ မီဒီယာများအနေဖြင့် ပြည်တွင်း၌ ရေးသားဖြန့်ချိထုတ်ဝေနေကြသည်မှာ ၄၆ ခု အထိ ရှိနေကြပြီဖြစ်ကြောင်း၊ လာမည့် ၂၀၁၆ ခုနှစ် ဧပြီလတွင် စတင်မည့် ဘဏ္ဍာနှစ်၌ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် တိုင်းရင်းသားဘာသာစကား ရှစ်မျိုးဖြင့် သတင်းစာထုတ်ဝေမည်ဖြစ်ကြောင်း၊ လေးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် မီဒီယာပြုပြင်ပြောင်းလဲမှု၏ အကျိုးရလဒ်များအား ပြီးခဲ့သည့် နိုဝင်ဘာ ရွေးကောက်ပွဲ၌ မီဒီယာများ၏ ဆောင်ရွက်ခဲ့မှုအပေါ်တွင် တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**



**အရှေ့တောင်အာရှ ဆိုင်ရာ မီဒီယာ အကဲဖြတ်သုံးသပ်သူ Mr. Kavi Chongkittavorn အမှာစကားပြောကြားစဉ်။**

ဆက်လက်၍ မြန်မာသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်နှင့် ဗဟိုပြန်ကြားရေးအဖွဲ့ဝင် ဦးအောင်ရှင်နှင့် ယူနက်စကို မြန်မာရုံး၏ ဌာနေကိုယ်စားလှယ် Sardar Umar Alam တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အရှေ့တောင်အာရှဆိုင်ရာ မီဒီယာ အကဲဖြတ်သုံးသပ်သူ Mr.Kavi Chongkittavorn က ယခုအချိန်သည် မြန်မာ့မီဒီယာလောက အတွက် ဂုဏ်ယူဝမ်းမြောက်စကား ပြောကြားရမည့် အချိန်ဖြစ်ကြောင်း၊ မြန်မာ့မီဒီယာများသည် ကြီးမားသော စိန်ခေါ်မှုများကို ကျော်လွှား လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အစိုးရသည် တိုင်းရင်းသားလူမျိုးစုဒေသများသို့ သတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး မီဒီယာပြုပြင်ပြောင်းလဲမှုကို လေးနှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်ကိုတွေ့မြင်ရကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအပြီး မြန်မာသတင်းမီဒီယာများ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး **"post media မှာ ကဏ္ဍလေးခုရှိပါတယ်။ နံပါတ်(၁)က မြန်မာမီဒီယာတွေအနေနဲ့ ရွေးကောက်ပွဲပြီးတဲ့အခါမှာ တံတားတည်ဆောက်သူတွေလို တစ်ဆင့်ချင်းလုပ်ဆောင်သွားဖို့နဲ့ မယုံကြည်မှုတွေ ပယ်ဖျောက်ထားဖို့လိုပါတယ်။ နံပါတ်(၂)ကတော့ မီဒီယာတွေက ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေကို ထိန်းသိမ်းပေးထားပြီး ငြိမ်းချမ်းရေးအတွက်၊ ဒီမိုကရေစီအတွက် အချိန်ကြာမယ်ဆိုတာကို ရှင်းပြပေးနိုင်ဖို့လိုတယ်။ နံပါတ်(၃)အနေနဲ့ မြန်မာနိုင်ငံမှာ သတင်းရေးစရာတွေများတယ်။ ငြိမ်းချမ်းရေး၊ အကျင့်ပျက်ချစားမှု၊ အမျိုးသားရင်ကြားစေ့ရေးစတာတွေ အများကြီးရေးလို့ရနေပါတယ်။ ဂျာနယ်လစ်တွေအနေနဲ့ အမျိုးသားအဆင့်အတွက် အနာဂတ်အမြင်တွေ၊ အစီအစဉ်တွေကို ရှာဖွေရေးသားဖို့ လိုအပ်မှာဖြစ်တယ်။ (၄)မီဒီယာတွေအနေနဲ့ ကိုယ့်ရဲ့ ဆောင်ရွက်နိုင်တာကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ဖို့နဲ့ အနာဂတ်အစိုးရက မီဒီယာကို လေးစားလာအောင်၊ လွတ်လပ်မှုကို ပိုတည်ဆောက်နိုင်အောင် လုပ်ပြဖို့ လိုအပ်ပါတယ်"ဟု ကဏ္ဍလေးခုခွဲ၍ မြန်မာမီဒီယာအပေါ် ထောက်ပြအကြံပြုခဲ့သည်။**

စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ပထမနေ့)၌ ဒီမိုကရက်တစ်အသွင်ဖော်ဆောင်ပေါ်ထွန်းလာမည့် မီဒီယာ၊ ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲအတွင်း သတင်းမီဒီယာများ၏ လုပ်ဆောင်မှုများအား ပြန်လည်သုံးသပ်ခြင်း၊ ရုပ်သံမီဒီယာများ ကျယ်ပြန့်စွာ ပေါ်ထွန်းလာခြင်းကြောင့် ဖြစ်ထွန်းလာမည့် အခြေအနေသစ်များ၊ မြန်မာမီဒီယာနှင့် ကျား/မရေးရာ မြန်မာနိုင်ငံမှ ဖြစ်စဉ်များ၊ အရှိန်အဟုန်ပြင်းစွာ ပေါ်ထွန်းလာသော လူမှုကွန်ရက်မီဒီယာ အစရှိသည့် ကဏ္ဍငါးခုကို ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က "၂၀၁၂ ခုနှစ်ကစပြီး ၂၀၁၃ ခုနှစ်အထိ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပေါင်းပြီး မီဒီယာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းဆိုတာ ပုဂ္ဂလိကမီဒီယာတွေနဲ့ နိုင်ငံပိုင်မီဒီယာတွေမှာ စာနယ်ဇင်းဆိုင်ရာ အတတ်ပညာတွေ ပြည့်ဝဖို့ လုပ်တာရှိတယ်။ ကျင့်ဝတ်ပိုင်းဆိုင်ရာတွေ ရှိတယ်။ တိုင်းရင်းသားမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ခဲ့တာရှိတယ်။ ဒါတွေဟာ လွန်ခဲ့တဲ့သုံးနှစ်အတွင်း ကျွန်တော်တို့ လုပ်ခဲ့တာတွေကို ပြန်သုံးသပ်ပြီး နောက်လာမယ့်အစိုးရက နောင်ငါးနှစ်အတွင်း ဘာတွေလုပ်သင့်တယ်ဆိုတာကို ပြန်သုံးသပ်နိုင်မှာပါ။ ကျွန်တော်တို့က ပြန်ကြားရေးဝန်ကြီးအသစ်ကို တာဝန်လွှဲတဲ့အခါမှာ ဒီဟာတွေ ဆက်လုပ်ဖို့ရှိတယ်ဆိုတာကို ပြောခဲ့မှာပါ။ ကျွန်တော်တို့က MoU တွေကို အစိုးရသက်တမ်းနဲ့ချိန်ညှိပြီး သုံးနှစ်နဲ့ လက်မှတ်ထိုးခဲ့တာတွေ ရှိတယ်။ ဒီလို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ထားတဲ့ MoU တွေကို အစိုးရသစ်အနေနဲ့ သက်တမ်းတိုးမတိုးကို ဆက်လက်စဉ်းစားရမှာပါ။ အရင်က ဒီညီလာခံကို စက်တင်ဘာလမှာ ကျင်းပခဲ့ပေမယ့် ဒီနှစ်မှာ နောင်ပေါ်ပေါက်လာမယ့် အစိုးရအနေနဲ့ နိုင်ငံတကာရဲ့အမြင်တွေကို နားထောင်လို့ရအောင် အခုလို ဒီဇင်ဘာလမှာ ပြောင်းလဲကျင်းပခဲ့တာပါ"ဟု ပြောသည်။

စတုတ္ထအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ(ဒုတိယနေ့)ကို ဒီဇင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ညီလာခံ ဒုတိယနေ့တွင် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့်မှ ပိုမိုကောင်းမွန်သော လူမှုအသိုက်အဝန်းဆီသို့၊ ရပ်ရွာအခြေပြု မီဒီယာများမှ ထွက်ပေါ်လာသည့် ရပ်ရွာလူထု၏အသံ၊ အားကောင်းသည့် မီဒီယာအသံများ လုံခြုံမှုရှိစေရန် ကာကွယ်ခြင်း၊ ဖြစ်ထွန်းလာမည့် တိုင်းရင်းသားမီဒီယာအခင်းအကျင်းနှင့် စိန်ခေါ်မှုများနှင့် မြန်မာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများ၊ အတွေ့အကြုံနှင့် ရှေ့ဆက်မည့်လုပ်ငန်းစဉ်များ အစရှိသည့် ကဏ္ဍ ၁၀ ခုကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

တတိယအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့က "Moving towards a sustainable media environment" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သည်။

**သတင်း**
**ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# နိုင်ငံကာကွယ်ရေး နျူကလီးယားပုံးသုံးရန် အသင့်ရှိကြောင်း မြောက်ကိုရီးယားထိပ်တန်းခေါင်းဆောင် ပြောကြား



**ပြုံယမ်း ဒီဇင်ဘာ ၁၀**

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ (ဒီပီအာရ်ကေ)ထိပ်တန်းခေါင်းဆောင်က မြောက်ကိုရီးယားနိုင်ငံသည် စွမ်းအားပြည့်နျူကလီးယားလက်နက်နိုင်ငံအဖြစ်ပြောင်းလဲပြီး အက်တမ်ဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးတို့ကို အချုပ်အခြာအာဏာ ကာကွယ်ထိန်းသိမ်းရန်အတွက် အသုံးပြုရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း နိုင်ငံပိုင်ကေစီအင်န်အေ သတင်းအေဂျင်စီက ဒီဇင်ဘာ ၉ ရက်က ဖော်ပြခဲ့သည်။

ဒီပီအာရ်ကေ ခေါင်းဆောင်ကင်မ်က နျူကလီးယားဗုံးများသည် နိုင်ငံကိုကာကွယ်ရန်နှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်ဖြစ်ကြောင်း နိုင်ငံမြောက်ပိုင်းရှိ တော်လှန်ရေးပြတိုက်သို့ သွားရောက်လည်ပတ်စဉ် ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ၎င်း၏ဟိုက်ဒရိုဂျင်ဗုံး အောင်မြင်စွာစမ်းသပ်ခြင်းကို အတည်မပြုသေးပေ။

မြောက်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စုကို စားပွဲဝိုင်းဆွေးနွေးပွဲသို့ ပြန်လည်ဆောင်ကြဉ်းရန် ကြိုးစားသောအားဖြင့် ၎င်း၏နျူကလီးယားနည်းပညာကို အဆင့်မြှင့်နေကြောင်း အင်န်အိတ်ချ်ကေသတင်းထောက်တစ်ဦးက ပြောခဲ့သည်။

ကိုရီးယားစစ်ကို အဆုံးသတ်စေမည့်ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ဖြင့် ဆွေးနွေးမှုပြုလုပ်ရန် အမေရိကန်ကို မြောက်ကိုရီးယားက ထပ်ကာတလဲလဲ တိုက်တွန်းလျက်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)



# ကန်ဒါဟာလေဆိပ် လျှပ်တစ်ပြက်တိုက်ခိုက်ခံရမှု တာလီဘန် ၁၁ ဦး သေဆုံးကြောင်းအတည်ပြု

**ကန်ဒါဟာ ဒီဇင်ဘာ ၁၀**

ဗုဒ္ဓဟူးနေ့က ကန်ဒါဟာလေဆိပ်တိုက်ခိုက်မှု ဖြစ်ပွားပြီး ၂၄ နာရီကျော်အကြာတွင် တာလီဘန်အကြမ်းဖက်သမား ၁၁ ဦး သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အဆိုပါတိုက်ပွဲကြောင့် အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် သေဆုံးသူ ၅၀ အထိ ရှိသွားပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံသို့ရောက်ရှိနေသော သမ္မတ အက်ရှ်ရပ်ဂါနီက ပါကစ္စတန်အား ယခုနှစ်အစောပိုင်းက ပျက်ပြယ်သွားခဲ့သော တာလီဘန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်စတင်ရန် တောင်းဆိုသည့်ဒေသဆိုင်ရာ ငြိမ်းချမ်းရေးကွန်ဖရင့်ကျင်းပချိန်နှင့် အာဖဂန်လေဆိပ်များအနက် အကြီးဆုံးထဲမှ တစ်ခုဖြစ်သည့် အဆိုပါလေဆိပ်တိုက်ခိုက်မှုတို့ တိုက်ဆိုင်လျက်ရှိနေသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း အရပ်သား ၃၈ ဦး၊ တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ရဲအရာရှိနှစ်ဦး သေဆုံးခဲ့ပြီး လုံခြုံရေးနှင့် အရပ်သား ၃၇ ဦး ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။ တာလီဘန်များက အင်္ဂါနေ့ညနေပိုင်းတွင် ကန်ဒါဟာလေဆိပ်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ အရပ်သားများအား ထိခိုက်မည်ကိုစိုးရိမ်ရ၍ လုံခြုံရေးတပ်များက အကန့်အသတ်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရသည်ဟု ဆိုသည်။

(ရိုက်တာ)

# တရုတ်ဆက်သွယ်ရေး ဂြိုဟ်တုသစ်တစ်လုံးကို လွှတ်တင်

**ရှီချန် ဒီဇင်ဘာ ၁၀**

တရုတ်နိုင်ငံသည် ဒီဇင်ဘာ ၉ ရက် နံနက်ပိုင်းက ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်လုံးကို တရုတ်နိုင်ငံအနောက်တောင်ရှိ ရှီချန်ဒုံးလွှတ်တင်ရေးစခန်းမှ ဂြိုဟ်ပတ်လမ်းထဲသို့ လွှတ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ChinaSat 1C ဟုအမည်ပေးထားသော အဆိုပါဂြိုဟ်တုကို ဂြိုဟ်တုသယ်ဆောင်ယာဉ် Long March-3B ဒုံးပျံဖြင့် နံနက် ၁၂ နာရီ ၄၆ မိနစ်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။ ယင်းဂြိုဟ်တုသည် အရည်အသွေးပြည့်ဝသော အသံစနစ်၊ အချက်အလက်၊ ရေဒီယိုနှင့် တီဗွီထုတ်လွှင့်ခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။

ယင်းဂြိုဟ်တုကို တရုတ်အာကာသနည်းပညာအကယ်ဒမီမှ ပြုလုပ်ထားပြီး တရုတ်ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီမှ ပိုင်ဆိုင်ကြောင်း သိရသည်။ ဒီဇင်ဘာ ၉ ရက်က ဂြိုဟ်တုလွှတ်တင်ခြင်းသည် တရုတ်အာကာသ သိပ္ပံနှင့်နည်းပညာကော်ပိုရေးရှင်းမှထုတ်လုပ်သော ဂြိုဟ်တုသယ်ဆောင်ယာဉ် Long March ဒုံးပျံမျိုးဆက်၏ အကြိမ် ၂၂၀ မြောက် ဂြိုဟ်တုလွှတ်တင်ခြင်းဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)



# သက်ကြီးအလုပ်သမား အရှေ့အာရှတွင် ၁၅ ရာခိုင်နှုန်း ကျဆင်းနိုင်

**ပေကျင်း ဒီဇင်ဘာ ၁၀**

အရှေ့အာရှတွင် အလယ်အလတ်ဝင်ငွေရသော စီးပွားရေးလုပ်ငန်းများ၌ အလုပ်လုပ်နေသူ အရေအတွက်သည် ၂၀၄၀ ပြည့်နှစ်ရောက်သည့်အခါ ၁၅ ရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

အရှေ့အာရှဒေသသည် အခြားဒေသများထက် အသက်အရွယ်ကြီးသူ များပြားလာနေကြောင်း၊ အသက် ၆၅ နှစ်အရွယ် ကမ္ဘာ့လူဦးရေ၏ ၃၆ ရာခိုင်နှုန်းရှိကြောင်း၊ သို့သော်လည်း ၂၀၄၀ အရောက်တွင် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားသည် တောင်ကိုရီးယားတွင် ၁၅ ရာခိုင်နှုန်းကျော်နှင့် တရုတ်၊ ထိုင်းနှင့်ဂျပန်တို့တွင် ၁၀ ရာခိုင်နှုန်း လျော့ကျသွားနိုင်ပြီး ဤကဲ့သို့လျော့ကျလာခြင်းမှာ မွေးဖွားမှုနှုန်း လျော့ကျခြင်းနှင့် လူ့သက်တမ်းများ တိုးတောင်းလာသည့်အတွက်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

(ရိုက်တာ)



# ရာမာဒီမြို့ပြန်သိမ်းရေး အမေရိကန်က တိုက်ခိုက်ရေးရဟတ်ယာဉ်များ စေလွှတ်ရန်အသင့်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၀**

အိုင်အက်စ်တို့လက်အောက် ကျရောက်ခဲ့ရသော ရာမာဒီမြို့ကို ပြန်လည်သိမ်းပိုက်ရေး အီရတ်တို့ စစ်ကူတောင်းလာပါက အကြံပေးတပ်နှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များ စေလွှတ်ပေးပို့ သွားရန်စီစဉ်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ဗုဒ္ဓဟူးနေ့တွင် ပြောဆိုလိုက်သည်။

အီရတ်နှင့်ဆီးရီးယားကို ထိန်းချုပ်ထားသော အိုင်အက်စ်စစ်သွေးကြွများအား အရှိန်မြှင့်တင်တိုက်ခိုက်ရန် အမေရိကန်က ပြင်ဆင်နေချိန် ဝန်ကြီးကာတာ၏ အဆိုပါမှတ်ချက်ထွက်ပေါ်လာသည်။

အိုင်အက်စ်တို့က ဘဂ္ဂဒက်အနောက်ဘက်မနီးမဝေးရှိ ပြည်နယ် မြို့တော်ရာမာဒီကို ပြီးခဲ့သည့်နှစ်ကတည်းက သိမ်းပိုက်ထားသည်။ ရာမာဒီမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့မည်ဆိုလျှင် အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီအတွက် ကြီးမားသော အောင်ပွဲတစ်ရပ်ဖြစ်လာလိမ့်မည်ဟု ဆိုသည်။

အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့ကို ပြန်လည်သိမ်းယူသင့်ပြီဖြစ်ကြောင်း ဝန်ကြီးကာတာက လွှတ်တော်လက်နက်ကိုင်တပ်ဖွဲ့ရေးရာ ကော်မတီအစည်းအဝေးတွင် ပြောကြားသည်။

အီရတ်တို့အနေဖြင့် အဆိုပါမြို့ကို ပြန်သိမ်းယူရေး စစ်ကူတောင်းလာလျှင် တိုက်ခိုက်ရေးရဟတ်ယာဉ်နှင့် အကြံပေးတပ်ဖွဲ့ဝင်များ စေလွှတ်ရန်အသင့်ပြင်ထားကြောင်း ကာတာက ထပ်လောင်းပြောဆိုသည်။

(ရိုက်တာ)

# ရုံးဌာန၌ ဒုဦးစီးမှူးရာထူးရမည်ဟု ငွေကျပ်သိန်း ၃၀ လိမ်ညာတောင်းခံခဲ့သူ မြို့နယ်ထွေ/အုပ်ရုံးမှ အငယ်တန်းစာရေးကို အမှုဖွင့်တိုင်ကြား

**ဂန့်ဂေါ ဒီဇင်ဘာ ၁၀**

ရုံးဌာနတစ်ခုတွင် ဒုဦးစီးမှူးရာထူးရမည်ဟုပြောဆိုကာ ငွေကျပ်သိန်း ၃၀ ကို လိမ်လည်တောင်းယူခဲ့သူ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ အငယ်တန်းစာရေး တစ်ဦးကိုတိုင်ကြားခဲ့မှု ဒီဇင်ဘာ ၈ ရက်က ဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် လာဘို့ကျေးရွာနေ တရားလို မခင်ဝင်းနွယ် အသက် (၂၉ နှစ်) သည် ဇန်နဝါရီ ၁၉ ရက်က နေအိမ်တွင်ရှိနေခိုက် တစ်ရွာတည်းနေထိုင်ခဲ့ပြီး ရင်းနှီးခဲ့သူ ဇော်မင်းထွန်း မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အငယ်တန်းစာရေး (အသက်၊ နေရပ်လိပ်စာစုံစမ်းဆဲ) မှ ဖုန်းဖြင့်ဆက်သွယ်၍ ရုံးဌာနတွင် ဒုဦးစီးမှူး ရာထူးရမည်၊ ငွေသိန်း ၃၀ ပေးရမည်၊ အလုပ်မရလျှင်လည်း သွင်းထားသောငွေအား ပြည့်ဝစွာပြန်လည်ပေးအပ်မည်ဟု ပြောဆိုခဲ့သောကြောင့် သွားရောက်စကားပြောဆိုခဲ့ပြီး အဆင်မပြေသဖြင့် ပြန်လာခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဇော်မင်းထွန်းက ဒုဦးစီးမှူးရာထူး သေချာစွာရရှိမည်ဟု ပြောဆိုခဲ့သောကြောင့် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီ၌ မကွေးမြို့ အောင်စေတနာရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်၌ မခင်ဝင်းနွယ်က ညီမဝမ်းကွဲတော်သူ မစောနုထွေးရှေ့တွင် ဇော်မင်းထွန်းထံ ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဧပြီ ၄ ရက်တွင် မစောနုထွေး၊ မခင်မေလွင်နှင့် ဦးဇော်မင်းဦးတို့ရှေ့၌ ငွေကျပ် ၁၅ သိန်းကို ဇော်မင်းထွန်းထံ အဆိုပါလက်ဖက်ရည်ဆိုင်၌ပင် ဆက်လက်ပေးအပ်ခဲ့ပြီးနောက် ဇော်မင်းထွန်းက မခင်ဝင်းနွယ်အား အလုပ်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိခဲ့သဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ငွေပြန်လည်တောင်းခံခဲ့ရာ ဇော်မင်းထွန်းက စက်တင်ဘာ ၁၅ ရက်တွင် ငွေပြန်လည်ပေးမည်ဟု ကတိပြုခဲ့သော်လည်း အကြိမ်ကြိမ်တောင်းခဲ့ရာတွင် ယနေ့အချိန်ထိ ပြန်လည်ပေးအပ်ခဲ့ခြင်း မရှိသောကြောင့် အလုပ်ရမည်ဆိုကာ ငွေကျပ်သိန်း ၃၀ ကို လိမ်လည်ရယူခဲ့သူ ဇော်မင်းထွန်းကို အရေးယူပေးရန် ဒီဇင်ဘာ ၈ ရက်တွင် မခင်ဝင်းနွယ်က တရားလိုပြုတိုင်ကြားခဲ့သောကြောင့် မကွေးမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# မြိတ်မြို့၌ မိသားစုဝင် ၁၀ ဦး ရွှေဖရုံသီးဟင်းနှင့် အမဲအူပြုတ်သုပ်စားရာမှ အစာအဆိပ်သင့်

မြိတ် ဒီဇင်ဘာ ၁၀

**မြိတ်မြို့ ဈေးခေါင်း (၁) လမ်း ဈေးတန်းရပ်ကွက်တွင် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီခန့်က တစ်အိမ်တည်းနေ မိသားစုသုံးစုမှ ကလေး၊ လူကြီး ၁၀ ဦးခန့်သည် နေအိမ်တွင် ရွှေဖရုံသီးဟင်းနှင့် အမဲအူပြုတ်သုပ်စားရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မြိတ်မြို့ ဈေးတန်းရပ်ကွက် ဈေးခေါင်း (၁) လမ်းနေ ဒေါ်လူကီယာ (၆၅နှစ်) မိသားစု၊ ဒေါ်အေးအေးခိုင် (၃၄ နှစ်)မိသားစုနှင့် မစိုးလှပြည့်(၂၅ နှစ်) မိသားစုပါ တစ်အိမ်တည်းနေ မိသားစုသုံးစုမှ ကလေး၊ လူကြီး ၁၀ ဦးတို့သည် ဒီဇင်ဘာ ၉ ရက် ညနေ ၆ နာရီခွဲခန့်က နေအိမ်၌ ရွှေဖရုံသီးဟင်းနှင့် အမဲအူပြုတ်သုပ်စားခဲ့ရာမှ ဒီဇင်ဘာ ၁၀ ရက် နံနက် ၁ နာရီခွဲခန့်မှစ၍ နေအိမ်၌ တစ်မိသားစုလုံး မူးဝေအော့အန်ပြီး အထက်လှန်အောက်လျှောဖြစ်၍ မြိတ်ပြည်သူ့ဆေးရုံကြီးသို့ ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်မှုဖြစ်ပွားမှုကြောင့် ဒေါ်လူကီယာ၊ ဒေါ်အေးအေးခိုင်၊ မစိုးလှပြည့်နှင့် မောင်ရန်နိုင်စိုးတို့မှာ မြိတ်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး မောင်ထူးဝေလျံ၊ မောင်ရဲဝင်းဇော်၊ မောင်ရဲလင်းထက်၊ မအိအိ၊ မဇင်ဇင်ထွန်း၊ မဘုန်းပြည့်စံတို့သည် ကန်ခေါင်းရပ်ကွက်ရှိ မိခင်နှင့်ကလေးဆေးရုံတို့တွင် (မစိုးရိမ်ရ)ဖြင့် ဆေးဝါးကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်မှုဖြစ်ပွားသည့် မိသားစုဝင်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းနိုင်၊ မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဝင်းဇော်ဦးနှင့် ရပ်ကွက်/ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးလိုက်ပါ၍ မြိတ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုအားပေးစကားများပြောကြားခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လူနာ ၁၀ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သောင်း ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ကျောက်မျက်ပြပွဲ ဆက်လက်ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ပြသရောင်းချပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်ထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပလျက်ရှိရာ ပြပွဲကျင်းပ ရက်တိုင်း ကြည့်ရှုလေ့လာသူများ၊ တင်ဒါတင်သွင်းသူများနှင့် စည်ကားလျက်ရှိသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၁၇၅၁ မှ ၃၅၀၀ အထိ အတွဲပေါင်း ၁၇၅၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြီးခဲ့သည့် ဒီဇင်ဘာ ၉ ရက်က စုစုပေါင်း ငွေကျပ်သန်း ၁၆၉၀ ကျော် တန်ဖိုးရှိသည့် မြန်မာ့ကျောက်မျက်ရိုင်း ၇၅ တွဲ ရောင်းချခဲ့ရကြောင်း သိရသည်။

အလားတူ ကျောက်စိမ်းအတွဲပေါင်း ၁၇၅၀ကို ဒီဇင်ဘာ ၁၂ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၁၅၇၆ တွဲကို ဒီဇင်ဘာ ၁၃ ရက်တွင် လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# ယာဉ်တစ်စီးချောင်းထဲကျ၊ တစ်ဦးသေ

**ဇန်းမောက် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် မံလောင်ပေပင်အုပ်စု သရက်ကုန်းကျေးရွာတံတား မိုင်တိုင် (၇၄)အနီး အနက် ၁၅ ပေခန့်ရှိသည့် နန့်သောင်ချောင်းအတွင်းသို့ ဒီဇင်ဘာ ၇ ရက် ည ၈နာရီခန့်က လီဖန် 5L/ ---- ယာဉ်တစ်စီး နောက်ပြန်ဆုတ်ကျ တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသူ ခုနစ်ဦးအနက် ပေပင်ရွာနေ မမြင့်မြင့်ဦး အသက်(၂၀ နှစ်) သည် ၎င်းနေရာတွင်ပွဲချင်းပြီးသေဆုံးကာ ခြောက်ဦးမှာ ဒဏ်ရာများမရရှိခဲ့ကြောင်း သိရသည်။

မံစီကြီးရဲစခန်းမှ တာဝန်ရှိ ရဲအရာရှိတစ်ဦးက "ဇန်းမောက်ကနေ ရွှေမှော်ထဲကို ရွှေမျှောပစ္စည်းတွေသွားတိုက်မလို့ ထွက်လာတဲ့ကားပါ၊ ကားပေါ်မှာ ဘာပစ္စည်းမှ မတင်ဆောင်လာပါဘူး၊ ရွှေမှော်ထဲကို ဈေးရောင်းလာတဲ့ လူခုနစ်ဦးကို လမ်းကြုံလို့ တင်ပေးခဲ့တာပါ၊ ကားက နောက်ပြန်ဆုတ်ပြီးထိုးကျတာ၊ သေသွားတဲ့အမျိုးသမီးပေါင်ကို ကားကဖိထားတော့ ဆွဲထုတ်လို့မရဘူး၊ အဲ့ဒီချောင်းထဲမှာ ရေကလည်းရှိနေတော့ ရေမွန်းပြီးသေသွားတယ်၊ ကားမောင်းတဲ့သူကတော့ ဦးသန်းဝင်း (၃၅ နှစ်) ပါ၊ ဇန်းမောက်မြို့ မြနန္ဒာရပ်ကွက်ကပါ" ဟု ပြောသည်။

အဆိုပါကားမှာ သရက်ကုန်းကျေးရွာအနီး ချောင်းကူးတံတားကိုဖြတ်ကူးအပြီး တောင်အတက်တွင် နောက်ပြန်ဆုတ်ကာ ချောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းနှင်သူ ဦးသန်းဝင်း ဇန်းမောက်မြို့ မြနန္ဒာရပ်ကွက်နေသူမှာ တိမ်းရှောင်နေပြီး ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး မံစီကြီးရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး**

# တိုင်းဒေသကြီး ပြည်သူ့ဆေးရုံဝင်းအတွင်း ရင်ခွဲရုံဟောင်း မီးလောင်မှုဖြစ်ပွား

**မကွေး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ရင်ခွဲရုံဟောင်း အဆောက်အအုံကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က အမှိုက်ပုံမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါအဆောက်အအုံသည် သွပ်မိုး၊ အုတ်ကာ အလျားပေ ၄၀၊ အနံပေ ၂၀ ရှိ တစ်ထပ်အဆောက်အအုံ (ဆေးရုံကြီးကြပ်မှုကော်မတီပိုင်)ဖြစ်ကာ ရင်ခွဲရုံအဖြစ် နှစ် ၄၀ ခန့် အသုံးပြုခဲ့ပြီး အသုံးမပြုသည်မှာ ငါးနှစ်ခန့်ကြာပြီဖြစ်၍ ဆေးရုံမှစွန့်ပစ်ပစ္စည်းများကို စုပုံထားရှိခဲ့သည်။ မီးလောင်ကျွမ်းရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး တို့၏ ဦးဆောင်မှုဖြင့် မီးသတ်ယာဉ်ငါးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **သန်းနိုင်ဦး(ငဖဲ)**



# မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်မြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိကျင်းပမည့် AWEN **Forum on "ASEAN Women Entrepreneurs and the Regional Economy Ready for Action"** သို့တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အကြံပေး ဒေါ်ခိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဒေါ်နှင်းဝေ၊ အလုပ်အမှုဆောင် ဒေါ်အေးအေးရွှေနှင့် ဒေါ်ခင်ဥမ္မာမိုးတို့သည် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။ **(မြန်မာ့အလင်း)**


**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3G/5442 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2E-6596၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

**MERCEDES GL 550 (2007 MODEL) ရောင်းမည်**



သိန်း ၉၀၀

4500 CC၊ ခါတ်ဆီ၊ မိုင် ၆၀၀၀၀၊ 9E၊ အဖြူရောင်၊ 7Seater

ဆက်သွယ်ရန် 09974555466 / 0943021001

**ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၂၂၃၅ Honda Shandaw M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်မြင့် ၉/ပကခ(နိုင်)၀၄၀၇၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ အထက(၆) နဝမတန်း (ခ)မှ နန်းနုငယ်၏ ဖခင်အမည်မှန်မှာ ခွန်မောင်မြစိန် ၁၃/ဟပန(နိုင်)၀၀၆၅၄၀ ဖြစ်ပါကြောင်း။

**ခွန်မောင်မြစိန်**

မိမိတို့၏ ရာသီဖွားအလိုက် ထုတ်ဝေထားသည့် တစ်နှစ်တာ အိတ်ဆောင်ဗေဒင်စာအုပ် –

၂၀၁၆–ခုနှစ် **စံ-ကာလ-ဘို**

**၁၂–ရာသီဟောကိန်း**

ထွက်ပြီ

ပင်ရင်းဖြန့်ချိရေး
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း- ၄၀ (အထက်)၊ ရန်ကုန်မြို့၊
ဖုန်း- ၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉-၈၆၁၀၄၈၈၊ ၀၉ ၅၀၄၄၅၇၉

မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊
၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

# ဤခရီး နီးသလား

မောင်ငိုကာ

**ခရီးအစ**

**၂၀၁၁ ခုနှစ် လက်ရှိအစိုးရ စတင်တာဝန်ယူတဲ့အချိန်က မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်လုပ်ကိုင်ဖို့အတွက် ရှုပ်ထွေးတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ နားလည်ရခက်တဲ့ ကန့်သတ်ချက်တွေကို ဖြတ်သန်းရတဲ့ အခြေအနေနဲ့ စတင်ခဲ့တာပါ။ တချို့ လုပ်ထုံးလုပ်နည်းတွေ၊ ကန့်သတ်ချက်တွေဟာ ဥပဒေပြင်ပကို ရောက်ရှိနေခဲ့တာလည်း ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုထူထောင်ဖို့ နာမည်ရွေးတာကစပြီး အင်္ဂလိပ်လို အတိုကောက်စာလုံး သုံးခွင့်မပေးတာ၊ အင်္ဂလိပ်နာမည်ပေးလိုက်မိရင် မရမက မြန်မာလိုဘာသာပြန်ရတာ၊ ကိုယ်ပေးချင်တဲ့ နာမည်အတည်ပြုချက်ရဖို့ ခုနစ်ရက်မှ ၁၀ ရက်အထိ အချိန်ပေးရတာတွေဟာ ကုမ္ပဏီထောင်လိုတဲ့လုပ်ငန်းရှင် ပထမဆုံးရင်ဆိုင်ရတဲ့ စိတ်ပျက်ဖွယ်ကန့်သတ်ချက်တွေပါပဲ။**

ကုမ္ပဏီတွေကိုလည်း ရောင်းဝယ်ရေးလုပ်ငန်း၊ စက်မှုလက်မှုနဲ့ ထုတ်လုပ်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကျောက်မျက်လုပ်ငန်း၊ ဘဏ်လုပ်ငန်း စသည်ဖြင့် အမျိုးအစားတွေခွဲပြီး မတူတဲ့လုပ်ငန်း ထပ်လုပ်ချင်ရင် နောက်ထပ်ကုမ္ပဏီ ထပ်ထောင်ရတာတွေ၊ အမျိုးအစား တစ်ခုတည်းမှာတောင်မှ လုပ်ငန်းရည်ရွယ်ချက် ငါးမျိုးအထိသာ လုပ်ခွင့်ပေးပြီး လုပ်ငန်းရည်ရွယ်ချက် ထပ်တိုးချင်ရင် နောက်ထပ်ကုမ္ပဏီထပ်ထောင်ရတာတွေ၊ လုပ်ငန်းရှင်တစ်ယောက် ကုမ္ပဏီတစ်ခုခုမှာ ဒါရိုက်တာအဖြစ်ပါနေရင် လုပ်ငန်းတူ အခြားကုမ္ပဏီမှာဒါရိုက်တာလုပ်ခွင့်မပြုတာတွေစသည်ဖြင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေမှာ မပါတာတွေကို လုပ်ထုံးလုပ်နည်းတွေနဲ့ ကန့်သတ်ထားခဲ့ပြန်ပါတယ်။

ပိုဆိုးတာက ကုမ္ပဏီထောင်လိုတဲ့ နိုင်ငံသားတွေရဲ့ နောက်ကြောင်းရာဇဝင် အခြေအနေတွေကို ပြည်ထဲရေးဝန်ကြီးဌာနက စိစစ်ပြီးမှသာ ကုမ္ပဏီထောင်ခွင့်ပေးခဲ့တဲ့ အခြေအနေပါ။ အံ့ဩစရာ ကောင်းတာက မြန်မာနိုင်ငံမှာ ကုမ္ပဏီထောင်ချင်တဲ့ နိုင်ငံခြားသားကတော့ အလားတူ စိစစ်တာ မခံခဲ့ရပါဘူး။ ဒါ့အပြင် ကုမ္ပဏီတစ်ခု ထူထောင်ရင် ကုမ္ပဏီအမျိုးအစားအပေါ် မူတည်ပြီး အနည်းဆုံး မတည်ငွေရင်းကို လုပ်ငန်းအမျိုးအစားအပေါ် မူတည်ပြီး ကျပ်ငါး သန်းကနေ ၁၅ သန်း အထိ သတ်မှတ်ထားတဲ့အတွက် ငွေပင်ငွေရင်းနည်းတဲ့ လုပ်ငန်းရှင်လေးတွေ ကုမ္ပဏီမထောင်နိုင်တော့ဘဲ ပုံမှန်မဟုတ်တဲ့ စီးပွားရေးနယ်ပယ်ထဲကို ရောက်သွားခဲ့တာပါပဲ။

ကုမ္ပဏီတစ်ခု မှတ်ပုံတင်ဖို့ လုပ်ငန်းအဆင့်တွေက လိုအပ်တာထက် အဆမတန် ပိုမိုများပြားနေခဲ့ပြီး အချိန်ကလည်း သုံးလကနေ ခြောက်လလောက်အထိ ကြာမြင့်ပြန်ပါတယ်။ ဒီခရီးအစရဲ့ ရလဒ်ကတော့ ကမ္ဘာ့ဘဏ်က ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံပေါင်း ၁၈၉ နိုင်ငံကို အကဲဖြတ်ပြီး ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်တဲ့ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာမှာ မြန်မာနိုင်ငံကို အဆင့် ၁၈၂ ကို ရောက်အောင် တွန်းပို့လိုက်ကာ ပိုဆိုးတာက စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း (Starting a Business) မှာ မြန်မာနိုင်ငံဟာ အဆင့် ၁၈၉ နဲ့ နောက်ဆုံးနိုင်ငံဖြစ်ခဲ့ရပါတယ်။

ကမ္ဘာ့ဘဏ်အနေနဲ့ နိုင်ငံအသီးသီးရဲ့ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့မှု အခြေအနေကို အောက်ပါအချက်ကြီး ၁၀ ချက်နဲ့ အကဲဖြတ်ခဲ့တာပါ -

(က) စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း(Starting a Business)။
(ခ) အဆောက်အအုံဆောက်လုပ်ခွင့် ရရှိရေးဆောင်ရွက်ခြင်း (Dealing with Construction Permits)။
(ဂ) လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေ(Getting Electricity)။
(ဃ) ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း (Registering Property)။
(င) ငွေကြေး အထောက်အပံ့ရရှိခြင်း (Getting Credit)။
(စ) ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ ဆောင်ရွက်နိုင်သူများကို ကာကွယ်ခြင်း (Protecting Minorraty Investors)။
(ဆ) အခွန်ပေးဆောင်ခြင်း (Paying Tax)။
(ဇ) စာချုပ် စာတမ်းများ အသက်ဝင်မှုရှိခြင်း(Enforcing Contracts)။
(ဈ) ပြည်ပကူးသန်းရောင်းဝယ်မှု အခြေအနေ (Trading across Borders)။
(ည) စီးပွားရေးလုပ်ငန်းစာရင်းရှင်းလင်းဆောင်ရွက်နိုင်ခြင်း (Resolving Insolvency)။

**သမင်လည်ပြန်**

အစခရီး မကောင်းခဲ့တဲ့ အခြေအနေကို ပကတိအတိုင်း လက်ခံပြီး လက်ရှိအစိုးရက တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့တဲ့ လေးနှစ်ခွဲတာကာလကို သမင်လည်ပြန်ကြည့်လိုက်ရင် စီးပွားရေးလုပ်ငန်း ထူထောင်ဖို့ ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေ တစ်ခုပြီးတစ်ခု စဉ်ဆက်မပြတ် ကျော်လွှားဖြေရှင်းပေးခဲ့တဲ့ မြင်ကွင်းတစ်ရပ်ကို တွေ့ရမှာပါ။

ယနေ့အချိန်မှာ ကုမ္ပဏီတစ်ခု ထူထောင်ဖို့ လုပ်ငန်းအမျိုးအစား ကန့်သတ်တာတွေ၊ လုပ်ငန်းရည်ရွယ်ချက် ကန့်သတ်တာတွေ၊ ဒါရိုက်တာလုပ်ပိုင်ခွင့် ကန့်သတ်တာတွေ၊ အနည်းဆုံး မတည်ငွေရင်း လိုအပ်ချက်တွေ၊ ဒါရိုက်တာတွေကို နောက်ကြောင်းရာဇဝင် စုံစမ်းတာတွေ လုံးဝဖယ်ရှားပေးလိုက်ပြီး လွယ်ကူသက်သာတဲ့ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းအဖြစ်ကို ရောက်ရှိစေခဲ့ပါတယ်။ ရလဒ်ကတော့ ကုမ္ပဏီတစ်ခု မှတ်ပုံတင်ဖို့ ကုမ္ပဏီမှတ်ပုံတင်ရုံးရဲ့ အလုပ်လုပ်ရက် သုံးရက်သာကြာမြင့်တော့တဲ့ အခြေအနေဖြစ်ခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်မှု အနေအထားဟာ ၂၀၁၀-၂၀၁၁ မှာ ၂၇၀၄ ခု၊ ၂၀၁၁-၂၀၁၂ မှာ ၄၅၉၂ ခု၊ ၂၀၁၂-၂၀၁၃မှာ ၅၅၆၆ ခု၊ ၂၀၁၃-၂၀၁၄ မှာ ၆၁၀၄ ခု၊ ၂၀၁၄-၂၀၁၅ မှာ ၆၃၂၀ ခုနဲ့ ယခုနှစ် ၂၀၁၅-၂၀၁၆ အောက်တိုဘာလကုန်အထိ ခုနစ်လတာကာလအတွင်း ၄၂၄၄ ခုရှိခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် မှတ်ပုံတင် အရေအတွက် တိုးတက်လာခဲ့တာတွေ့ရပါတယ်။ ၂၀၁၀-၂၀၁၁ အခြေအနေနဲ့ နှိုင်းယှဉ်လိုက်ရင် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အရေအတွက် နှစ်ဆခွဲလောက် တက်လာခဲ့ပါတယ်။

အစမကောင်းခဲ့ပေမယ့် ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၆ ခုနှစ်အတွက် အစီရင်ခံစာမှာတော့ မြန်မာနိုင်ငံဟာ အဆင့် ၁၆၇ ကို ရောက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ် မှာ အဆင့် ၁၈၂၊ ၂၀၁၅ ခုနှစ်မှာ အဆင့် ၁၇၇ ဖြစ်ခဲ့တဲ့အတွက် သုံး နှစ်အတွင်း အဆင့် ၁၅ ဆင့် တိုးတက်မှု ရရှိခဲ့တာပါ။ အဆင့်တိုးတက်မှုကို အခြားအာဆီယံနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီလိုတွေ့ရပါတယ် -

| စဉ် | နိုင်ငံ | ၂၀၁၄ | ၂၀၁၆ | တက်/ကျ |
|---|---|---|---|---|
| (က) | စင်ကာပူ | ၁ | ၁ | - |
| (ခ) | မလေးရှား | ၆ | ၁၈ | ၁၂ ဆင့်ကျ |
| (ဂ) | ထိုင်း | ၁၈ | ၄၉ | ၃၁ ဆင့်ကျ |
| (ဃ) | ဘရူနိုင်း | ၅၉ | ၈၄ | ၂၅ ဆင့်ကျ |
| (င) | ဗီယက်နမ် | ၉၉ | ၉၀ | ၁၀ ဆင့်တက် |
| (စ) | ဖိလစ်ပိုင် | ၁၀၈ | ၁၀၃ | ၅ ဆင့်တက် |
| (ဆ) | အင်ဒိုနီးရှား | ၁၂၀ | ၁၀၉ | ၁၁ ဆင့်တက် |
| (ဇ) | ကမ္ဘောဒီးယား | ၁၃၇ | ၁၂၇ | ၁၀ ဆင့်တက် |
| (ဈ) | လာအို | ၁၅၉ | ၁၃၄ | ၂၅ ဆင့်တက် |
| (ည) | မြန်မာ | ၁၈၂ | ၁၆၇ | ၁၅ ဆင့်တက် |

၂၀၁၆ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာ့ဘဏ်က အကဲဖြတ်တဲ့ အချက်ကြီး ၁၀ ချက်မှာ တစ်ချက်ချင်းအလိုက် မြန်မာနိုင်ငံက အောက်ပါအတိုင်း အဆင့်တွေရခဲ့ပါတယ်-

(က) စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း (Starting a Business) ၁၆၀
(ခ) အဆောက်အအုံ ဆောက်လုပ်ခွင့်ရရှိရေး ဆောင်ရွက်ခြင်း(Dealing with Construction Permits) ၇၄
(ဂ) လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေ (Getting Electricity) ၁၄၈
(ဃ) ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်း (Registering Property) ၁၄၅
(င) ငွေကြေးအထောက်အပံ့ရရှိခြင်း (Getting Credit) ၁၇၄
(စ) ရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ ဆောင်ရွက်နိုင်သူများကို ကာကွယ်ခြင်း (Protecting Minorraty Investors) ၁၈၄
(ဆ) အခွန်ပေးဆောင်ခြင်း (Paying Tax) ၈၄
(ဇ) စာချုပ် စာတမ်းများ အသက်ဝင်မှုရှိခြင်း (Enforcing Contracts) ၁၈၇
(ဈ) ပြည်ပကူးသန်းရောင်းဝယ်မှု အခြေအနေ (Trading across Borders) ၁၄၀
(ည) စီးပွားရေးလုပ်ငန်း စာရင်းရှင်းလင်းဆောင်ရွက်နိုင်ခြင်း (Resolving Insolvency) ၁၆၂

ထူးခြားတာက ၂၀၁၆ အစီရင်ခံစာမှာ "စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း (Starting a Business)" နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ၂၀၁၅ အစီရင်ခံစာအထိ အဆင့် ၁၈၉ ဖြစ်ခဲ့ရာမှ ၂၀၁၆ အစီရင်ခံစာမှာ ၁၆၀ အထိ တိုးတက်လာခဲ့ပြီး အဆင့် ၂၉ ဆင့် တိုးတက်ခဲ့တဲ့အတွက် **"အတိုးတက်ဆုံးနိုင်ငံ (the most improved country)" အဖြစ်** ကမ္ဘာ့ဘဏ်က အသိအမှတ်ပြုခဲ့တာပါ။

**ရှေ့ခရီးစဉ်**

လေးနှစ်ခွဲတာ ကာလအတွင်း အရေးအကြီးဆုံး ဆောင်ရွက်နိုင်ခဲ့တာတစ်ခုကတော့ နှစ်တစ်ရာကျော် သက်တမ်းရှိနေပြီဖြစ်တဲ့ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို ပိုမိုခေတ်မီတဲ့၊ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် အခြေအနေကောင်းတွေ ထည့်သွင်းပေးထားတဲ့ အများပြည်သူရဲ့ အကြံဉာဏ်တွေ ရယူစုစည်းထားတဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (Myanmar Companies Law) အဖြစ် ပြင်ဆင်ပြဋ္ဌာန်းဖို့ မူကြမ်းရေးဆွဲ ပြီးစီးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများအတွက် ကျောရိုးသဖွယ်အရေးကြီးတဲ့ ကုမ္ပဏီများဥပဒေ ပြဋ္ဌာန်းပြီးသွားခဲ့ရင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းနယ်ပယ်မှာ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ပိုမိုအားကောင်းလာတဲ့ အခြေအနေရောက်ရှိလာမှာ ဖြစ်တဲ့အပြင် အသေးစား အလတ်စား လုပ်ငန်းလေးတွေလည်း ပိုမိုပြီး လုပ်သာကိုင်သာ ရှိလာတော့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ဖို့ ကောင်းမွန်တဲ့ နိုင်ငံတစ်ခုအဖြစ် ရောက်ရှိအောင် ဖန်တီးရာမှာ လုပ်သင့်လုပ်ထိုက် တာတွေကို လုပ်ကိုင်ခဲ့ပြီး လုပ်ကိုင်နေဆဲ ဖြစ်သလို ရှေ့ဆက်ရမယ့် ခရီးမှာ လုပ်စရာတွေလည်း အများကြီး ရှိနေပါသေးတယ်။ အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရင် မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ လှပနေမှာပါ။

**မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများအတွက် ကျောရိုးသဖွယ်အရေးကြီးတဲ့ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်းပြီးသွားခဲ့ရင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းနယ်ပယ်မှာ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ပိုမိုအားကောင်းလာတဲ့အခြေအနေရောက်ရှိလာမှာ ဖြစ်တဲ့အပြင် အသေးစား အလတ်စားလုပ်ငန်းလေးတွေလည်း ပိုမိုပြီး လုပ်သာကိုင်သာ ရှိလာတော့မှာ ဖြစ်ပါတယ်။**

## ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်

**ဖရူဆို ဒီဇင်ဘာ ၁၀**

ကျေးလက်ဒေသနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ကျေးရွာချင်းဆက်လမ်းများကို နိုင်ငံတော်မတည်ငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ကေးလျား-ထီးသဲကူ ကျေးရွာချင်းဆက်မြေသားလမ်းသုံးမိုင်အတွက် ခွင့်ပြုငွေကျပ် ၄၂ ဒသမ ၅၄ သန်း၊ ကေးလျား- ခေါသမောမြေသားလမ်း နှစ်မိုင်သုံးဖာလုံအတွက် ခွင့်ပြုငွေ ၃၃ ဒသမ ၆၈ သန်း၊ လောခုခူ-လောလျှာခူ မြေသားလမ်း ၃ မိုင်အတွက် ခွင့်ပြုငွေကျပ် ၄၂ ဒသမ ၅၄ သန်း၊ ဟိုယာ-ရောဒေါခေါမြေသားလမ်း ငါးမိုင်သုံးဖာလုံအတွက် ခွင့်ပြုငွေကျပ် ၇၇ ဒသမ ၀၈ သန်းနှင့် ဒေါဗျာကူး-ဒေါတကလဲ ကျောက်ချောလမ်း ၂ မိုင်အတွက် ခွင့်ပြုငွေကျပ် ၁၁၈ ဒသမ ၂၉ သန်းတို့ဖြင့် ဖရူဆိုမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်း ငါးလမ်းအတွက် ကုန်ကျငွေ ကျပ်သန်းပေါင်း ၃၁၅ ဒသမ ၁၃ သန်း အကုန်ကျခံကာ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလမ်းများ ပြီးစီးမှုရာခိုင်နှုန်းမှာ ၈၃ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဒေးဖဲထံမှ သိရသည်။

**ဦးကျော်(ဖရူဆို)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ် ပြုပြင်ရေးသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံဆိုင်ကယ် ပြုပြင်ရေးသင်တန်းကို ဒီဇင်ဘာ ၉ ရက်က ဥတ္တရမြို့နယ် ဝက်စုကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသို့ ဝက်စုကျေးရွာအတွင်းရှိ သင်တန်းသား ၄၀ တက်ရောက် သင်ကြားသည်။

သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်ကာ သင်တန်းတွင် သင်တန်းဆရာများက ဆိုင်ကယ်၏ အခြေခံသဘောတရားများ၊ အင်ဂျင်ရှေ့ခြမ်း၊ နောက်ခြမ်းလုပ်ခြင်းဆိုင်ရာ ပညာရပ်များ၊ ကလပ်အုံပိုင်းနှင့် ဝိုင်ယာရိန်းပိုင်းဆိုင်ရာ ကိစ္စရပ်များကို သင်ကြားပို့ချပေးမည် ဖြစ်သည်။

**အောင်ကို(ပြန်/ဆက်)**

# ဒုတိယအကြိမ်လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများခေါ်ယူကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဒီဇင်ဘာ ၁၀

**ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုအစည်းအဝေးသည် ဒုတိယ အကြိမ် လွှတ်တော်အသီးသီးကျင်းပ ရေးအတွက် ပြုလုပ်သည့် အစည်း အဝေးဖြစ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အပါအဝင် လွှတ်တော်များအားလုံး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကုန်ဆုံးမည် ဖြစ်ကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်များကျင်းပရန် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့က ခေါ်ယူရန်ဖြစ် ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များသည်လည်း ထိုနည်း အတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း၊ လွှတ်တော်သက်တမ်းတွင် ကိုယ်စားလှယ်အများစု ပါရှိမည်ဖြစ် ကြောင်း၊ ယခုလွှတ်တော်သက်တမ်း ကဲ့သို့ ကိုယ်စားလှယ်များ တည်းခို နေထိုင်ရေးအတွက် ကြိုတင်စီမံထား ရန် လိုကြောင်း။

ပြည်သူ့လွှတ်တော်နှင့် အမျိုး သားလွှတ်တော်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြိုတင်၍ အမိန့်ပြန်တမ်း ထုတ်ပြန်သွားမည် ဖြစ်ကြောင်း၊ အသစ်ဝင်လာမည့် လွှတ်တော်ကိုယ်စားလှယ်များကို ယခု လွှတ်တော်သက်တမ်း မပြီးဆုံးမီ ခေါ်ယူရမည်ဖြစ်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များလုံခြုံရေး၊ သွားလာ ရေး၊ တည်းခိုရေး၊ စားသောက်ရေး ပါမကျန် ပြည့်ပြည့်စုံစုံစီမံသွားရန် လိုကြောင်း၊ ဒုတိယအကြိမ်လွှတ်တော် သက်တမ်းတွင် စနစ်တကျလုံခြုံစွာ ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိ တာဝန်ရှိသူများတွင် တာဝန်ရှိပါ ကြောင်း၊ လွှတ်တော်၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ ဂုဏ်သိက္ခာ မြင့်မားရေး အတွက် တာဝန်ရှိသူများအနေဖြင့် မြင့်မြတ်သည့် စိတ်ထားဖြင့် လုပ်ဆောင်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လွှတ်တော် တစ်ခုပြီးတစ်ခု အောင်မြင်မှုရရှိရန် အတွက် ရှေ့ကတာဝန်ယူသွားသူများ တွင် တာဝန်ရှိပါကြောင်း၊ ပထမ အကြိမ်လွှတ်တော်များအတွက် ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက စီစဉ် ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ရွေးကောက် ပွဲတွင် မည်သူပင်နိုင်သည်ဖြစ်စေ မြန်မာနိုင်ငံရေးလောက၌ လွှတ်တော် ခိုင်မာရေးအတွက် ဝိုင်းဝန်းပြင်ဆင် ပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော် များခိုင်မာသည်ထက် ခိုင်မာအောင် ကောင်းသည်ထက် ကောင်းအောင် မိမိတို့နိုင်ငံကမ္ဘာ့အလယ်၌ ဂုဏ် သိက္ခာမြင့်မားအောင် ဝိုင်းဝန်း ဆောင်ရွက်ပေးရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် လွှတ်တော်အစည်းအဝေးများ ကျင်းပ ရေးဗဟိုကော်မတီနှင့် လုပ်ငန်း ကော်မတီ အတွင်းရေးမှူးက ဗဟို ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှုကို ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ တက်ရောက်လာ ကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်း ကော်မတီများမှ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန် ရှိသူများက သက်ဆိုင်ရာကဏ္ဍ အလိုက် ဒုတိယအကြိမ် လွှတ်တော် သက်တမ်းအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများ ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေဆွေးနွေး တင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံး ချုပ်ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့ လွှတ်တော်တရားဥပဒေ စိုးမိုးရေး နှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။ **(သတင်းစဉ်)**

---

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကော်မတီအစီရင်ခံစာ နှစ်ခုကို ဖတ်ကြားဆွေးနွေးခြင်းနှင့်အတည်ပြုခြင်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့အဖြစ် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ**နှင့် လွှတ်တော်ကော်မတီ အစီရင်ခံစာနှစ်ခုကို ဖတ်ကြားဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။



အစည်းအဝေး၌ **ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းက **(ယာပုံ)** ထောက်ခံဆွေးနွေးပြီး လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ **ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဒီဇင်ဘာ၁၄ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၆၀ တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

---

◆ ***ကျောဖုံးမှ***

တွေ့ဆုံရမည့်အသင်း ထွက်ပေါ်လာခြင်းမရှိသေးပေ။ ရန်ကုန်အသင်းမှာ ထိုင်းကလပ်ကို ကျော်ဖြတ်နိုင်ခဲ့ပါက Play-off အဆင့်တွင် ဂျေလိဂ် အဆင့်(၄)အသင်းနှင့် ကစားရမည်ဖြစ်ပြီး ယင်းအဆင့်ကို ကျော်လွန်နိုင်ခဲ့ပါက နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ ခြေစွမ်းပိုင်းမြင့်မားသည့် အသင်းများနှင့် ကစားရမည်ဖြစ်ရာ ခြေစစ်ပွဲအောင်မြင်ရန် ခက်ခဲဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ခြေစစ်ပွဲအဆင့်မှ ထွက်ခဲ့ရပါက AFC Cup ပြိုင်ပွဲ၌ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့် တက်ရောက်ခွင့်ရခဲ့ပါက ရတနာပုံအသင်းမှာ AFC Cup ပြိုင်ပွဲကို အစားထိုးယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။

AFC Cup ပြိုင်ပွဲအုပ်စုမဲခွဲရာတွင် ရန်ကုန် သို့မဟုတ် ရတနာပုံအသင်းမှာ အုပ်စု(G)တွင် မိုဟမ်ဘေဂန်(အိန္ဒိယ)၊ တောင်တရုတ်(ဟောင်ကောင်)၊ မာဇီယာ(မော်လ်ဒိုက်)တို့နှင့် အတူပါဝင်နေသည်။ ရန်ကုန်အသင်းမှာ တောင်တရုတ်အသင်းနှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ကျန်နှစ်သင်းနှင့် ပထမဆုံးတွေ့ဆုံခြင်း ဖြစ်သည်။ တောင်တရုတ်အသင်းမှာ မြန်မာကလပ်အသင်းများနှင့် သုံးကြိမ်ဆက်တွေ့ဆုံခြင်းဖြစ်သည်။ ရှုံးထွက်ချန်ပီယံ ရောဝတီအသင်းမှာ အုပ်စု(H)တွင် ဂျိုဟို ဒါရုး သို့မဟုတ် ပါဟန်း(မလေးရှား)၊ လာအို FC (လာအို)၊ ဘင်ဂါလူရူး(အိန္ဒိယ)တို့နှင့် အတူ ပါဝင်နေသည့် ဂျိုဟိုဒါရုးအသင်းမှာ AFC Cup ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်း ဖြစ်သည်။ AFC Cup အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီလမှ စတင်ကာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။

---

# စွမ်းအင်ဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

စွမ်းအင်ဝန်ကြီးဌာနမှ ပြည်တွင်းသဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းရန် သဘာဝဓာတ်ငွေ့အရည်တင်သွင်းဖြန့်ဖြူးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့မှုအခြေအနေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မင်္ဂလာတောင်ညွန့်စည်ပင်(ကျောက်ခွဲစက်)သို့ ဖြန့်ဖြူးပေးပို့လျက်ရှိသော နှစ်လက်မပိုက်လိုင်း၏ ဓာတ်ငွေ့ယိုစိမ့်မှုအား ပြုပြင်ပြီးစီးမှုအခြေအနေ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)နှင့် ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်သုံးဆိုင်တို့၏ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်သိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအခြေအနေနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရန် တင်ဒါတင်သွင်းခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာနရုံးအမှတ်(၆) နေပြည်တော်၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်း ဦးဆောင်သော သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ မှတ်တမ်းဓာတ်ပုံများနှင့်တကွ သတင်းထုတ်ပြန်ရှင်းလင်းခြင်းနှင့် သတင်းမီဒီယာသမားများ၏မေးမြန်းချက်တို့ကို ပြန်လည်ဖြေကြားခဲ့သည်။ ယင်းအခမ်းအနားသို့ ပြည်တွင်း/ပြည်ပမှ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။ **(မိုး/ဇလ)**

---

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၁၀** နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံး၌ အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး(၃/၂၀၁၅) ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၁၀**



မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး(၃/၂၀၁၅)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဒုတိယအကြိမ် လွှတ်တော်များကို ပြည်သူ့လွှတ်တော်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ အမျိုးသားလွှတ်တော်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအတွက် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများက လည်းကောင်း ခေါ်ယူကျင်းပပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ပေါ်ပေါက်လာခြင်းသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ယူစဉ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ အခြေခံခဲ့ပါကြောင်း။

နောင်လာမည့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ပါဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ကို ဆက်လက်ဖွဲ့စည်းလုပ်ဆောင်မည်ဆိုပါက ယခုလုပ်ဆောင်နေသည့် ကိစ္စရပ်များကို ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ပထမအကြိမ် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် ကြုံတွေ့ခဲ့ရသည့်အခက်အခဲများကို ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ဥပဒေအရ ပေးထားသည့်အခွင့်အရေးများကို ရရှိသည့်အနေအထားပေါ်တွင် မူတည်၍ မိမိတို့ အတတ်နိုင်ဆုံးလုပ်ဆောင်ခဲ့ကြပါကြောင်း၊ မလုပ်နိုင်ခဲ့သည့်လုပ်ငန်းများကို နောင်လွှတ်တော်များက ဆက်လက်လုပ်ဆောင်သွားစေလိုပါကြောင်း၊ လက်ရှိလွှတ်တော်များသက်တမ်းအတွင်း ကြုံတွေ့ခဲ့ရသည့်ကိစ္စရပ်များကို သုံးသပ်၍ သင်ခန်းစာဖော်ထုတ်ပြီး နောင်ကျင်းပမည့် လွှတ်တော်များကို ယခုထက် ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန် စေတနာဖြင့် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို IPU အဖွဲ့ဝင်ဖြစ်ရန် ပေါ်ပေါက်ခဲ့သည့်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရခါစက MPU ရှိခဲ့သော်လည်း ယခုပုံစံမျိုးမဟုတ်ပါကြောင်း၊ MPU သည် လွှတ်တော်အားလုံး၏ လွှတ်တော်အခွင့်အရေးကော်မတီများပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် အရေးကိစ္စကြုံလာပါက အားလုံးတွေ့ဆုံပြီး ဆုံးဖြတ်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများအနေဖြင့် မိမိတို့ဒေသ၌ ပထမဆုံး တာဝန်ယူခဲ့ရသူများဖြစ်ပါကြောင်း၊ နောင်လွှတ်တော်အတွက် ဆက်ခံမည့်ပုဂ္ဂိုလ်များကို စနစ်တကျ တာဝန်လွှဲပြောင်းလုပ်ဆောင်သွားရန်နှင့် MPU အဖွဲ့မှတစ်ဆင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက (၂/၂၀၁၅)အစည်းအဝေး ဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မိမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

---

**❊ ရှေ့ဖုံးမှ**

မဲဇလီ(၂)ရေထိန်းတံခါးအား Flap Gates (၆ပေ × ၈ပေ - ၁၄ ပေါက်)၊ Radial Gates (၁၅ ပေ ၆ လက်မ × ၁၀ ပေ ၆ လက်မ- ၇ပေါက်) အရွယ်အစားဖြင့် တည်ဆောက်ထားပြီး အမျိုးအစားမှာ သံကူကွန်ကရစ် ဖြစ်သည်။ ထိုဒေသသည် မိုးများသည့်ဒေသဖြစ်သည့်အတွက် ရေထုတ်မြောင်းအလျားကို ပေ ၁၀၀၀ တူးဖော်ထားခြင်းကြောင့် ဒေသတွင်းရှိ ဧက လေးသောင်းကို အကျိုးပြုဧရိယာအဖြစ် ဖော်ဆောင်နိုင်ပြီဖြစ်သည်။ အဆိုပါ ဧကလေးသောင်းတွင် ဧက နှစ်သောင်းသည် လယ်ယာစိုက်ပျိုးရေးအတွက် ရေသွင်းစိုက်ပျိုးနိုင်ပြီဖြစ်ပြီး ကျန်ဧက နှစ်သောင်းသည် ရေဘေးကာကွယ်ရေး လုံခြုံစိတ်ချစေမည်ဖြစ်သည်။

ရေထိန်းတံခါးတည်ဆောက်မှုကို ကြီးကြပ်နေသော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက “မဲဇလီ(၂) ရေထိန်းတံခါးကို တည်ဆောက်လိုက်တဲ့အတွက် ၁၅ နှစ်အတွင်း သဲနုန်းတွေကောခဲ့ရတဲ့ ပန်းလှိုင်မြစ်ရဲ့အလှကို ပြန်တွေ့ရတော့မှာပါ။ တူးဖော်ထားတဲ့ ပန်းလှိုင်မြစ်ထဲကို သဲ၊ နုန်းတွေ ဝင်ရောက်နိုင်မှုက ကာကွယ်နိုင်တဲ့အပြင် နွေရာသီမှာ ပန်းလှိုင်မြစ်ထဲ ရေချိုသွင်းထိန်းသိမ်းကာကွယ်နိုင်တဲ့အတွက် နွေစပါးရေသွင်းစိုက်ပျိုးဖို့အဆင်ပြေသွားပါပြီ။ မိုးရာသီမှာ ကြုံတွေ့နေရတဲ့ ညောင်တုန်းကျွန်း၊ အရွဲကွင်း၊ တက်သစ်ကျွန်းတို့မှာ ပိုလျှံဝပ်နေတဲ့ရေတွေကို ထုတ်နုတ်ပေးနိုင်ပြီဖြစ်လို့ ရေကြီးနစ်မြုပ်မှုက ကာကွယ်ပေးနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေတံခါးကို တည်ဆောက်တာပါ” ဟု ဆိုသည်။ ကုက္ကိုဝမြစ်နံဘေး မဲဇလီတံတားအနီးတွင် ရေတံခါးကို တည်ဆောက်ထားပြီး ၃၄ မိုင် ၂ ဖာလုံရှည်သော ပန်းလှိုင်မြစ်တစ်ဖက်ထိပ်ဝ လှိုင်မြစ်နှင့် ဆက်သွယ်ထားသော ပန်းလှိုင်မြစ်ဝ အေးရွာနှင့် ပန်းလှိုင်ဂေါက်ကွင်းထိပ်တွင် လက်ရှိ မဲဇလီ(၂) ရေထိန်းတံခါးထက်ကြီးသော ရေထိန်းတံခါးကြီးတစ်ခုကိုလည်း နယ်သာလန်မှ ပညာရှင်များနှင့် တည်ဆောက်သွားမည်ဟု သိရသည်။

ကုက္ကိုဝမြစ်ကမ်းနဖူးအနီး၌ မဲဇလီ(၂) ရေထိန်းတံခါး တည်ဆောက်မှုနှင့်အတူ ယာယီချောင်းပိတ်တမံပိတ်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း၊ အုတ်မြစ်မြေတူးခြင်း ၈၈ ရာခိုင်နှုန်း၊ ပေ ၂၀ အရှည် Sheet Piles ရိုက်ခြင်း ၈၅ ရာခိုင်နှုန်း၊ ပေ ၄၀ Sheet Piles ရိုက်ခြင်း ၁၀၀ ရာခိုင်နှုန်း၊ ကွန်ကရစ်ပိုင်ရိုက်ခြင်း ၉၀ ရာခိုင်နှုန်း၊ ကွန်ကရစ်



**ဦးတိုးငြိမ်း လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၆)**

လုပ်ငန်း ရှစ်ရာခိုင်နှုန်းနှင့် ကျောက်စီခြင်းလုပ်ငန်း၊ ရေတံခါးရွက်များ တပ်ဆင်ခြင်းလုပ်ငန်း၊ ရေခေါ်ရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

မဲဇလီ(၂)ရေထိန်းတံခါး တည်ဆောက်ရာတွင် အခက်အခဲတစ်ခု ရင်ဆိုင်ခဲ့ရပြီး အဆိုပါအခက်အခဲနှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးငြိမ်းက “ရေတံခါးအတွက် ဖောင်ဒေးရှင်း ပေ ၂၀ တူးတဲ့အခါမှာ ရှစ်ပေရောက်တော့ မြေအောက်ရေတိုးထွက်နှုန်းများလာပြီး သဲနုန်းထလာတဲ့အတွက် ရှစ်ပိုင်နဲ့ ကာပြီး တန်းနှစ်ခုရိုက်ရတယ်။အဆက်မပြတ်ထွက်နေတဲ့ရေထုကိုတားဆီးဖို့အဆင့်ဆင့်လုပ်ဆောင်ခဲ့ရတယ်။ ကွန်ကရစ်ဘယ်ရီပိုင်ရိုက်ရာမှာလည်း ကာတန်းသုံးမျိုးနဲ့ ရိုက်ယူပြီးတည်ဆောက်ခဲ့ရပါတယ်။ မြစ်မနဲ့ နီးတဲ့အတွက် မြေအောက်ရေတိုးထွက်မှုကို ထိန်းချုပ်ခဲ့ရပါတယ်” ဟု ပြောကြားသည်။

မဲဇလီ(၂)ရေထိန်းတံခါးကို မတ်လတွင် ဖွင့်လှစ်ပြီးပါက ပန်းလှိုင်ဂေါက်ကွင်းနှင့် အေးရွာအနီးရှိ လှိုင်မြစ်နှင့် ဆက်သွယ်ထားသော ပန်းလှိုင်မြစ်ဝတွင် နယ်သာလန်ပညာရှင်များနှင့် ပူးပေါင်းကာ ရေထိန်းတံခါးကြီးတစ်ခု တည်ဆောက်မည်ဖြစ်ပြီး ကုက္ကိုဝမြစ်မှ ရေချိုများစီးဝင်စေလျက် ထိုရေထိန်းတံခါးအနီးတွင် ရန်ကုန်မြို့တော် သောက်သုံးရေဖြန့်ဝေပေးမည့် ရေသန့်စက်ရုံကို တည်ဆောက်သွားမည်ဖြစ်၍ ပန်းလှိုင်မြစ်သည် စိုက်ပျိုးရေးအတွက်သာမက ရန်ကုန်မြို့နေ ပြည်သူတို့၏ သောက်သုံးရေအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ရေသန့်အဖြစ် ပြုပြင်ရန် စက်ရုံတည်ဆောက်မှုအတွက် ဒီဇိုင်းပုံစံတွက်ချက်မှုကို တစ်နှစ်အတွင်း လုပ်ဆောင်သွားရန်ရှိကြောင်း သိရသည်။

မဲဇလီ(၂)ရေထိန်းတံခါး တည်ဆောက်ရေးတွင် တမံပိုင်းနှင့် ရေတံခါးပိုင်းဟူ၍ တည်ဆောက်ရေးဦးစီးအရာရှိနှစ်ဦးထားရှိပြီး ရေတံခါးပိုင်းကို တာဝန်ယူတည်ဆောက်နေသော ဦးစီးအရာရှိ ဦးကျော်အောင်ဗိုလ်က “မိုးတွင်းမှာ ရေတံခါးမရှိရင် မြစ်ရေဝင်ပြီး မြစ်အောက်ပိုင်းရေကြီးနိုင်တယ်။ ဒီနှစ် ပန်းလှိုင်မြစ်နံဘေးက ရွာတွေ ရေမဝင်တာဟာ ရေတံခါးတည်ဆောက်နေလို့ မြစ်ဝကို ပိတ်လိုက်နိုင်လို့ပါ။ ဒီရေတံခါးက ရေကြီးမှုကို ကာကွယ်ပေးမယ့်အပိုင်းနဲ့ ရေသွင်းစိုက်ပျိုးနိုင်မယ့်အပိုင်းကို ထိန်းညှိဆောင်ရွက်ပေးနိုင်တာပါ။ တူးမြောင်းက မြေပြင်ကနေ ပေ ၂၀ အနက် တူးထားတယ်။ ရေစူးက ၁၆ ပေအထက်ရှိမယ်။ ဒီနှစ်မြစ်ရေ ၁၉ ပေကျော်တက်ခဲ့လို့ ကုက္ကိုဝမြစ်နံဘေးကရွာအချို့ ရေနစ်မြုပ်ခဲ့တဲ့အတွက် ဒီရေတံခါးဟာ ရေဘေးကာကွယ်ရေးကို ထိရောက်စွာအကာအကွယ်ပေးသွားမှာပါ။ ပန်းလှိုင်ဂေါက်ကွင်းမြစ်ဝထိ ၃၄ မိုင် ၂ ဖာလုံ ရှည်လျားတဲ့အတွက် တာပေါင် ရေရှည်တည်တံ့ခိုင်မြဲဖို့ ပညာရှင်တွေနဲ့ လေ့လာနေပါတယ်။ ဆည်မြောင်းလုပ်ငန်းအနေနဲ့ မြောင်းတူးတာနဲ့မပြီးပါဘူး။ သူနဲ့ပတ်သက်တဲ့ ဖွဲ့စည်းပုံတွေ၊ ရေတံခါးတွေနဲ့ ထိန်းသိမ်းဖို့လုပ်ရပါတယ်။ ပန်းလှိုင်မြစ်ဟာ ရေငန်ဝင်ရောက်မှုကနေ ရေချိုသိုလှောင်ထိန်းသိမ်းနိုင်ပြီဖြစ်လို့ လယ်ယာနဲ့ စိုက်ပျိုးရေးအတွက် အခက်ကြုံနေရတဲ့ရွာတွေ ရွှေပင်၊ ငွေပင် သီးခွင့်ရပါပြီ။ ပန်းလှိုင်မြစ်ရဲ့ အကျိုးကျေးဇူးကို ပြည်သူတွေခံစားရတော့မှာပါ” ဟု တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှမ်းမျှော်ကြည့်ရင်း ပြောကြားသည်။

ယခုအခါ ရေတံခါးတည်ဆောက်ရေးတွင် အောက်ခြေကွန်ကရစ်များ လောင်းနေပြီဖြစ်၍ မကြာမီတိုင်ထောင်ခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများ တစ်ဆက်တည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်ဖွင့်လှစ်နိုင်ရန် ရည်မှန်းချက်ထား၍ လုပ်ဆောင်နေကြောင်း သိရသည်။

ရေခံမြေခံကောင်းသော မြန်မာပြည်တွင် သဘာဝဘေးအန္တရာယ်နှင့် လယ်ယာစိုက်ပျိုးရေးအတွက် ရေတံခါးနှင့် ဆည်များတည်ဆောက်ရန်များစွာလိုအပ်လျက်ရှိနေပြီး ဆည်များတည်ဆောက်၍ ရေကာတာနှင့် ရေနုတ်မြောင်းများ တည်ဆောက်ကာ လယ်ယာစိုက်ပျိုးရေးဖြင့် စီးပွားရေးဦးမော့ခဲ့သည့် ဗီယက်နမ်နိုင်ငံကဲ့သို့ပင် မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဆည်မြောင်းနှင့် ရေတံခါးများ တည်ဆောက်မှုဖြင့် ကတ္တီပါအစိမ်းရောင်မှ ရွှေဝါရောင်စပါးခင်းကြီးများ ဖုံးလွှမ်း၍ တောင်သူများဘဝ တိုးတက်မြင့်မားလျက် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံအဖြစ် အသီးအပွင့်ခံစားနိုင်ရန် ဆည်မြောင်းနှင့် ရေတံခါးများ တည်ဆောက်ရေးကဏ္ဍသည်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလျက်ရှိနေသည်။

---

**❍ ကျောဖုံးမှ**

အုပ်စု (F) တခြားပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်က ဒိုင်နမိုဇာဂရက်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အုပ်စုပထမဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်သွားသည်။ အုပ်စု(E) တွင် လေဗာကူဆင်နှင့် ဘာစီလိုနာတို့ တစ်ဂိုးစီသရေကျပြီး ရိုးမားနှင့် ဘိုရီဆော့ဗ်တို့ ဂိုးမရှိ သရေကျခဲ့သည်။ ၁၆ သင်းအဆင့်သို့ ဘာစီလိုနာက ပထမ၊ ရိုးမားက ဒုတိယဖြင့် တက်ရောက်သွားသည်။

အုပ်စု (G)တွင် ဒိုင်နမိုကိဗ်က မက္ကာဘီတဲအဗစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ချယ်လ်ဆီးက ပေါ်တိုကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချယ်လ်ဆီးက အုပ်စုပထမနှင့် ဒိုင်နမိုကိဗ်က အုပ်စုဒုတိယဖြင့် ၁၆ သင်းအဆင့်သို့ တက်ရောက်သွားသည်။

အုပ်စု (H) တွင် လိုင်ယွန်က ဗလင်စီယာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဂျန့်က နှစ်ဂိုး-တစ်ဂိုးဖြင့် ဇင်းနစ်ကို အနိုင်ရခဲ့သည်။ ဇင်းနစ်က အုပ်စုပထမနှင့် ဂျန့်က အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်သည်။

ချန်ပီယံလိဂ် အုပ်စုတတိယရရှိသော အသင်းများသည် ယူရိုပါလိဂ်တွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စု(A) မှ ရှက်တာ ဒိုးနက်စ်၊ အုပ်စု(B) မှ မန်ယူ၊ အုပ်စု(C) မှ ဂါလာတာစာရေး၊ အုပ်စု(D) မှ ဆီဗီလာ၊ အုပ်စု(E) မှ လေဗာကူဆင်၊ အုပ်စု(F) မှ အိုလံပီယာကို့စ်၊ အုပ်စု (G) မှ ပေါ်တိုနှင့် အုပ်စု (H) မှ ဗလင်စီယာတို့ ဖြစ်ကြသည်။

---

## တလုတ္ထော်-လေးမျက်နှာလမ်း ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်

**ဟသ်ာတ  ဒီဇင်ဘာ  ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်းနှင့် တလုတ္ထော်-လေးမျက်နှာ လမ်းတို့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မူလ ၁၂ ပေ အကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်မည့် အပိုင်းကို ဒီဇင်ဘာ ၈ ရက်က ဟသ်ာတခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးချို၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်နိုင်လင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တလုတ္ထော်-လေးမျက်နှာ လမ်း မိုင်(၀/၀ -၂/၀) အတွင်း လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းကို စစ်ဆေးပြီး လုပ်ငန်းများအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပိုလီယိုအရိုင်းပိုးပပျောက်ပြီးသောမြန်မာနိုင်ငံတွင် အသွင်ပြောင်းပိုလီယိုတွေ့ရှိခြင်းအပေါ် သတင်းစာရှင်းလင်း



**နေပြည်တော် ဒီဇင်ဘာ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းသည် ပိုလီယိုရောဂါဖြစ်ပွားမှုရှိပါက သိရှိရန် လတ်တလောပျော့ခွေအကြောသေရောဂါရှာဖွေရာမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဖြစ်ပွားသူ ကလေးနှစ်ဦးတွင် အသွင်ပြောင်းပိုလီယိုဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း ဒီဇင်ဘာ ၁၀ ရက် နံနက်က ကျန်းမာရေးဝန်ကြီးရုံး၌ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ပြောကြားသည်။

၂၀၁၄ ခုနှစ် မတ်လတွင် ပိုလီယိုရောဂါအရိုင်းပိုးကင်းစင်သောနိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အသိအမှတ်ပြုကြေညာခဲ့ပြီးနောက် အသွင်ပြောင်းပိုလီယိုဗိုင်းရပ်စ်ပိုးတွေ့ရှိမှုနှင့်ပတ်သက်၍ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ရခိုင်ပြည်နယ်(၁၀)မြို့နယ်၊ ချင်းပြည်နယ်နှစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတစ်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတစ်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး တစ်မြို့နယ် စုစုပေါင်း ၁၅ မြို့နယ်တွင် ပထမအကြိမ် အိမ်တိုင်ရာရောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်အထိလည်းကောင်း ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)၊ ဓာတ်ပုံ - မောင်မွေး(မြန်မာ့အလင်း)**

# အာဟာရဖြည့်ဆန်ကို စတင်မိတ်ဆက်ပြီးတာနဲ့ မကြာမီ ဈေးကွက်အတွင်း ဖြန့်ဖြူးပေးဖို့အသင့်ဖြစ်ပါပြီ

**တွေ့ဆုံမေးမြန်း**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မောင်မွေး**

**အာဟာရချို့တဲ့မှုများကြောင့် မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေးများသည် ရောဂါရလွယ်ခြင်း၊ သေဆုံးလွယ်ခြင်းစသည့်အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံရှိ ငါးနှစ်အောက် ကလေးသုံးဦးအနက် တစ်ဦးသည် အရပ်ပုနေပြီး ၇ ဒသမ ၉ ရာခိုင်နှုန်းသည် ပိန်လှီနေကြောင်း၊ မြန်မာနိုင်ငံရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ငါးနှစ်အောက်ကလေးများအနက် ၇၀ ရာခိုင်နှုန်းကျော်သည် သွေးအားနည်းရောဂါခံစားနေရကြောင်း လေ့လာမှုများအရသိရသည်။**

မြန်မာနိုင်ငံတွင် ဗီတာမင်နှင့် သတ္တုဓာတ်ချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို လျှော့ပါးရေးအတွက် အာဟာရဖြည့်ဆန်ကို စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး မကြာမီ သက်သာသောဈေးနှုန်းများဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။

နေပြည်တော် သင်္ဂဟဟိုတယ်၌ ယနေ့နံနက်ကပြုလုပ်သည့် မြန်မာနိုင်ငံတွင် အဏုအာဟာရဖြည့်ဆန် စတင်မိတ်ဆက်ခြင်း အခမ်းအနားတွင် အာဟာရဖြည့်ဆန်ထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အဆိုပါဆန်၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်ပြီး ပါဝင်ခဲ့သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား မြန်မာ့အလင်းမှ မေးမြန်းခဲ့မှုများကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဒေါက်တာမျိုးမြင့်အောင်**
**PATH အဖွဲ့မှ စီမံကိန်းဒါရိုက်တာ**

ကျွန်တော်တို့စီမံကိန်းစတင်တာကတော့ အောက်တိုဘာ ၂၇ ရက်က စတင်ပါတယ်။ သုံးနှစ် စီမံကိန်းဖြစ်ပြီးတော့ ၂၀၁၇ မတ်လအထိ ဒီလုပ်ငန်းကိုဆက်လက် လုပ်ဆောင်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အားဖြည့်ဆန် စတင်မိတ်ဆက်ခြင်းမလုပ်ခင်မှာ ဒီအားဖြည့်ဆန်ဟာ ကျွန်တော်တို့ ပြည်သူ ပြည်သားတွေ လက်ခံနိုင်ခြင်းရှိ မရှိကို စပြီးတော့ စစ်တမ်းတွေ ကောက်ယူပါတယ်။ စစ်တမ်းတွေ ကောက်ယူသလိုဈေးကွက်ထဲမှာ ဖြန့်ဖြူးရောင်းချဖို့လည်း ဆန်ဆိုင်တွေမှာ ဘယ်လိုဆန်မျိုးတင်ပြီးတော့ ဘယ်လိုဆန်မျိုးကိုဝယ်ယူကြသလဲဆိုတာလည်း စစ်တမ်းတွေ ကောက်ထားပါတယ်။ ကျွန်တော်တို့ အခုဖြန့်မယ့် အားဖြည့်ဆန်ကပုံမှန်ဆန်နဲ့ အရောင်၊ အရသာတူလား၊ မတူလားဆိုတာကိုလည်း ဆန်းသပ်စစ်ဆေးနိုင်ဖို့ Taste Servey ဆိုပြီး ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်ကလုပ်ထားပါတယ်။ အဲလို လုပ်ထားတဲ့စစ်တမ်းတွေအရ ကျွန်တော်တို့ရဲ့ အားဖြည့်ဆန်က ပုံမှန်ဆန်ထက် အရောင် အဆင်း အနံ့ အရသာ အကုန်တူပြီးတော့ ပုံမှန်အတိုင်း ဝယ်ယူသိုလှောင်ချက်ပြုတ်စားသုံးလို့ ရပါတယ်။

မြန်မာနိုင်ငံမှာအာဟာရချို့တဲ့မှုပြဿနာရှိပါတယ်။ မြန်မာနိုင်ငံက ကလေးတွေကို ကြည့်မယ်ဆိုရင်လည်း ကလေးကညှပ်နေတာ၊ ပုနေတာတွေရှိပါတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေဆိုလည်း သွေးအားနည်းတဲ့ပြဿနာရှိပါတယ်။ အဲဒီလိုမျိုးပြဿနာတွေ ပြေလည်အောင် အခုလိုမိတ်ဆက်ရခြင်း ဖြစ်ပါတယ်။ အားဖြည့်ဆန်မှာတကယ်လိုအပ်တဲ့ အာဟာရတွေဖြစ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်ရှစ်မျိုး ကျွန်တော်တို့ လုပ်ထားပါတယ်။ ဒါတွေစားသုံးခြင်းအားဖြင့် မိသားစုထဲမှာဉာဏ်ရည်ထက်မြက်လာမယ်။ သွေးအားကောင်းလာမယ်။ ပြီးရင်အလုပ်လုပ်နိုင်စွမ်းတွေတိုးတက်လာပြီး တကယ်ကိုအကျိုးရှိမယ်။ ကျန်းမာရေးအတွက်လည်းကောင်းတဲ့ အားဖြည့်ဆန်ဖြစ်ပါတယ်။ ကျွန်တော်တို့လက်တွဲပြီး အလုပ်လုပ်နေတာကတော့ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအဖွဲ့ချုပ်၊ ဆန်စပါးလုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်။

အားဖြည့်ဆန်စေ့ကို သမားရိုးကျဆန်နဲ့ရောပြီးဖြန့်ဖို့ အဆင်သင့်ရှိတဲ့ ဆန်စက်တွေလည်း ရှိနေပါတယ်။ အဲဒီဆန်စက်တွေနဲ့ပေါင်းပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ လုပ်ငန်းများရဲ့ အရည်အသွေးကို စောင့်ကြည့်ပေးဖို့လည်း FDA အဖွဲ့ အစားအသောက်၊ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနဲ့ လက်တွဲပြီးတော့ ဆောင်ရွက်ပါတယ်။

**ဦးနေလင်းဇော်**
**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များ အသင်းချုပ်၏တွဲဖက် အထွေထွေအတွင်းရေးမှူး**

"ကျန်းမာရေး စစ်တမ်းအရ ဆိုရင် လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ရှိနေတဲ့ ကိုယ်ဝန်ဆောင်မိခင်တွေမှာ အာဟာရချို့တဲ့မှုရဲ့ နောက်ဆက်တွဲတွေက ကိန်းဂဏန်းတော်တော်များများ ၃၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းအထိရှိနေပါတယ်။ အာဟာရချို့တဲ့ပြီး နောက်ဆက်တွဲဖြစ်လာတဲ့ရောဂါတွေကြောင့် ကျန်းမာရေးဒုက္ခတွေ၊ လူမှုရေးဒုက္ခတွေအတွက် အဖြေရှာတဲ့အခါ နေ့စဉ်စားသုံးနေတဲ့ အာဟာရမှာလိုအပ်နေတဲ့ စားသုံးမှုတွေ ချို့တဲ့မှုကြောင့်လို

အဖြေရတဲ့အတွက် ဒီအားဖြည့်ဆန်ကို ကျွန်တော်တို့ မြန်မာနိုင်ငံက PATH အဖွဲ့နဲ့ WFP၊ UNICEF၊ World Vision၊ Save the Children၊ Myanmar Rice Federation စတဲ့ အဖွဲ့အစည်းတွေနဲ့ ဒီ Program ကို နှစ်နှစ်ကျော်ကြာအချိန်ယူပြီး ကြိုးစားဆောင်ရွက်ခဲ့ရပါတယ်။ ဒီနေ့အတွက်တော့ ကျွန်တော်တို့အတွက် သမိုင်းဝင်နေ့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုးအားဖြည့်ဆန် မြန်မာနိုင်ငံမှာ စတင်မိတ်ဆက်နိုင်ခြင်းဟာ မြန်မာနိုင်ငံလူဦးရေ အချိုးအစားမှာ ဖြစ်ပေါ်နေတဲ့ အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေနဲ့ လူမှုဒုက္ခတွေအပေါ်မှာ အကျိုးသက်ရောက်မှု ရှိစေမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ဒီအားဖြည့်ဆန်က မြန်မာနိုင်ငံအတွက် ပထမဆုံးဈေးကွက်ဖြစ်လာတဲ့အပြင် ဈေးကွက်စီးပွားရေး ဖော်ဆောင်မှုပုံစံထက်ကို ကျွန်တော်တို့နိုင်ငံက လိုအပ်တဲ့အတွက် National Population ရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခွင့်ရတယ်လို့ ယုံကြည်ပါတယ်။

အဓိကအချက်ကတော့ ဈေးကွက်နဲ့ ပြည်သူကို ဆန်စားသုံးမှုဆိုတာ ကျွန်တော်တို့ရဲ့ ပုံမှန်သမားရိုးကျ စားသုံးမှုတွေကနေ ဒီဆန်ကို ပြောင်းလဲစားသုံးဖို့ ဒါမှမဟုတ် ဒီဆန်က ဘယ်လိုအကျိုးရှိတယ်ဆိုတာကို ကျွန်တော်တို့တတွေ အသိပညာပေးနိုင်ဖို့ မီဒီယာက တစ်ဆင့် များများလုပ်ပေးနိုင်ဖို့လိုပါတယ်။ ဒီလုပ်ငန်းကို စတင်ပြီး အကောင်အထည်ဖော်ဖို့အတွက် အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေ လုပ်နေတဲ့အချိန်ကတည်းက ကျွန်တော် တော်တော်လေးအသိပညာ

ပေးလုပ်ငန်းတွေ လုပ်ပါတယ်။ ကျွန်တော်တို့ Industry မှာရှိနေတဲ့ ဆန်စက်လုပ်ငန်းရှင်တွေ၊ ဆန်ကုန်သည်တွေ ကျွန်တော်အမြဲအသိ ပညာပေးမှု လုပ်ပေးနေပါတယ်။ တချို့တော်တော်များများကတော့ စိတ်ဝင်စားမှုတွေရှိပါတယ်။ ကျွန်တော်တို့ ပထမဦးဆုံးလုပ်ငန်းကတော့ ဆန်စက်ပိုင်ရှင် ၁၀ ဦးနဲ့ ဆန်စက် ၁၀ လုံးကနေ စပြီးတော့ ထုတ်လုပ်ဖို့ စီစဉ်ထားပေမယ့် ပထမဆုံးအနေနဲ့ ဆန်စက် သုံးလုံးကပဲ စပြီးထုတ်လုပ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တစ်တွေနဲ့ လုပ်ငန်းရှင်တွေ စိတ်ပါဝင်စားမှု၊ နောက်ပြီးဈေးကွက်ပေါ်မှာ သက်ရောက်မှု၊ နောက်ပြီးစိန်ခေါ်မှုတစ်ခုဖြစ်တဲ့ လူတွေရဲ့စားသုံးမှုက ဒီဆန်ကို စားသုံးလိုက်ခြင်းဖြင့် ပြောင်းလဲစားသုံးမှာလား၊ မစားသုံးဘူးလား။ ဒီပေါ်မှာ စိုးရိမ်မှုရှိမှာလား။ လူတွေရဲ့ စိုးရိမ်ပူပန်မှုရယ်၊ ဒီလိုလူတွေရဲ့ စိတ်ခံစားချက်တစ်ခုကို အချိန်တစ်ခုယူပြီးတော့ ဈေးကွက်ကိုထိုးဖောက်ရမယ်လို့ ယူဆပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့အနေနဲ့ ပထမဆုံးအဆင့်မှာ အခက်အခဲရှိနေပါသေးတယ်။ ဒါပေမယ့်လည်းဘယ်

လိုပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံ လူဦးရေရဲ့ ကျန်းမာရေးလိုအပ်ချက်တစ်ခုကို ရအောင်ဖြည့်မယ်ဆိုတဲ့စိတ်နဲ့ လုပ်ခဲ့တဲ့အတွက် အခုတော့ ဒီနေရာကို ကျွန်တော်တို့ အမှန်တကယ်ရောက်ခဲ့ပါပြီ။ ကျွန်တော်တို့ အခုလိုစတင်မိတ်ဆက်ပြီးတာနဲ့ မကြာခင်ဈေးကွက်အတွင်းကို ဖြန့်ဖြူးပေးဖို့ အသင့်ဖြစ်သွားပါပြီ။ မကြာခင်မှာ ဈေးကွက်အတွင်းရောက်ရှိလာပါလိမ့်မယ်။ ဈေးနှုန်းကလည်း သာမန်ဆန်နဲ့ မကွာအောင် ထိန်းထားပါတယ်။ အဓိကကတော့ အကျိုးစီးပွားအတွက် ဒီဆန်ကို ပြုလုပ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်နေတဲ့ ကျန်းမာရေးလိုအပ်ချက်အတွက် ရည်ရွယ်ပြီး ထုတ်လုပ်ထားတာ ဖြစ်တဲ့အတွက် ဈေးကွက်ကို ဈေးသက်သက်သာသာနဲ့ ရောက်လာမယ်ဆိုတာ ယုံကြည်ပါတယ်။

**ဦးနေမျိုးဟိန်း**
**Gold Power ကုမ္ပဏီ ဒါရိုက်တာ**

ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူတွေအတွက် အာဟာရမြှင့်တင်ဖို့ ရည်ရွယ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံးဒီအာဟာရဖြည့်စွက်ဆန်တွေကို ဖြန့်ဖြူးရောင်းချပေးဖို့အတွက် အချိတ်အဆက်တွေ လုပ်ပြီးပါပြီ။ ကုန်စုံဆိုင်တွေအထိလိုက်လံဖြန့်ဖြူးသွားဖို့ လုပ်ဆောင်ထားပါတယ်။ အာဟာရဖြည့်ဆန်ကို စားသုံးခြင်းအားဖြင့် တစ်နေ့တာမှာ အမြဲတမ်းစိတ်ရွှင်လန်းပြီး ဗီတာမင်အများဆုံးရတဲ့အတွက်ကြောင့် သွေးအားနည်းရောဂါအပါအဝင် တခြားရောဂါပေါင်းများစွာကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။



ဒေါက်တာမျိုးမြင့်အောင်




ဦးနေလင်းဇော်



ဦးနေမျိုးဟိန်း



အဏုအာဟာရဖြည့်ဆန် စတင်မိတ်ဆက်ခြင်း အခမ်းအနား၌ အာဟာရဖြည့်ဆန်ထုတ်လုပ်သည့် အဖွဲ့များ လာရောက်ပြသမှုကို တွေ့ရစဉ်။

# အပန်းဖြေလေ့လာနိုင်သည့် ဇီဝမျိုးစုံ မျိုးကွဲများ ရှင်သန်ရာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်

***မြန်မာနိုင်ငံတွင်သာမက အာဆီယံနိုင်ငံများတွင် လှပထင်ရှားသည့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်နှင့် ကလေးခရိုင် မင်းကင်းမြို့နယ်တို့တွင်တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၃၄၆၆၃၉ ဒသမ ၃၉ ဧက စတုရန်းမိုင်အားဖြင့် ၅၄၁ ဒသမ ၆၂ စတုရန်းမိုင်ရှိကာ ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။***

**ဖိုးချမ်း-မုံရွာ**

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် ဘူမိရုပ်သွင်အားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ မှ ၄၀၀၀ အထိ မြင့်မားသော တောင်တန်းများ၊ ထုံးကျောက်၊ ရွှေလကျောက်၊ ကျောက်သားအမာခံတို့ဖြင့် ဖွဲ့စည်းထားသည့် ချောင်းမျက်နှာပြင်များ၊ သဲဆန်သော မြေနီ မြေပွ၊ ကျောက်စရစ်ရောသော မြေနီ၊ ဂျင်းကျောက်မြေနှင့် အလွန်စေးကပ်သော ရွှံ့စေးခံမြေနှင့် ပြာပုံတောင်ဒေသတွင် အပြာရောင်ဆန်သော မြေပွများဖြင့် ဖွဲ့စည်းထားသည်။

ယင်းဒေသတွင် တောအမျိုးအစား ခြောက်မျိုးရှိပြီး တောင်ခြေမှစ၍ တစ်ဆက်တစ်စပ်တည်း လေ့လာနိုင်သည့် ချောင်းဘေး အမြဲစိမ်းတော၊ အထက်ရွက်ပြတ်ရောနှော တောစို၊ အထက်ရွက်ပြတ်ရောနှောတောခြောက်၊ အောက်ရွက်ပြတ်ရောနှော တောစို၊ အင်တိုင်းတောနှင့် ထင်းရှူးတောများ ပေါက်ရောက်ကာ ပျမ်းမျှမိုးရေချိန် ၂၅ လက်မမှ လက်မ ၅၀ အထိရွာသွန်းတတ်ပြီး ပျမ်းမျှအပူချိန် ၅၀ ဒီဂရီ ဖာရင်ဟိုက်မှ ၁၀၆ ဒီဂရီ ဖာရင်ဟိုက်အကြား ရှိသည်။

သဘာဝပေါက်ပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သစ်ရာ၊ အင်ကြင်းစသည့် သစ်မျိုးစုစုပေါင်း ၄၆၅ မျိုးခန့်အပြင် ဝါးပိုးဝါး၊ တင်းဝါး၊ မျှင်ဝါးစသည့် ဝါးမျိုးများ၊ ကြိမ်ပင် လေးမျိုး၊ ရှားပါးသစ်ခွမျိုးစိတ်များ၊ ပရဆေး ၁၄၃ မျိုးနှင့် ရာသီအလိုက် ဖူးပွင့်သည့် တောပန်းမျိုးစုံ ပေါက်ရောက်ရှင်သန်လျက်ရှိကြောင်း သိရသည်။

အမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း လွတ်လပ်စွာ ရှင်သန်ကျက်စားလျက်ရှိသည့် ဆင်၊ ကျားသစ်၊ ပြောင်၊ စိုင်၊ ဆတ်၊ ဝက်ဝံ၊ ချေ၊ တောဝက်၊ တောဆိတ်၊ တောခွေး၊ မျောက်နှင့် တောကြောင် အမျိုးမျိုးစသည့် နို့တိုက်သတ္တဝါမျိုးစိတ်များ၊ အောင်လောင်၊ အောက်ချင်း၊ သစ်တောက်ငှက်၊ ဒေါင်း၊ ရစ် စသည့်ငှက်မျိုးစိတ် ၄၈၆ မျိုး၊ တွားသွားသတ္တဝါနှင့် ကုန်းနေ၊ ရေနေသတ္တဝါ ၉၄ မျိုး၊ အင်းဆက် ၄၂ မျိုးနှင့် လိပ်ပြာမျိုးစိတ် ၂၅၀ တို့ကို လေ့လာနိုင်သည်။

ထူးခြားမှုအနေဖြင့် ဥယျာဉ်အတွင်း သဘာဝရှုခင်းများကို လေ့လာခံစားရင်း ဆင်စီးခြင်း၊ တောတွင်းစခန်းချခြင်းများအပြင် ဘာသာရေးဆိုင်ရာ အမွေအနှစ်တစ်ခုဖြစ်သည့် အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ်ကြီး လျောင်းတော်မူရာ သဘာဝလိုဏ်ဂူတော်နှင့် စံကျောင်းတော်တို့ကို ဖူးမြော်နိုင်ပေသည်။

ယင်းကဲ့သို့ လှပထင်ရှားသည့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက "အခုဒီဥယျာဉ်မှာ Small Grant Project လုပ်ဆောင်ရွက်ရန်အတွက် ဖိလစ်ပိုင် အခြေစိုက် ASEAN Center for Biodiversity မှ CEO ဦးဆောင်တဲ့အဖွဲ့နဲ့ ဂျာမနီနိုင်ငံ KFW Bank မှ နည်းပညာဆိုင်ရာ အကြံပေးအရာရှိတွေ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့က ပထမဆုံးလာရောက် လေ့လာနေပါတယ်။ ACB က မြန်မာနိုင်ငံမှာရှိတဲ့ ဥယျာဉ် လေးခုမှာ ထိန်းသိမ်းရေးလုပ်ငန်းတွေ အဓိကထား ပူးပေါင်းဆောင်ရွက်မယ်။ အဲဒါတွေကတော့ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နဲ့ နတ်မတောင် အမျိုးသားဥယျာဉ်၊ မိန်းမလှ ကျွန်းဘေးမဲ့တောနဲ့ အင်းတော်ကြီး ဘေးမဲ့တောတို့ဖြစ်ပါတယ်။



ဒီအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ထိန်းသိမ်းရေး လုပ်ငန်းတိုးတက်ဖို့နဲ့ ဥယျာဉ်ပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေရဲ့ လူမှုစီးပွားရေး အခြေအနေတွေ စစ်တမ်း ကောက်ကာ မြှင့်တင်ပေးရန်အတွက် ဥယျာဉ်တွေထိန်းသိမ်းရေးလုပ်ငန်းနဲ့ ပတ်သက်သည့် စနစ်တကျ အုပ်ချုပ် လုပ်ကိုင်မှု ငါးနှစ်စာ စီမံချက် ( Management Plan )ရေးဆွဲမှာဖြစ်ပါတယ်။

အခုလက်ရှိအနေဖြင့် WCS (သားငှက်ထိန်းသိမ်းရေးအဖွဲ့)ကနေ ဦးဆောင်ပြီး EPU (Elephant Protection Unit)အဖွဲ့မှ ဥယျာဉ်အတွင်းမှာ ရှိတဲ့ တောဆင်ရိုင်း ကာကွယ်ထိန်းသိမ်းရေးအတွက် တောဆင်ရိုင်း အလေ့အထနဲ့ ပေါက်ပွားမှု မှတ်တမ်းတင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုက ဥယျာဉ်ထိန်းသိမ်းရေးအတွက် တရားမဝင် သစ်ခိုးထုတ်ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ သစ်ခွစုဆောင်းခြင်း၊ ပရဆေးပင်များ ထုတ်ယူခြင်း မရှိစေရန် ဝန်ထမ်းတွေ ဆင်တွေနဲ့ ကင်းလှည့်တယ်။ မုဆိုးတွေ့တာတို့၊ တရားမဝင်သစ်ခုတ်တာတွေကို ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ပါတယ်။ ကင်းလှည့်ရင်းဖြင့် GPS ကင်မရာ Data Found တို့တစ်ပါတည်း ယူဆောင်ပြီး ရှားပါးတောကောင်တွေ၊ အပင်တွေစတဲ့ ဇီဝမျိုးစုံမျိုးကွဲမျိုး အသစ်တွေ တွေ့ရှိရင် Smart Prto Data Base စနစ်နဲ့ မှတ်တမ်းရေးသွင်းတယ်။ Data Found ရေးသွင်းပြီးရင် ဥယျာဉ်ကို လအလိုက်၊ နှစ်အလိုက် မှတ်တမ်းတွေကို ပြန်ပြီး သုံးသပ်တယ်။ နောက်ပြီး ပတ်ဝန်းကျင် ကျေးရွာတွေမှာရှိတဲ့ ပြည်သူတွေနဲ့တွေ့ဆုံပြီးစည်းရုံးတယ်၊ ပညာပေးဟောပြောခြင်း တွေကိုလည်း ဆောင်ရွက်ပါတယ်။

ဒါ့အပြင် ဥယျာဉ်အတွင်းရှိ သဘာဝတောရိုင်းတိရစ္ဆာန်တွေရဲ့ ရှင်သန်ပေါက်ပွားမှု အခြေအနေကို လေ့လာသိရှိနိုင်ရန်အတွက် ကင်မရာ ထောင်ခြောက်တွေကို သားကောင်တွေ သွားတတ်တဲ့ လမ်းကြောင်းနဲ့ လူအနှောင့်အယှက်ကင်းနိုင်မယ့် အနေအထားတွေကိုကြည့်ပြီး တပ်ဆင်ပါတယ်။ ဒီနှစ်ကင်မရာ ထောင်တာ ပထမအကြိမ်မှာ တောဝက်နဲ့ ကျားသစ် မှတ်တမ်းပုံရပါတယ်။ ဒီနှစ်တွေ့တဲ့ ကျားသစ်ဆို အကောင် တော်တော်ကြီးတာကို လေ့လာသိရှိ ရပါတယ်။ ဒုတိယအကြိမ် ကင်မရာထောင်တော့ တောဆိတ်၊ ကျား၊ ချေ၊ ဆတ်၊ ကြောင်ကတိုးတွေ သွားလာကျက်စားတဲ့ မှတ်တမ်းပုံတွေ ရရှိပါတယ်။ လတ်တလောအနေနဲ့ ကင်မရာထောင်ခြောက် ရှစ်လုံး ထောင်ပြီးပါပြီ။ ဒီဥယျာဉ်က တော်တော်လေးကို ကျယ်ပါတယ်။ ဒါကြောင့် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းတွေ အခုထက်ပိုပြီး တိုးမြှင့်ဆောင်ရွက်နိုင်အောင် မြို့နယ်အလိုက်အဖွဲ့တွေ ဖွဲ့စည်းပြီး ဝန်ထမ်းအင်အား ထပ်မံတိုးချဲ့ပေးရင် ပိုပြီးအဆင်ပြေမယ်။ ဥယျာဉ်ပတ်ချာလည်မှာရှိတဲ့ ကျေးရွာတွေရဲ့ အသက်မွေးဝမ်းကျောင်းပုံစံကို ဥယျာဉ်အပေါ်မှာ မှီခိုမှုကို လျှော့ချပေးနိုင်တဲ့ နည်းလမ်းတွေ ရှာဖွေဆောင်ရွက်ပေးရမယ်။ လူတွေကို သစ်မခုတ်အောင် ဖမ်းတာနဲ့စာရင် သစ်မခုတ်အောင် တားဆီးအသိပညာပေးနိုင်ရင် ပိုမိုကောင်းမွန်ပါတယ်။ နောက်ပြီး ဒီဥယျာဉ်မှာတောအမျိုးအစားစုံတော့ ဇုန်အမျိုးအစားအလိုက် သတ်မှတ်ပြီး သဘာဝအခြေခံတဲ့ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရင် ဥယျာဉ်ကနေ နိုင်ငံခြားဝင်ငွေအများအပြား ရှာဖွေပေးနိုင်မှာ ဖြစ်ပါတယ်။ အခုလာမယ့် ဘုရားဖူးရာသီမှာလည်း ဥယျာဉ်က ဆင်တွေနဲ့ ဘုရားဖူးလာ သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေ အဆင်ပြေအောင် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ပေးသွားမယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အာဆီယံ အမွေအနှစ်များဖြစ်သည့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နတ်မတောင် အမျိုးသားဥယျာဉ်ဟူပြီး ခုနစ်ခုရှိရာ အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်သည် သက်တမ်းအရင့်ဆုံး ဥယျာဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သည် ဆင်၊ ကျား၊ ကျားသစ်နှင့် အခြား မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များအတွက် လုံခြုံမှု ပေးစွမ်းရာ အိမ်ဂေဟာများ အဖြစ်လည်းကောင်း၊ သစ်ခွ၊ အခြားရှားပါး အပင်မျိုးစိတ်များနှင့် ဌာနေ ငှက်များ၊ ရွှေ့ပြောင်းရေပျော်ငှက်ကလေးများတို့အတွက် အသိုက်အမြုံ အဖြစ်လည်းကောင်း စောင့်ရှောက်ပေးထားသည်။ ထို့အပြင် မြစ်ချောင်း အင်းအိုင်များအတွက် သန့်စင်သည့် ရေအရင်းအမြစ်များ ထိန်းသိမ်းဖြည့်ဆည်းပေးထားသလို လူတို့အတွက် သန့်ရှင်းသည့် လေကို ရှူရှိုက် ခွင့်ရစေပြီး အပန်းဖြေ နားနေနိုင်ရန် သဘာဝရှုခင်းများကို ကာကွယ်ပေးထားသည့် ဥယျာဉ်ကြီးတစ်ခုဖြစ်သောကြောင့် ကျွန်တော်တို့တစ်တွေ လာရောက် လေ့လာရင်း ပူးပေါင်းကာကွယ်ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# Banker of the Year in Asia 2015 ဆုကို ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌအား ဒုတိယအကြိမ်ချီးမြှင့်

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် World Finance အဖွဲ့အစည်းမှ ၂၀၁၅ ခုနှစ်အတွက် အာရှတိုက်ကိုယ်စားပြု Banker of the Year in Asia 2015 ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတတ်ဥက္ကဋ္ဌအား လည်းကောင်း၊ Best Commercial Bank in Myanmar 2015 နှင့် Best Retail Bank in Myanmar 2015 ဆုများကို ကမ္ဘောဇဘဏ်လီမိတက်အားလည်းကောင်း၊ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်က London Stock Exchange ၌ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် World Finance အဖွဲ့အစည်းက မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတတ် ဥက္ကဋ္ဌအား ဒုတိယအကြိမ်မြောက် ပေးအပ်ချီးမြှင့်သည့် အာရှတိုက်တစ်ခုလုံးအတွက် Banker of the Year in Asia 2015 ဆုကို ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း တက်ရောက်လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် Best Commercial Bank in Myanmar 2015 နှင့် Best Retail Bank in Myanmar 2015 ဆုများကို ကမ္ဘောဇဘဏ်လီမိတက် တာဝန်ရှိသူများ တက်ရောက်ရယူခဲ့ကြသည်။

ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌအား Banker of the Year in Asia 2015 အဖြစ် ဆုရွေးချယ်ရခြင်းနှင့်စပ်လျဉ်း၍ "ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းသည် မြန်မာနိုင်ငံ၏ ထိပ်တန်းပုဂ္ဂလိကဘဏ်များအနက် အကြီးဆုံးဦးဆောင်ဘဏ်ကြီးကို ဘဏ်လုပ်ငန်းစတင်ချိန်မှစ၍ ယနေ့အချိန်အထိ ယခုကဲ့သို့ တိုးတက်အောင်မြင်ကျော်ကြားလာအောင် ပဲ့ကိုင်တည်ဆောက် ထိန်းကျောင်းလာသည့် ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခင်ကာလများက တွေ့ကြုံခဲ့ရသော အခက်အခဲများကိုကျော်လွှန်၍ တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ပြန်လည်



ရောက်ရှိလာရာတွင် ကမ္ဘောဇဘဏ်အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ငွေကြေးဆိုင်ရာလုပ်ငန်းများဖြင့် ထောက်ကူပါဝင်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် ယင်းသို့အခက်အခဲ မြောက်မြားစွာကို တွေ့ကြုံကျော်ဖြတ်ပြီး ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၏ စီးပွားရေးလုပ်ငန်း ထူးချွန်စွာဆောင်ရွက်နိုင်မှု စီမံခန့်ခွဲရာတွင် ကောင်းမွန်မှု၊ ဦးစီးဦးဆောင်ပဲ့ကိုင်အုပ်ချုပ်မှု အဘက်ဘက်မှကောင်းမွန်မှုနှင့် စိတ်ရောကိုယ်ပါ အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင်မှုတို့ကြောင့် ကမ္ဘောဇဘဏ်တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ဖွံ့ဖြိုးလာခြင်း ဖြစ်ပါကြောင်း၊ ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပါဝင်လာအောင် ထောက်ကူပေးခဲ့ခြင်းဖြင့် အာရှတိုက်၏ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်စဉ်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ တိုးတက်မြင့်မားလာစေသည့် စီးပွားရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများကို တိုးတက်အောင်မြင် ဖွံ့ဖြိုးစေခဲ့ခြင်း" စသည်တို့ကြောင့် ဤဆုကို ဒုတိယအကြိမ်မြောက် ထပ်မံရွေးချယ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အထက်ပါ Bankers of the Year 2015 ဆုများကို အာရှ၊ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ ဩစတြေးလျ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသစသည့် ကမ္ဘာ့တိုက်ကြီးခုနစ်တိုက်မှ သက်ဆိုင်ရာဒေသအလိုက် ၂၀၁၅ခုနှစ်အတွင်း ဘဏ်လုပ်ငန်းဆိုင်ရာများကို ထူးချွန်ပြောင်မြောက်စွာဖြင့် တိုးတက်အောင်မြင်အောင် အုပ်ချုပ်စီမံခန့်ခွဲခဲ့ကြသည့် ပုဂ္ဂိုလ်ခုနစ်ဦးအား ရွေးချယ်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# (၁၀)ကြိမ်မြောက် ပန်းပွဲတော်နှင့် (၁၁)ကြိမ်မြောက်ဂီတပွဲတော်ကို ဒီဇင်ဘာလအတွင်း ပြင်ဦးလွင်၌ ကျင်းပမည်



**ပြင်ဦးလွင် ဒီဇင်ဘာ ၁၀**

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းကျင်းပမည့် (၁၀)ကြိမ်မြောက် ပန်းပွဲတော်နှင့်(၁၁)ကြိမ်မြောက် ဂီတပွဲတော် ကျင်းပနိုင်ရန် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၁၁ နာရီက ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီး ဥယျာဉ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးနှင့်ပြင်ဦးလွင် အခြေစိုက်သတင်းမီဒီယာများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အမျိုးသားကန်တော်ကြီးဥယျာဉ်မှ မန်နေဂျာ ကိုဝေမျိုးအောင်က (၁၀) ကြိမ်မြောက် ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ပြသနိုင်ရန် ပြည်တွင်းပြည်ပ နိုင်ငံများမှပန်းများဖြင့် စီစဉ်ဆောင်ရွက်ထားပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ဂီတပွဲတော်နှင့် ပတ်သက်၍ ကိုဝေလွင်ဌေးက ဒီဇင်ဘာ၂၅ နှင့် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း စိုင်းစိုင်းခမ်းလှိုင်၊ Jme၊ ဘန်နီဖြိုး၊ စန္ဒီမြင့်လွင်၊ ဇော်ဝင်းထွဋ်၊ Rဇာနည်၊ နီနီခင်ဇော်နှင့်အနုပညာရှင်များစွာက ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း အပန်းဖြေနေရာ တစ်ခုအပြင် လာရောက်သူများ ဗဟုသုတရရှိနိုင်ရန် လူ၊ တိရစ္ဆာန် သစ်ပင်များ၏ ကျောက်ဖြစ် ရုပ်ကြွင်းများ၊ ဝါးမျိုး ၅၇ မျိုးရှိသော ဝါးစိုက်ကွင်း၊ ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်အတွင်းမှာသာ တွေ့နိုင်သော သားမင်းများနှင့် မြန်မာ့သစ်ခွမျိုး ၃၀၀ ကျော် စိုက်ပျိုးပြသထားသော သစ်ခွစိုက်ကွင်းများ လေ့လာနိုင်မည့်အပြင် လိပ်ပြာမျိုးစိတ် ၁၂၀၀ ရှိသော မြန်မာလိပ်ပြာများ၊ လိပ်ပြာမျိုးစိတ် ၂၃၀ ကျော်ရှိသော ဂျပန်လိပ်ပြာများ၊ တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းနှင့် နီပေါနိုင်ငံ၊ တောင်အမေရိက၊ အရှေ့တောင် အာရှများမှလိပ်ပြာ မျိုးစိတ်များ၊ ရိုင်နန်ဒရိုမော် ဖစ်ဇင်မ်ဟုခေါ်သော ရှားပါးလိပ်ပြာမျိုးစိတ်များ၊ မြန်မာ့ပိုးတောင်မာများ၊ ကမ္ဘာ့ပိုးတောင်မာများကို လိပ်ပြာပြတိုက်အတွင်း ဝင်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

**ကျော်ထူး(မန္တလေး)**

# မြန်မာနိုင်ငံမှလေကြောင်းလိုင်းနှစ်ခု တိုင်ပေသို့ စတင်ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မှတိုင်ပေ တေယွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အသွားအပြန် ပျံသန်းပြေးဆွဲမည့် လေကြောင်းခရီးစဉ်သစ်ကို မြန်မာနိုင်ငံမှ လေကြောင်းလိုင်းနှစ်ခုအနေဖြင့် ဇန်နဝါရီ ၂၆ ရက်မှ စတင်၍ ပြေးဆွဲသွားမည်ဟု တိုင်ပေမြို့ပြ လေကြောင်းပျံသန်းမှု အုပ်ချုပ်ရေးအဖွဲ့က ဒီဇင်ဘာ ၈ ရက်က ပြောကြားသည်။

အဆိုပါ ရန်ကုန်-တေယွင် အသွားအပြန်ခရီးစဉ်ကို အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့်တနင်္ဂနွေနေ့များတွင် Airbus A320 လေယာဉ်များဖြင့်ပြေးဆွဲရန် MAI မှ စီစဉ်ထားသည်။

ထိုခရီးစဉ်အတွက် ယင်းလေကြောင်းလိုင်းမှ လေယာဉ်အမှတ် 8M7703 သည် ရန်ကုန်မှ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး တေယွင်သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်ကာ လေယာဉ်အမှတ် 8M7704 သည် တေယွင်မှ ညနေ ၆ နာရီခွဲတွင် စတင်ထွက်ခွာကာ ရန်ကုန်သို့ ည ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့်မူ အဆိုပါခရီးစဉ်အား အသွား/အပြန်ခရီးစဉ်အဖြစ် သုံးကြိမ်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး Boeing 737-800 ဂျက်လေယာဉ်များဖြင့် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် ပြေးဆွဲသွားမည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်အမှတ် UB-005 သည် ရန်ကုန်မှ နံနက် ၈နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ကာ တေယွင်သို့ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ လေယာဉ်အမှတ် UB-006 သည် တေယွင်မှ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်သို့ ညနေ ၅ နာရီ မိနစ်၂၀ တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် တိုင်ပေအခြေစိုက် တရုတ်လေကြောင်းလိုင်းများက တေယွင်-ရန်ကုန်ခရီးစဉ်ကို သီတင်းပတ်တိုင်း၌ အသွား/အပြန်ခရီးစဉ် ခြောက်ခုအဖြစ် Boeing 737-800 လေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိသည်။

**ဘာသာပြန်-စိန်ရင်**

## ဒီဇင်ဘာ ၁၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် (ကြာသပတေးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၀၀၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၀၀၀၀ | အသစ် |
| ၃။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၁၅၀၀ | အသစ်၊ ရှယ် |
| ၇။ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀၀၀ | |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၁၅ မှ ၂၄၂၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ မှ ၂၄၀၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၂၈၅၀ | ရှယ်၊ လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၅၀၀ | ထူး၊၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၅၀ မှ ၇၂၀ | A1,OK,S1,S2 |
| ၁၃။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁၅၀၀ | |
| ၁၄။ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ | |
| ၁၅။ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၅၀၀ | |
| ၁၆။ | ဆီးသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ | အချဉ် |
| ၁၇။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ | |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | | |

## သတင်းတိုများ

### ရေတာရှည်မြို့ ဓာတ်တော်ဘုရားကြီး ဗုဒ္ဓပူဇနိယပူဇော်မည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၁) ရပ်ကွက်ရှိ သမိုင်းဝင် ဓာတ်တော်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၃၀ အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ပွဲတော်ရက်အတွင်း လက်ဝှေ့ပြိုင်ပွဲ၊ ဇာတ်ပွဲများဖြင့် ကပြဖျော်ဖြေမည်ဖြစ်သည်။ အဆိုပါဘုရားပွဲသည်နှစ်စဉ်နှစ်တိုင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသည့် ၁၂ ပွဲဈေးသည်များ၊ ဒေသတွင်းမှ လာရောက်သူများဖြင့် စည်ကားလှသော ပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

### မြတ်ဆရာပူဇော်ပွဲ၌ စာပေဟောပြောမည်

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အတွင်း အဆိုပါကျောင်းဝင်း၌ စာရေးဆရာ လင်းသိုက်ညွန့်နှင့် ဒေါက်တာယဉ်မင်းဦး(နိုက်တင်ဂေး) တို့က စာပေရေးရာများ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

### ဂျပန်ပွဲတော် မြရိပ်ညို၌ ကျင်းပမည်

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း၊ ရန်ကုန်ဂျပန်လူမျိုးအသင်းတို့ ပူးပေါင်းကျင်းပသည့် ဂျပန်ပွဲတော်ကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီမှ ည ၈ နာရီအထိ ဗဟန်းမြို့နယ် ပုလဲလမ်းရှိ မြရိပ်ညိုဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်၌ ကရာတေးသရုပ်ပြကစားမှု၊ ကာရာအိုကေတေးဆိုပြိုင်ပွဲ၊ ဂျပန်ရိုးရာဓလေ့များဖြစ်သည့် စက္ကူခေါက်ခြင်း၊ စာရေးနည်း၊ ရိုးရာလက်ဖက်ရည်သုံးဆောင်ခြင်းများကို လက်တွေ့ခံစားနိုင်သည့် ကောင်တာများဖြင့် ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့ရှိ ဂျပန်စားသောက်ဆိုင်များနှင့် ဂျပန်လုပ်ငန်းများမှ အခန်းငယ်များ ခင်းကျင်းပြီး စားသောက်ဖွယ်ရာများ၊ ကုန်ပစ္စည်းများကိုရောင်းချ သွားမည်ဖြစ်ကြောင်းသိရသည်။ ပွဲတော်သို့ ဝင်ကြေးအခမဲ့ဖြစ်ကာ ကံစမ်းမဲ အစီအစဉ်များပါဝင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

### အမျိုးသားနေ့အခမ်းအနားကျင်းပ

ကျောက်ကြီးမြို့နယ်တွင် (၉၅)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒီဇင်ဘာ ၆ ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် (၉၅) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဖတ်ကြားပေးခဲ့ကြောင်း သိရသည်။ **မီးမီး**

### သောက်သုံးရေစစ်တမ်းများ ကောက်ယူ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ကျေးရွာအုပ်စု ၂၂ အုပ်စုရှိ ကျေးရွာပေါင်း ၃၀၂ ရွာကို ကျေးရွာအုပ်စုအလိုက် ဆင့်ပွားသင်တန်းများပို့ချခြင်း၊ ရေစစ်တမ်းများကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**



# အရပ်မျိုးကြက်ဟင်းခါးပင်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက်(၁)၊ ဦးခင်မောင်မြင့်ခြံ၌ စိုက်ပျိုးထားသည့် အရပ်မျိုးဖြစ်သော ကြက်ဟင်းခါးပင်များစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကြက်ဟင်းခါးပင်မျိုးစေ့ဝယ်ယူ၍ ပျိုးထောင်ပြီး တစ်လပြည့်ရင် အနက်တစ်ပေခွဲ ပင်ကြား-တန်းကြား ခြောက်ပေစီခြားပြီး စိုက်ပျိုးပါတယ်။ စိုက်ပျိုးရာမှာလည်း တစ်ဧကကို အပင်ပေါင်း ၁၂၀၀ ခန့် စိုက်ပျိုးနိုင်ပြီး အပင်သက်တမ်းအနေနဲ့ ရှစ်လအထိ ခံပါတယ်။ အသီးသီးတဲ့အခါမှာလည်း အပင်တစ်ပင်ကို အလုံး ၃၀၀ မှ ၄၀၀ ထိရှိပြီး ရောင်းချရာမှာ တစ်ပိဿာကို ငွေကျပ် ၇၀၀ နှုန်းအထိ ရောင်းချရပါတယ်။ ကုန်ကျငွေအနေနဲ့ တစ်ဧကကို ရှစ်သိန်းခွဲခန့်ရှိပြီး အမြတ်ငွေအနေနဲ့ကတော့ စတင်ရောင်းချချိန်မှ အသီးကုန်ဆုံးချိန် ရှစ်လတာကာလအထိ တစ်ဧက ငွေကျပ်သိန်း ၃၀ မှ ၃၅ သိန်းအထိရရှိပါတယ်" ဟု ကြက်ဟင်းခါးပင်စိုက်ပျိုးသူ ဦးခင်မောင်မြင့်က ပြောကြားသည်။ **အောင်ကို(ပြန်/ဆက်)**

# လွယ်ကူသက်သာမှုများကြောင့် ရထားဖြင့်ခရီးသွားသူ ပိုမိုများပြားလာ

**ရေတာရှည် ဒီဇင်ဘာ ၁၀**

ယခင်က ခရီးသွားလာကြရာတွင် အဝေးပြေးကားများကိုသာ အဓိက စီးနင်းသွားလာကြသော်လည်း ယခုအခါ ခရီးသွားစရိတ် သက်သာမှုအပြင် သက်သောင့်သက်သာရှိခြင်းကြောင့် ရထားစီးနင်းသူ ပိုမိုများပြားလာကြောင်း သိရသည်။

ရန်ကုန်-မန္တလေး၊ နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မော်လမြိုင် အစုန်-အဆန် ခရီးစဉ်များအလိုက် ပြေးဆွဲလျက်ရှိသော ရထားခရီးစဉ်များအား နေ့စဉ်စီးနင်းသူမြင့်တက်လာနေပြီး ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ပြုပြင်မှုများကြောင့် ရထားဝင်ချိန် ထွက်ခွာချိန် တိကျလာခြင်းမှာလည်း စီးနင်းသူအတွက် ယုံကြည်မှုပိုမိုရရှိလာသည်ကို တွေ့ရသည်။



"ကျွန်မတို့မိသားစုက ကားကို စီးလို့မရတာ၊ ကားစီးရင် ကားမူးတတ်တော့ ခရီးသွားရင် ရထားနဲ့ပဲ သွားကြရတာ၊ ရထားနဲ့သွားတော့ လေဝင်လေထွက်ကောင်းတယ်၊ သက်သောင့်သက်သာရှိတယ်။ အပေါ့အလေး ကျန်းမာရေးကိစ္စကအစ အဆင်ပြေပါတယ်။ ဗိုက်ဆာရင်လည်း ဈေးသည်တွေရှိတော့ အဆင်ပြေပါတယ်" ဟု ရန်ကုန်သို့ လိုက်ပါမည့် ခရီးသည်အမျိုးသမီးတစ်ဦးက ပြောသည်။

ရေတာရှည်မြို့နယ်တွင် ရေနီ၊ မြို့လှ၊ ဆွာ၊ ရေတာရှည်မြို့များရှိ ဘူတာများတွင် နေ့စဉ်အစုန်အဆန် အမြန်ရထားများ ရပ်တန့်ပေးသည့်အတွက် ခရီးသွားများ အဆင်ပြေလျက်ရှိကာ ခရီးသွားများပြားလာခြင်းနှင့်ပတ်သက်၍ "အခုရက်ပိုင်း ခရီးသွားတွေ အလွန်များလာတာတွေ့ရတယ်။ ခုံလက်မှတ်တောင် မနည်းလုပ် ပေးနေရတယ်" ဟု ဆွာမြို့ ဘူတာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ဘဲအစာ ဈေးနှုန်းမြင့်ပြီး ဥဈေးပုံမှန်သာရှိသောကြောင့် ဥစားဘဲမွေးမြူသူများအခက်တွေ့

**သထုံ ဒီဇင်ဘာ ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဘဲအစာဈေးနှုန်းများမြင့်တက်နေပြီး ဥဈေးနှုန်းပုံမှန်သာ ရှိနေသောကြောင့် တစ်နိုင်တစ်ပိုင် ဥစားဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ အခက်အခဲနှင့် ရင်ဆိုင်နေရပြီး အချို့မှာ လုပ်ငန်းများ ရပ်နားထားရကြောင်း ဥစားဘဲမွေးမြူသူများထံမှ သိရသည်။

"အစာဈေးက တစ်အိတ်ကို ငွေကျပ် ၅၀၀၀ ကျော်လောက် တက်လာတယ်။ ဘဲကို ဆန်ကွဲနဲ့ ပုစွန်ဖွဲ့ ကျွေးရတယ်။ နှစ်မျိုးလုံး ဈေးတက်လာတယ် ခါတိုင်းနှစ်တွေထက်စာရင် ဒီနှစ်အမြင့်ဆုံးပဲ။ ဥဈေးနှုန်းကလည်း ထင်သလောက်တက်မလာဘူး။ ဒီမှာက ဘဲမွေးဖို့ ချောင်းမြောင်းတွေမှာ ရေကနည်းလာပြီ။ ဥစားဘဲတွေက ရာသီဥတုပူလာတာနဲ့အမျှ ဥနှုန်းကျတယ်။ ဒါတွေကြောင့် ဒီနှစ် ဥစားဘဲမွေးတဲ့သူတွေ အတော်လေး အခက်အခဲဖြစ်ပါတယ်။ တော်တော်များများ ဘဲရုံတွေ ဖျက်လိုက်ပါပြီ" ဟု ဥစားဘဲမွေးမြူရေးလုပ်ငန်းအား နှစ် ၂၀ ခန့် လုပ်ကိုင်လာသူ ဦးစိန်ဝင်းက ပြောသည်။

သထုံမြို့နယ်တွင် ဥစားဘဲ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်သူ အရေအတွက် ၄၀ ခန့်ရှိသော်လည်း ယခုနှစ်တွင် လုပ်ကိုင်သူ ထက်ဝက်ခန့်မှာ လုပ်ငန်းရပ်နားထားရကြောင်း ဥစားဘဲမွေးမြူသူများက ပြောသည်။

သထုံဈေးအတွင်းမှ ဘဲဥနှင့် ဘဲစာ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးဝင်းအောင်က "ဆန်ကွဲက ပြည်ပပို့တော့ ဈေးကတက်နေတယ်။ ပုစွန်ဖွဲ့ ကျပြန်တော့လဲ မြိတ်ဘက်ကမှာရတယ်။ သူတို့ဘက်က လိုသလောက်မရပြန်ရင် ဈေးကတက်ပြန်ရော၊ ဘဲဥတွေကလည်း တခြားနေရာတွေကနေ တရားဝင်ရော တရားမဝင်ပါ ဈေးကွက်ထဲရောက်နေတော့ဘဲ ဥဈေးသိပ်တက်ပေးလို့မရပါဘူး" ဟု ပြောသည်။



ယခင်နှစ်က ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၊ ပုစွန်ဖွဲ့တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ခန့်ရှိခဲ့သော်လည်း ယခုနှစ်တွင် ဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၊ ပုစွန်ဖွဲ့တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀ ဈေးနှုန်းပေါက်နေပြီး ဥဈေးမှာ ခြံပေါက်ဈေး ငွေကျပ် ၁၁၀ နှင့် ၁၁၅ ကျပ် ဝန်းကျင်ခန့်ရှိကြောင်း သထုံရှိ ဘဲဥနှင့် ဘဲအစာ ရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။ **သက်ဦး(သထုံ)**

# မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာနဖွင့်

**မန္တလေး ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှု ဗဟိုဌာန လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ရဲသူရိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲချုပ်ဇော်ဝင်းက အမှာစကားပြောကြားပြီး တရုတ်နိုင်ငံလုံခြုံရေးနည်းပညာ ဖွံ့ဖြိုးမှုအထွေထွေအတွင်းရေးမှူး Ms. Chen Chaowu က တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကွပ်ကဲမှုဗဟိုဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းက တိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာန တည်ဆောက်မှုများနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်အဖွဲ့ခေါင်းဆောင် Mr. Wang Yong က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးထံ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကွပ်ကဲမှုဗဟိုဌာနနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးရွာအုပ်စုများအား အပေါ့စားမီးစက်များ ထောက်ပံ့

**ကန့်ဘလူ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် အပေါ့စားမီးသတ်စက်များထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က အပေါ့စားမီးသတ်စက်ကို အင်းမကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇေယာထိုက်က သင်ပန်းတောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ပထမအကြိမ်မြောက် စာပေဟောပြောပွဲကျင်းပ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် စာပေချစ်မြတ်နိုးသူများ ကော်မတီအဖွဲ့မှဦးစီး၍ ပထမအကြိမ်မြောက် စာပေဟောပြောပွဲကို မြို့မကျောင်းဓမ္မာရုံ၌ ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် လည်းကောင်း၊ အထက ကျောင်း၌ ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်တို့တွင် ကျင်းပသည်။

စာပေဟောပြောပွဲတွင် ဆရာဦးရွှေအောင်သင်း၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)၊ ဆရာဦးဘုန်း(ဓာတု)၊ ဆရာမေတ္တာရှင်(ရွှေပြည်သာ)ဦးစိုးမြင့် တို့က ဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-8623188
09-5195949

**မိဘအမည်မှန်**
ပြည်မြို့၊ အမှတ်(၁)အထက၊ န၀မတန်း(G) မှ မဆုမွန်အောင်၏ မိဘအမည်မှန်မှာ ဦးခင်မောင်သန်း ၁၄/ကလန(နိုင်)၀၇၄၁၅၃နှင့် ဒေါ်သိန်းငွေ ၇/ပမန(နိုင်)၀၀၃၇၉၇ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**
ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာရှိ အထူးသီးနှံစိုက်ခင်းဇုန်၊ အကွက်အမှတ်-၂၈(ခ)၊ မြေဧရိယာ ၁ ဒသမ ၀၀ဧကအား လိုင်စင်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခုနစ်ရက်အတွင်း အချက်အလက်အထောက်အထား အပြည့်အစုံနှင့်အတူ ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပဲခူးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**
ယာဉ်အမှတ် ၇ဃ/၈၃၆၄၊ Toyota Crown S/L (4x2) R ယာဉ်လက်ဝယ်ရှိသူဦးဇာနည်ကြိုင် ၁၂/ဒဂန(နိုင်)၀၂၆၈၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဦးသန့်ဇော်** B.Sc.IC.Q.DA, DMP, MBA, ACCA (pro)
**LCCI I,II & III**
ဒီဇင်ဘာလဆန်းသင်တန်းများစပြီ
Sec (A): Mon to Wed 6:00 - 7:45 pm (သုံးလအပြတ်)
Sec (D): Mon to Wed 9:00 - 11:00 am (အတန်းသစ် 14 Dec 2015)
ORION ၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း။ 09 5115997

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်မြင့်မြတ်ထွန်း ၇/နတလ(နိုင်)၁၄၇၁၆၂၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၈၇၅၉၃

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ထွန်းထွန်းလှိုင် ၇/ပမန(နိုင်)၁၈၅၀၈၄၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၂၆၁၁၂

**ထားဝယ် သဇင်ပန်းလှလှ**
ပန်း၊ စိုက်ပြီး သဇင်တိုင်၊ တိုင်လွတ် ၅၃၅၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ
ဖုန်း-၀၁-၅၆၀၅၆၇

**ဖခင်အမည်မှန်**
ပုသိမ်တက္ကသိုလ်၊ ဘူမိဗေဒဌာန၊ ခုံအမှတ်၄ဘ-ဖစဖြင့် ပညာသင်ယူနေသော မောင်ဖွဲ့နေပိုင် ၁၄/ပသန(နိုင်)၃၉၂၂၉၀၏ ဖခင်အမည်မှန်မှာ ဦးစန်းငွေဝင်း BSN/W 232086 ဖြစ်ပါကြောင်း။ **ဦးစန်းငွေဝင်း**

**ဖခင်အမည်မှန်**
မြန်အောင်မြို့နယ် အထက(ခွဲ)သခွပ်ကွင်း ဒုတိယတန်းမှ မပိုးပန်းချီ၏ဖခင်အမည်မှန်မှာ ဦးဖိုးပြည့် ၁၄/မအန(နိုင်)၂၂၇၇၇၅ဖြစ်ပါသည်။
**ဦးဖိုးပြည့်**

သမဝါယမဦးစီးဌာန
သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း(ရန်ကုန်)
သင်တန်းသားခေါ်ယူခြင်း
၁။ သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် ဖွင့်လှစ်မည့် သင်တန်းများ၌ တက်ရောက်လိုသူများသည် (၁၄-၁၂-၂၀၁၅)မှ(၁၈-၁၂-၂၀၁၅)အတွင်း လျှောက်ထားနိုင်သည်။
၂။ လျှောက်ထားသူများသည် အောက်ပါအရည်အချင်း နှင့်ပြည့်စုံရမည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) အနိမ့်ဆုံး အခြေခံပညာအထက်တန်းသင်ယူမှုအဆင့် ရှိရမည်၊
၃။ အောက်ပါသင်တန်းများအနက် တစ်ခုခုကို လျှောက်ထားနိုင်သည်-
(က) ကွန်ပျူတာသင်တန်း။ (သင်တန်းကာလ - ၃လ ၁၅ရက်)
(ခ) စာရင်းကိုင်သင်တန်း။ (သင်တန်းကာလ - ၃လ ၁၅ရက်)
၄။ လျှောက်လွှာပုံစံများကို သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၅၄၉၅ သို့ဆက်သွယ် လျှောက်ထားနိုင်သည်။ (အချိန်ပိုင်း သင်တန်းများလည်း ဖွင့်လှစ်မည်ဖြစ်ရာ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်သန်းလွင် ၇/နတလ (နိုင်)၁၃၁၈၀၄၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၈၀၄၂၉

ဟိုက်ဒြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး။
09 420035882, 09 73199410
09 420035884, 09 73199257

**ဖေါင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 9F/ 6429 ၏ဖေါင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖေါင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)

# အရည်အသွေးအာမခံချက်မရှိသော သောက်ရေသန့်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

၂။ ဈေးကွက်ထောက်လှမ်းစိစစ်ချက်အရ အောက်ဖော်ပြပါ သောက်ရေသန့်များမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အရည်အသွေးစိစစ်ထောက်ခံထားသည့် သောက်ရေသန့်များမဟုတ်ပါကြောင်းနှင့် သောက်ရေသန့်သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | သောက်ရေသန့်အမှတ်တံဆိပ် | လုပ်ငန်းလိပ်စာ |
|---|---|---|
| ၁။ | ပစ်တိုင်းထောင် | အမှတ်(၃၆၁/က)၊ တေးဥယျာဉ်(၃)လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂။ | MT | အမှတ်(၃၆၁/က)၊ တေးဥယျာဉ်(၃)လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | နှင်းပန်း | အမှတ်(၂၀၃)၊ အောင်သိဒ္ဓိလမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄။ | လမင်းစံ | အမှတ်(၁၇၆၊ ၁၇၇)၊ ဇမ္ဗူအေး(၆)လမ်း၊ (၁၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၅။ | Boon | အမှတ်(၄၀၁/ခ)၊ သီရိမာလာလမ်း၊ (၁၉/က) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ |
| ၆။ | ရွှေငါး | အမှတ်(၁၀၅/က)၊ (၇၂) ရပ်ကွက်၊ သဇင်လမ်းနှင့် ကံ့ကော်လမ်းထောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ |
| ၇။ | မြမြင့်မိုရ် | အမှတ်(၂၂)၊ ကျွန်းရွှေမှန်(၁)လမ်း၊ (၁၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ |
| ၈။ | သီတာဖော် | အမှတ်(၆၃)၊ ခိုင်သဇင်လမ်း၊ ကစင်၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။ |
| ၉။ | Min Min (မင်းမင်း) | အမှတ်(၂၆)၊ ရွှေလင်ဗန်း၊ ရွှေမြင့်မိုရ်ပတ်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၀။ | Geo-Aqua | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၁၁။ | အောင်သန်းထိုက် | အေးမြို့ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၂။ | မိုးကြယ် (Moe Star) | ရွှေစင်သောက်ရေသန့်စက်ရုံ၊ အမှတ်(၂၄၅)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၃။ | Y2K | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၁၄။ | DRAGON | (၀-၁၀ × ၂၀)၊ မြဝတီမင်းကြီးလမ်းနှင့် ကျွဲဆည်ကန်လမ်း၊ ၆၄ × ၆၅ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၅။ | ဇရာဦး | အမှတ်-၁၀၅/၄၂၊ အကွက်-၄ခ၊ ရွှေပဒေသာလမ်း၊ နောက်တိုးရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၁၆။ | Shwe Myanmar | ယ-၇၊ ၆၈ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ဝေသာလီလမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၇။ | နဒီ (ရေသန့်ရေခဲ) | အမှတ်(၁၃၆/၁၃၇)၊ ၆၄ × ၆၅ လမ်းကြား၊ သ-၉၊ သာယာဝတီမင်းကြီးလမ်းအနီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၈။ | ဆန္ဒပြည့် | နန-၁၄/၂၄၊ လမ်း ၆၀ (A-B)ကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြား၊ စက်မှု-၁၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၁၉။ | Skyline | ယ-၆/၂၂၊ လမ်းသွယ်(၁၅)၊ (က) ရပ်ကွက်၊ မြဝတီ မင်းကြီးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၂၀။ | CLEAN | ယ-၁၃၊ ရတနာပုံ(စ)ဈေးအနောက်ဘက်တန်း၊ ၅၉ လမ်း၊ (စ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ |
| ၂၁။ | လမင်းသာ | အကွက်(၄၂၀)၊ မာလကာခြံ၊ မဂ်လာတံတားအနီး၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ |
| ၂၂။ | Good Luck | အမှတ်-၂၇၊ Block-၁၅၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ |

၃။ အစားအသောက်(သောက်ရေသန့်) ထုတ်လုပ်ရန်ထောက်ခံချက်မရှိဘဲ ဆက်လက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ခရီးသည်တင်ယာဉ်နှင့်ဆိုင်ကယ်တိုက် တစ်ဦးသေ

**ရေနံချောင်း ဒီဇင်ဘာ ၁၀**

ရေနံချောင်းမြို့နယ် ညောင်လှရပ်ကွက်တွင် ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်မိခဲ့၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း ရေနံချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၈ ရက် ညနေ ၄ နာရီခွဲက ရေနံချောင်းမြို့ ညောင်လှရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ် ၃၅၈/၂ အနီးတွင် မကွေးမြို့မှ ရေနံချောင်းမြို့သို့ မိုးတင့်ဝေ (၄၁ နှစ်) စီးနင်းလာသော ဆိုင်ကယ်ကို ရေနံချောင်းမြို့မှ မကွေးမြို့သို့ ခင်မောင်သိန်း (၄၂နှစ်)မုံရွာမြို့နေသူ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်က တစ်ဖက်ယာဉ်ကြောအတွင်းသို့ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် မိုးတင့်ဝေမှာ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း ခင်မောင်သိန်းအား ရေနံချောင်းမြို့နယ် ညောင်လှနယ်မြေ ရဲစခန်းကအမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



တရားခံ အီးတီ(ခ) အိုက်ထွန်းအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## စိတ်ကြွရူးသွပ်ဆေးပြားများ မြို့နယ်များ၌ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက်က လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာနေ အီးတီ(ခ) အိုက်ထွန်း၏နေအိမ်ကိုရှာဖွေရာ မြန်မာငွေကျပ် ၇၉ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅၂ ပြားတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဒီဇင်ဘာ ၈ ရက်က သာကေတမြို့နယ်၊ ၁၀/ တောင်ရပ်ကွက် ရတနာလမ်းမ ဇေယျဝတီ(၆) လမ်းထိပ်တွင် လမ်းလျှောက်လာသူ အေးမင်းသူ(ခ)စာကလေးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ ရဲမြင့်အောင်(ခ) ခြင်မကိုက်အား သလ္လာဝတီ(၇) လမ်းထိပ်တွင် တွေ့ရှိဖမ်းဆီးရမိသည်။

ထို့အတူ ဒီဇင်ဘာ ၈ ရက်က နမ့်စန်ဘက်မှ တောင်ကြီးဘက်သို့ ရွှေမြင့်မိုရ် ခရီးသည်တင်မော်တော်ယာဉ်လိုင်းမှ ဝင်းတင့်မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**


မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
MGY
'အပါယ်တံခါးပိတ်စေဖို့ မြတ်မြေမဟာဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နဲ့ သွားကြစို့'
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၁/၁၂ ရက် (၉ သိန်း)
သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ၊ ဝေသာလီ၊ ရာဇဂြိုဟ် ၁၄/၁၅ ရက် (၁၀ သိန်း)
၁၄/၁၅ ရက် - ဇန်နဝါရီ ၆ (၁၀ လို)၊ ဖေဖော်ဝါရီ ၁၀ (ပြည့်ပြီး)၊ ဧပြီ ၈ (၁၅ လို)။
၁၁/၁၂ ရက် - ဇန်နဝါရီ ၂၇ (၇ လို)။ မတ် ၂ (၇ လို)။ ဟိုတယ်(၂)ညအိပ်၊ ညမောင်းခရီးစဉ် လုံးဝမပါရှိပါ။ ရန်ကုန် - ဂယာ - ရန်ကုန်
ခရီးစဉ်တိုင်းတွင် သံဃာတော်များ၊ သီလရှင်ဆရာလေးများအား ကုသိုလ်ယူသည့်အနေဖြင့် ခရီးစဉ်နှုန်းထား သီးသန့်စီစဉ်ပေးထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လသက်တမ်းကျန်ရှိလျှင် (၃၀၀၀ဝိ/-)လျှော့ပေးပါမည်။ (၁၆)ဦး (၁)ဦးအခမဲ့၊ (၁၀)ဦး ၅၀%၊ (၈)ဦး ၃၀%၊ ၅ ဦး ၁၅% (ခေါင်းဆောင်တစ်ဦးသာ) လျှော့ပေးပါသည်။ ခရီးစဉ်အတွင်း ငွေကြေးထပ်မံ ကောက်ခံခြင်း မရှိကြောင်း အထူးပင်အာမခံပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာ ကန့်သတ်ပို့ဆောင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်အရောက် ဝန်ဆောင်မှုရှိသည်။ နယ်မှခရီးသည်များအား ရန်ကုန်မြို့ရှိအဆင့်မြင့်လုံးချင်းအိမ်ကြီးတွင် အခမဲ့တည်းခိုနိုင်ခြင်းနှင့် သက်ဆိုင်ရာ လေဆိပ်၊ ကားဂိတ်များသို့ အကြိုအပို့ပြုလုပ်ပေးပါမည်။ မေတ္တာဖြင့် ရှင်းပြပေးမည့် ဦးဆောင်ဆရာတော်တစ်ပါး၊ ကျွမ်းကျင် Tour Leader တစ်ဦး နှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးပါသည်။
ရုံးချုပ် - အမှတ်(၂၇/၆)၊ ဘော်စင်(၂)လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၆၀၁၆၄၊ ၅၆၀၁၆၅၊ ၀၉-၄၉၇၇၇၀၄၅၊ ၀၉-၃၁၁၈၀၀၈၁
www.myatgoneyaung.com လိုင်စင်အမှတ် - ခ-၂၈၀၅ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၃၃၀/၂၀၁၅-၂၀၁၆(ရက) mgytravel@gmail.com

ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)
❖ ချောင်းသာ/ငွေဆောင်(နေ့စဉ်)
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

GOLDEN STAR Travels & Tours
ဂျာမနီ နိုင်ငံထုတ် MAN အဆင့်မြင့်ကားများဖြင့်...
❖ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Dec-18,24,Jan-1
❖ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း Dec-18,24,Jan-1
❖ တောင်ကြီး-အင်းလေး-ပင်းတယ-ကကကူ Dec-18,24,Jan-1
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph;01-703448, 209200, 09-5081580, 09-5036640

ပေါ်ဆန်းမွှေးသစ်ရပြီမျို့
ဈေးချိုတဲ့ပေါ်ဆန်းမွှေးသစ်များရပြီမို့ 12 မြည်
အိတ်များစပို့ပေးနေပါပြီ။
09-43334111 01-682844
09-43334222 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

ပျိုမေတို့တစ်တွေ
အသားအရေ ဝါဝါဝင်း နဂိုရည်ထက်
စိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့
ကေမ္မာမှ နန္ဒင်းလုံး ကို အစဉ်သုံးပါ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1010YR001475
မီးနေသည်များပါ သုံးနိုင်ပါသည်။
ကေမ္မာမြန်မာ့ဆေးထုတ်လုပ်ဖြန့်ချိရေး၊ ရန်ကုန်မြို့။
ဗိုလ်ချုပ်ဈေး (အပေါ်ထပ်)၊ အမှတ် (၂၈)၊ မြောက်ဘက်တန်း။
ဖုန်း - ၅၄၉၁၁၆

EPI
တတွေ့လက်တွေ့ အတတ်သင်
နိုင်မာသော အလုပ်အကိုင်အခွင့်အလမ်း၊ ရှင်းလင်းထိရောက်သောသင်ကြားမှု...
Software ▪ ၁ သိန်း
Hardware ▪ ၁ သိန်း
ဖုန်းပြုပြင်နည်းသင်တန်း
ကိုယ်ပိုင် စဉ်းစားဆုံးဖြတ်ပြီး ပြုပြင်နိုင်အောင် လုပ်ငန်းခွင်မှ ကျွမ်းကျင်ဆရာများက အခြေခံမှစ၍ အတတ်သင်ကြားပေးသည်။ နယ်သင်တန်းသားများအတွက် တည်းခိုရန် အဆောင် အခမဲ့ စီစဉ်ပေးမည်။
Data 2000 GB ပေးမည်။ ကြိုတင်အပ်နှံသူများ 10% Discount ပေးမည်။
အမှတ်(၁၃၂)၊ ဒုထပ်(ဝဲ)၊ (၃၇)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 09 25 4040 200, 09 300 47 422

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၈ယ/၈၈၅၇၃၊ ယာဉ်လက်ဝယ်ရှိသူ Shwe Pwint Ngwe Pwint Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (သထုံ)

ဖောင်းကြွပျောက်
လျှောက်ထားခြင်း
ယာဉ်အမှတ် ၃စ/၅၇၉၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန (ရွာသာကြီး)

# (၈)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ နိုင်ငံအလိုက်အဆင့် (၆) ရရှိခဲ့သော မသန်စွမ်းအားကစားအဖွဲ့အားကြိုဆို



**ရန်ကုန် ဒီဇင်ဘာ ၁၀**

စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော (၈)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အောင်ပွဲရရှိခဲ့သည့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့သည် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့ ညနေ ၃ နာရီက စင်ကာပူနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာမသန်စွမ်း အားကစားသမားများက အားကစားနည်း ၁၁ မျိုးပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၆ ခု၊ ငွေ ၁၈ ခုနှင့် ကြေး ၂၈ ခု စုစုပေါင်း ဆုတံဆိပ် ၆၂ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၆)ရရှိခဲ့သည်။ အောင်ပွဲရ မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားအဖွဲ့အား မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဒုတိယဥက္ကဋ္ဌအားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ က ပန်းစည်း၊ ပန်းကုံးများကမ်း၍ လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံမသန်စွမ်းအားကစားသမားများအနေဖြင့် ရေကူးပြိုင်ပွဲ၌ ရွှေကိုးခု၊ ပြေးခုန်ပစ်ပြိုင်ပွဲ၌ ရွှေသုံးခု၊ စစ်တုရင်ပြိုင်ပွဲ၌ ရွှေလေးခု ရရှိခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အာရှရိုးရာအားကစားပြိုင်ပွဲ၌ ငွေနှင့် ကြေး ဆွတ်ခူးရရှိခဲ့သော မြန်မာဝူရှူးအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၀**

တရုတ်နိုင်ငံ လျို့ကျိုးမြို့၌ တတိယအကြိမ်ကျင်းပခဲ့သော အာရှရိုးရာအားကစားပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကစားခဲ့သော မြန်မာဝူရှူးအဖွဲ့သည် ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခုတို့ကိုဆွတ်ခူးရရှိခဲ့ပြီး ယနေ့မွန်းတည့် ၁၂ နာရီတွင် တရုတ်လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ အာရှရိုးရာအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၉ ရက်အထိ လျို့ကျိုးမြို့၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ မြန်မာဝူရှူးအားကစားအဖွဲ့မှ မျိုးဆက်သစ်ဝူရှူးအားကစားသမားများဖြစ်သော စိုးထက်လွင်၊ ရဲရင့်သိုက်ထွန်း၊ အောင်ကိုဟန်နှင့် စံလင်းဦးတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ စိုးထက်လွင်နှင့် ရဲရင့်သိုက်ထွန်းတို့က ငွေတံဆိပ်တစ်ခုစီ ဆွတ်ခူးရရှိခဲ့ပြီး အောင်ကိုဟန်က တတိယဆုကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီတတိယအကြိမ်ကျင်းပတဲ့ အာရှရိုးရာအားကစားပြိုင်ပွဲကို မျိုးဆက်သစ်ဝူရှူး အားကစားသမားတွေကိုပဲ စေလွှတ်ခဲ့တာပါ။ စေလွှတ်ခဲ့တဲ့ရည်ရွယ်ချက်ကလည်း မျိုးဆက်သစ်တွေ နိုင်ငံတကာအတွေ့အကြုံရစေဖို့ အဓိကရည်ရွယ်စေလွှတ်ခဲ့တာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်မှ နည်းပြချုပ် ဦးခင်စိုးက ပြောသည်။

မြန်မာဝူရှူးအားကစားအဖွဲ့အနေဖြင့် ပြီးခဲ့သည့် နိုဝင်ဘာလကလည်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကိုသွားရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**




**တရုတ်နိုင်ငံ အာရှရိုးရာအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သော မြန်မာဝူရှူးအားကစားအဖွဲ့အား ဆုတံဆိပ်များနှင့်အတူ တွေ့ရစဉ်။** ဓာတ်ပုံ-မင်းထက်

## ခေါ်စပ်ကြောင်းလမ်းပြီးစီးခြင်း

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး
ဗိုလ်မှူးကြီးကြည်လွင်-ဒေါ်အေးအေးဝင်းတို့၏တူ
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဉယျာဉ်မြို့တော်နေ
ဦးမျိုးဝေ-ဒေါ်မော်မော်သန်းတို့၏တစ်ဦးတည်းသောသား
**ဗိုလ်ကျော်သူဟိန်း M.B.,B.S (D.S.M.A)**
နှင့်
နေပြည်တော်နေ
ဦးကျော်မြင့်[အတွင်းရေးမှူး နေပြည်တော်ကောင်စီ၊ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)]-ဒေါ်ကြူကြူလင်း
(ငြိမ်းချမ်းရက္ခန်းလုပ်ငန်း၊ ဝမ်းတွင်းမြို့)တို့၏သမီးကြီး
ဒေါက်တာနေရဲရင့်ကျော် (M.B.,B.S- Ygn) ၏အစ်မ
**မသိမ့်နန္ဒာအောင် (MPA, L.L.B, D.B.L, D.I.R)**
**ဒုတိယဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
တို့သည် ၃-၁၂-၂၀၁၅ရက်တွင် နေပြည်တော်၌ နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် ခေါ်စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကျော်သူဟိန်း-မသိမ့်နန္ဒာအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဝပ်ရှော့ ၂ လမ်းနေ ဦးထွန်းကြိုင်၏သား ဦးဘိုးတောနှင့် ဦးဖိုးတော ၁၂/အစန(နိုင်)၁၀၃၇၄၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ရေငင်ကျေးရွာအုပ်စု၊ ရေငင်ရွာနေ ဦးလွင်မြင့်ထွန်း ၇/လပတ(နိုင်)၀၇၈၀၅၃၏သမီး အထက(ခွဲ) မကျီးကွင်း၊ ပဉ္စမတန်း(B)မှ မဖြူသီထွန်း၏အမည်မှန်မှာ မအိဖြူသိမ့် ဖြစ်ပါကြောင်း။ **မအိဖြူသိမ့်**

## အိမ်ရောင်းမည်

သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီ(၄)လမ်း၊ ပေ(၂၀×၆၀)၊ နှစ်ထပ်အုတ်ညှပ်အိမ်၊ ဘဝိစိရေ၊ မီးစုံ၊ ဂရန်အမည်ပေါက်၊ ကိုယ်တိုင်ရောင်းမည်၊ (ညှိနှိုင်းဈေး) Ph: 09-73126311

## UNIQUE STAR TRAVELS & TOURS

ဗန်ကောက်၊ပတ္တရား: (6)D[ Dream/Safari World, Emerald Buddha, Baiyoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]
Dec: 12, 19 / Jan: 2, 9, 16, 23, 30 ($300)
ဗန်ကောက်၊ပတ္တရား: (3)D, (4)D, (5)D Dec: 12 ($200)
ဗန်ကောက်၊ဖူးခက် (6)D Dec: 24, 25, 29, 30 ($500)
ဖူးခက်/ ချင်းမိုင် (4)D Dec: 24, 25, 29, 30 ($300)
ကူမင်း၊ရှန်ဂရီလာ (8)D Dec: 12, 26 / Jan: 9, 23 ($500)

Bangkok-Pattaya-Ayuttaya
(6 Days/ 5 Nights) Airticket Included
Dec : 24, 25, 29, 30 ($ 550 / $ 650)
Feb:12, Mar: 2, 23, 30 ($ 470 / $550)
Apr: 10, 11, 12, 13, 14, 18 ($ 550/ $ 650)
Bangkok - Cambodia ($ 500)

70/A,Kabaaye Pagoda Rd, 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.
No(126), 42th St, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.





# အသေးစားစီးပွားရေးလုပ်ငန်းများ၏ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ အသေးစားစီးပွားရေး လုပ်ငန်းများ၏ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Financial Tools for Managing Small Business)ကို ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးမှုဌာန ညွှန်ကြားရေးမှူး ဒေါက်တာအိရွှေစင်ထွန်းက“ဒီ သင်တန်းမှာ လာရောက်တက်သူတွေအနေနဲ့ ရရှိနိုင်မယ့် အကျိုးရလဒ်ကတော့ သူတို့ရဲ့ Financial Statement ဆွဲတတ်သွားမယ်။ မြန်မာဘာသာနဲ့လည်း ရှင်းပြမှာဖြစ်တယ်။ သူတို့ရဲ့ ဝင်ငွေ၊ ထွက်ငွေ ဘယ်လောက်ရှိတယ်ဆိုတာ တွက်ချက်လို့ရမယ်။ ကိုယ့်လုပ်ငန်းက ရှုံးနေသလား၊ မြတ်နေသလားဆိုတာ သိမယ်။ တစ်ခါတရံ မိသားစုစီးပွားရေး လုပ်ငန်းဆိုတော့ ယူသုံးမိကြတယ်။ အခုလို စာရင်းကို ခွဲခြားသိသွားမှာဖြစ်တဲ့အတွက် အကျိုးအမြတ် ဘယ်လောက် ရတယ်ဆိုတာ သိမယ်။ အရှုံးပေါ်နေခဲ့မယ်ဆိုရင်တောင် ကိုယ့်အခြေအနေ ကိုကြည့်ပြီး သေချာသုံးသပ်နိုင်မယ်။ ဒါဆို သူတို့လုပ်ငန်းကို ကောင်းမွန်စွာ ရှေ့ဆက်နိုင်မှာဖြစ်ပါတယ်”ဟု ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် လာရောက်သင်ကြားပေးသည့် အမေရိကန်နိုင်ငံ Small Business Development Center မှ ဒါရိုက်တာ Mr. John W.Balsam ကလည်း “ငွေရေးကြေးရေးစီမံခန့်ခွဲမှုက အင်မတန်မှကို အရေးကြီးပါတယ်။ SME ဆိုတာ ကျွန်တော်တို့ရဲ့ အမေရိကန်နိုင်ငံမှာတောင် အောင်မြင်မှုက မမြန်ဆန်ကြဘူး။ ဝန်ထမ်း သုံး၊ လေးယောက်နဲ့ စကြတဲ့လုပ်ငန်း ဖြစ်တဲ့အတွက် တိုးတက်မှုက မမြန်ဆန်ဘူး။ ကျွန်တော်တို့ အမေရိကန် ပြည်ထောင်စု မွန်တားနားပြည်နယ်မှာ အသေးစားလုပ်ငန်းရှင်တွေ တော်တော်များများက ငါးနှစ်လောက်ပဲ ရှည်ကြာတာ တွေ့ရတယ်။ တော်တော်များများက ငွေကြေးကို စီမံခန့်ခွဲမှုအား မနိုင်တာကြောင့် ဆုံးရှုံးသွားကြရတာတွေ ရှိတယ်။ ဒီလိုမဖြစ်အောင်ဆောင်ရွက်ဖို့ ငွေကြေးနဲ့ပတ်သက်ပြီး ဘယ်လိုချင့်ချိန်သုံးစွဲရတယ်ဆိုတာကို အသေးစားလုပ်ငန်း လုပ်ကိုင်သူတွေရော၊ အလုပ်မလုပ် ရသေးတဲ့သူတွေရော ဒီအချက်တွေကို ကိုယ်တိုင်ဆောင်ရွက်တဲ့အခါ Plan ဆွဲလို့ရသွားမယ်”ဟု ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ငွေကြေးစီမံခန့်ခွဲမှုအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန်၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများ၏ ငွေကြေးစီမံခန့်ခွဲမှု၊ ငွေသားစီးဆင်းမှု၊ လုပ်ငန်းအရှုံးအမြတ်တို့ကို တိတိကျကျစီမံခန့်ခွဲရန်၊ မိမိလုပ်ငန်း၏အခြေအနေကို Financial Statement မှတစ်ဆင့် ဆန်းစစ်တတ်စေရန်၊ မိမိတို့ လုပ်ငန်းအခြေအနေကို မိမိတို့ကိုယ်တိုင် Financial Statements ရေးဆွဲနိုင်ရန်၊ Financial ratio ကိုကြည့်ပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်သုံးသပ်လုပ်ကိုင်ဆောင်ရွက်နိုင်လာစေရန်တို့အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အရာထမ်းများ တက်ရောက်ခဲ့ကြသည်။

**သတင်း−မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ−လှမိုး**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပင်မအစီရင်ခံစာများဖြန့်ဝေ

**ရိုခေါဒါရ် ဒီဇင်ဘာ ၁၀**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပင်မအစီရင်ခံစာများဖြန့်ဝေခြင်းအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ရိုခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဆန်ထန်ခါးရ်က ပင်မအစီရင်ခံစာဖြန့်ဝေမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အစီရင်ခံစာများကို ဖြန့်ဝေပေးခဲ့သည်။ ဖြန့်ဝေပေးသည့် အချက်အလက်များမှာ ပင်မအစီရင်ခံစာ၊ သန်းခေါင်စာရင်းမှုညွှန်းဆိုသော မြန်မာ့ပုံရိပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစီရင်ခံစာ၊ ပိုစတာများနှင့် လူဦးရေကိန်းဂဏန်းအချက်အလက်များဖြစ်ပြီး အဆိုပါအချက်အလက်များကို ဌာနဆိုင်ရာရုံးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာစာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကူးစက်ရောဂါကာကွယ်ရန် ပြည်သူများကို ကျန်းမာရေးအသိများများပေးရန်လို

**မုံရွာ ဒီဇင်ဘာ ၁၀**

အမျိုးသားသုံး ကွန်ဒုံး(ရာဘာစွပ်)ကို လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်ရန်အတွက် ထုတ်လုပ်ဖြန့်ချိခြင်း၊ အခမဲ့ပေးဝေခြင်းများ ပြုလုပ်လျက်ရှိသော်လည်း လွဲမှားစွာအသုံးချနေခြင်းကြောင့် ထိရောက်မှုလျော့နည်းနေကြောင်း မုံရွာမြို့ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ဦးသန်းထွန်းထံမှ သိရသည်။

“ကွန်ဒုံးကို မူးယစ်ဆေးဝါးသယ်တဲ့အခါမှာ ထည့်သယ်တာ တွေ့ရှိနေသလို တစ်ခါကဆိုရင် ဘိန်းဖြူမှုန့်ကို ကွန်ဒုံးထဲ ထည့်သယ်တာတွေ့ရှိခဲ့ဖူးပါတယ်။ အဲဒီလို သယ်ရာမှာ ကွန်ဒုံးထဲထည့် မျိုချပြီး သယ်ရာမှာ လူသေတော့ ဗိုက်ခွဲစစ်ကြည့်တော့ အထဲမှာ ပေါက်ပြပြီး အမှုန့်တွေ ထွက်နေတာ တွေ့ရတယ်။ တချို့နယ်က အဘွားကြီးတွေဆိုရင် ထမင်းချက်ဖို့ မီးမွှေးရလွယ်လို့ဆိုပြီး ကွန်ဒုံးကို မီးမွှေးတဲ့အထဲ ထည့်သုံးတာရှိတယ်။ အများပြည်သူတွေအနေနဲ့ တန်ဖိုးကြီးလှတဲ့ ကွန်ဒုံးကို ကျန်းမာရေးဌာနတွေမှာ အခမဲ့ရတာဆိုပြီး တလွဲသုံးနေတာတွေကို ဖျောက်ဖို့လိုပါတယ်။”ဟု ဦးသန်းထွန်းက ပြောပြသည်။

မုံရွာမြို့ရှိ သားဆက်ခြား ပညာပေးလုပ်ငန်းများ လုပ်ဆောင်နေသော INGO အဖွဲ့မှ ဝန်ထမ်းတစ်ဦးမှ ပြောပြရာတွင် ကေတီဗွီများတွင် ကွန်ဒုံးများကို သွားထားရာတွင် လက်ခံမှုမရှိကြသလို သုံးရန်အတွက်ဆိုပြီး မှာယူသည်များလည်း မရှိကြောင်း၊ လူအဝင်အထွက်များသည့်နေရာများတွင် ယခုကဲ့သို့ လိုက်လံပေးဝေခြင်း အသင့်ထားရှိခြင်းများကို လုပ်ဆောင်ခြင်းသည် ကွန်ဒုံးတွင် ပါဝင်သောအဆီက တင်းတိတ်၊ ဝက်ခြံနှင့် ဖနောင့်ကွဲသည်များကို လိမ်းလျှင် ပျောက်၍ဟူသောကြောင့် ယူကြသည်ကများကြောင်း သိရသည်။ အဆိုပါ INGO အဖွဲ့မှ မုံရွာမြို့နယ်အတွင်းသို့ တစ်လလျှင် ကွန်ဒုံးအထုပ် ပေါင်း ၄၀၀၀ ခန့် အခမဲ့ ဖြန့်ဝေပေးနေရကြောင်း သိရသည်။

“ကျန်းမာရေး အသိအမြင်က ထင်သလောက် မရှိကြသေးတာကို လုပ်ရင်းကိုင်ရင်းမှ သိလာရပါတယ်။ တလွဲမှာ သွားသုံးနေတာတွေဟာ အမှတ်တကယ် ထိရောက်မှု မရှိသလို တကယ်သုံးရမယ့်နေရာမှာ သုံးရမယ့်ပစ္စည်းတွေက အလဟဿ သွားသုံးမိသူတွေများလာတဲ့အတွက် လေလွင့်တာတွေသာ များနေတာဟာ မဖြစ်သင့်တာတွေ ပိုဖြစ်စေဖို့ အလားအလာပါ”ဟု ခုခံကျကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်တစ်ဦးက ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရန်ကုန်-ဖျာပုံခရီးစဉ်တွင် ဝေသန္တရာအမြန်ရေယာဉ် စတင်ပြေးဆွဲ

**ဖျာပုံ ဒီဇင်ဘာ ၁၀**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နှင့် ရန်ကုန်မြို့တို့ကို ဆက်သွယ်သွားလာနေသောခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ရန်ကုန်-ဖျာပုံ ဝေသန္တရာနှစ်ထပ်အမြန်ရေယာဉ်ကို ဒီဇင်ဘာ ၄ ရက်က စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ဝေသန္တရာနှစ်ထပ်အမြန်ရေယာဉ်ကို တာဝန်ခံပြေးဆွဲသည့် ဦးလှမိုးက “ကျွန်တော်တို့အနေနဲ့ ရန်ကုန်မှ အင်္ဂါနေ့နဲ့ သောကြာနေ့တိုင်း၊ ဖျာပုံမှ တနင်္ဂနွေနေ့နဲ့ ဗုဒ္ဓဟူးနေ့တိုင်း ညနေ ၆ နာရီမှာ ထွက်ပြီး ကျိုက်လတ်မြို့မှာ ခရီးသည်အတက်အဆင်းနဲ့ ကုန်တင်ကုန်ချ ခေတ္တရပ်နားပြီး ဆိုက်ကပ်ရမယ့်မြို့ကို နံနက် ၃ နာရီအရောက် မောင်းနှင်ဖို့ သတ်မှတ်ထားပါတယ်။ ရန်ကုန်နဲ့ ဖျာပုံမှာ နားတဲ့ရည်ရွယ်ချက်ကတော့ ကုန်သည်တွေအနေနဲ့ ကုန်ပစ္စည်းတွေကို အချိန်ယူပြီး စောင့်ဆိုင်းရောင်းချနိုင်ဖို့ ရည်ရွယ်တာပါ”ဟု ပြောသည်။ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးမှ အငြိမ်းစားဝန်ထမ်းများက ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့(မြစ်/ဝ)ပိုင် ဝေသန္တရာနှစ်ထပ်အမြန်ရေယာဉ်ကို တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ငှားရမ်းစနစ်ဖြင့် ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝေသန္တရာရေယာဉ်သည် ကုန်ချိန် ၁၂၀ တန်အထိ တင်ဆောင်နိုင်ပြီး ရိုးရိုးတန်းနှင့် အထက်တန်းတွင် ခရီးသည် ၂၅၀ တင်ဆောင်နိုင်သည်။ ရေယာဉ်စီးခနှုန်းထားမှာ ရိုးရိုးတန်း ၁၅၀၀ ကျပ်နှင့် အထက်တန်း ၅၀၀၀ ကျပ်ဖြစ်ပြီး ကုန်တန်ဆာခအနေဖြင့် ဆန်တစ်အိတ် ၂၀၀ ကျပ်ဖြစ်ကာ အခြားကုန်များကိုလည်း ပုဂ္ဂလိက ရေယာဉ်လိုင်းများထက် မများအောင် ကောက်ခံသွားမည်ဖြစ်ကြောင်း ရေယာဉ်တာဝန်ခံဦးလှမိုးက ပြောသည်။

မြစ်ဝကျွန်းပေါ်ဒေသတွင် ကားလမ်းများ ပေါ်ပေါက်လာခြင်းကြောင့် ရန်ကုန်မြို့သို့ ဆက်သွယ်ရာတွင် ကားလမ်းများမှ ဆက်သွယ်နိုင်သော်လည်း ကျေးလက်ဒေသတွင် နေထိုင်သူအများစုအနေဖြင့် သက်တောင့်သက်သာရှိပြီး လေကောင်းလေသန့်ရသော ရေကြောင်းခရီးကို အားထားနေကြဆဲဖြစ်ကာ မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်သို့ ကုန်ပစ္စည်းများ ပို့ဆောင်ရာတွင်လည်း ရေကြောင်းခရီးဖြင့် တင်ပို့ခြင်းက ကားဖြင့်တင်ပို့ခြင်းထက် အကုန်အကျသက်သာကာ လေလွင့်ပျက်စီးမှု နည်းပါးသဖြင့် ရေယာဉ်များကို မဖြစ်မနေ အသုံးပြုနေကြဆဲဖြစ်၍ ရေယာဉ်လိုအပ်ချက်ကို ဖြည့်ဆီးနိုင်ရန် ဝေသန္တရာနှစ်ထပ်အမြန်ရေယာဉ် ခရီးစဉ်ကို ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများဖွင့်လှစ်

**ထားဝယ် ဒီဇင်ဘာ ၁၀**

ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပညာရပ်သင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးလျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကြာအင်းကျေးရွာ၌ လက်သမားနှင့် ပန်းရန်ပညာသင်တန်းကို ဒီဇင်ဘာ ၇ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထားဝယ်မြို့နယ်သို့ ခွင့်ပြုရန်ပုံငွေကျပ် ၁၄ သန်း၊ ရေဖြူမြို့နယ်သို့ ငွေကျပ် ၁၃ သန်း၊ လောင်းလုံးမြို့နယ်သို့ ငွေကျပ် ၁၃ သန်း၊ သရက်ချောင်းမြို့နယ်သို့ ငွေကျပ် ကိုးသန်း ခွင့်ပြုပေးခဲ့ရာ ထားဝယ်မြို့နယ်တွင် အပ်ချုပ်စက်သင်တန်း တစ်ကြိမ်၊ လက်သမားနှင့် ပန်းရန်သင်တန်း တစ်ကြိမ်၊ ရေဖြူမြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာပေးသင်တန်း ငါးကြိမ်၊ လက်သမားနှင့် ပန်းရန်သင်တန်း တစ်ကြိမ်၊ ကွန်ကရစ်ဂွေသင်တန်း တစ်ကြိမ်၊ လောင်းလုံးမြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာပေးသင်တန်း ၁၀ကြိမ်၊ လက်သမားနှင့်ပန်းရန်သင်တန်း တစ်ကြိမ်၊ ကွန်ကရစ်ဂွေသင်တန်း တစ်ကြိမ်၊ သရက်ချောင်းမြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာပေးသင်တန်း လေးကြိမ်၊ လက်သမားနှင့် ပန်းရန်သင်တန်း နှစ်ကြိမ်၊ သံချည်သံကွေးသင်တန်း နှစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စုစုပေါင်းအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာပေးသင်တန်း ၁၉ ကြိမ်တွင် သင်တန်းသားသင်တန်းသူဦးရေ ၁၀၅၆ ဦး၊ လက်သမားနှင့် ပန်းရန်သင်တန်း ငါးကြိမ်တွင် သင်တန်းသား ၂၈၀၊ အပ်ချုပ်စက်သင်တန်း တစ်ကြိမ်တွင် သင်တန်းသူ ၁၅ ဦး၊ ကွန်ကရစ်ဂွေသင်တန်း နှစ်ကြိမ်တွင် သင်တန်းသား ၆၀၊ သံချည်သံကွေး သင်တန်း နှစ်ကြိမ်တွင် သင်တန်းသား ၄၀ တို့ကို သင်ကြားပေးပြီး ဖြစ်ကြောင်း၊ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၉ သန်းမှ ကျပ် ၄၅ သန်းထုတ်ယူသုံးစွဲ၍ သင်တန်းများကို ကျေးရွာ ၂၈ ရွာ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ကျန်ရှိသော ခွင့်ပြုရန်ပုံငွေကျပ် လေးသန်းဖြင့် ထားဝယ်မြို့နယ်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး သင်တန်းနှစ်ခု ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကြီး စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းကြီးက ကြီးမှူး၍ မြန်စာပေပြန့်ပွားရေးအသင်းကို ၁၉၅၉ ခုနှစ်က စတင်တည်ထောင်သူ ဆရာကြီးဦးရန်အောင်၏ နှစ်(၁၁၀)ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ခနုတိုင်းရင်းသားမွှာရုံကြီး၌ ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲသို့ စာပေအနုပညာရှင်များနှင့် စာပေဝါသနာပါသူတိုင်း မည်သူမဆို ကြွရောက်အားပေးနိုင်ကြောင်း ဒီဇင်ဘာ ၇ ရက်က ခနုတိုင်းရင်းသား မွှာရုံကြီး၌ ကျင်းပသည့် အသင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ သိရသည်။

**ရွှေတိုင်လွင်**

# သည်းခြေကျောက်တည်ခြင်း အပိုင်း (၅)

**ပါမောက္ခခင်မောင်ဝင်း (အသည်း)**

သည်းခြေကျောက်ကို ဆေးနဲ့ ကျောက်ပျော်အောင် လုပ်တာရယ်၊ ခွဲစိတ်ကုတာရယ် နည်းနှစ်နည်းရှိတယ်ဆိုတာ ပြောခဲ့ပါတယ်။

**မြန်မာပြည်က သည်းခြေကျောက်တွေ**

ဆေးနဲ့ ကျောက်ပျော်တဲ့နည်းနဲ့ ကိုလက်စထရောအဆီကျောက်တွေကိုလည်း ကုလို့ရပါတယ်။ ဒါပေမယ့် မြန်မာပြည်မှာရှိတဲ့ သည်းခြေကျောက်တွေကတော့ အဆီကျောက်တွေ မဟုတ်ဘဲ ပစ်ဂမင့်ရောင်ချယ်ကျောက်တွေဖြစ်လို့ ကျောက်ပျော်ဆေးနဲ့ ကုလို့မရပါဘူး။ ခွဲစိတ်ကုရမယ့် သည်းခြေကျောက်တွေ ဖြစ်နေပါတယ်။

**သည်းခြေကျောက်ကို ဘယ်တော့ခွဲမှာလဲ**

သည်းခြေကျောက်ရှိနေတာဟာ အချိန်မရွေး ဒုက္ခပေးနိုင်တဲ့အခြေအနေတစ်ခုကို ရောက်သွားနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ သည်းခြေကျောက်ကြောင့် ရုတ်တရက် သည်းခြေအိတ်ရောင်လာပြီး သွေးထဲကို ပိုးတွေပျံ့နှံ့စီးဝင်တာကနေ အသက်အန္တရာယ်ဆုံးရှုံးနိုင်တဲ့ အဆင့်အထိ ရောက်သွားတာမျိုး ဖြစ်နိုင်ပါတယ်။

အဲလိုရုတ်တရက် ဆိုးဆိုးရွားရွား အခြေအနေတွေ ဖြစ်နိုင်သလို သည်းခြေကျောက်ရှိပြီး နှစ်တွေအတော်ကြာလာတဲ့အခါမှာ သည်းခြေအိတ်ကင်ဆာလည်း ဖြစ်နိုင်ပါသေးတယ်။ အဲလိုဆိုရင် သည်းခြေကျောက်ရဲ့ ဆိုးရွားတဲ့အကျိုးဆက်ဖြစ်ရပ်တွေမဖြစ်ရအောင် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သည်းခြေကျောက်ကို ခွဲထုတ်သင့်သလားဆိုတာဟာတွေးစရာပါ။ သည်းခြေကျောက်ကို အကျိုးဆက်တွေ ကာကွယ်တဲ့အနေနဲ့ ခွဲထုတ်ပစ်ဖို့တော့ ဆေးပါရဂူအများစုက အကြံမပြုကြပါဘူး။ ဘာလို့လဲဆိုတော့ မခွဲဘဲထားရင်လည်း ဆိုးရွားတဲ့ အကျိုးဆက်တွေဖြစ်တဲ့နှုန်းက သိပ်နည်းပါတယ်တဲ့။ ခွဲထုတ်လို့ဖြစ်နိုင်တဲ့ အန္တရာယ်တွေဖြစ်နိုင်တာက သည်းခြေကျောက် ကာကွယ်တဲ့အနေနဲ့ ထုတ်လိုက်လို့ရမယ့် အကျိုးဆက်ထက် ပိုများနေလို့လို့ ဆိုပါတယ်။ အဲတော့ သည်းခြေကျောက်ကြောင့် ဗိုက်နာတယ်၊ ဒါမှမဟုတ် သည်းခြေရောင်လာတယ်ဆိုမှပဲ ခွဲထုတ်ပါလို့ အကြံပြုကြပါတယ်။

ဒါပေမယ့်လည်း ဒီအယူအဆကိုလက်မခံခဲ့တဲ့ ဆေးပညာရှင်တွေက ဘာပြောလဲဆိုတော့ အခုခေတ်မှာ သည်းခြေကျောက်ကို အပေါက်ကလေးဖောက်ပြီး ခွဲထုတ်တာဟာ သိပ်ကိုလွယ်ကူပြီး ဘာအန္တရာယ်မှလဲမရှိ၊ နှစ်ရက်လောက်ပဲ ဆေးရုံတက်ရမယ်။ ဒါမှမဟုတ် ပြင်ပလူနာအနေနဲ့တောင် ခွဲထုတ်နေကြပြီဆိုတော့ သည်းခြေကျောက်ခွဲထုတ်တာဟာ သိပ်ကိုလွယ်ပြီး အန္တရာယ်လည်းမရှိပါဘူး။ အဲတော့ သည်းခြေကျောက်ကိုမခွဲဘဲ ဘာဖြစ်လို့ ဆိုးရွားတဲ့ဖြစ်ရပ်တွေဖြစ်အောင် စောင့်နေမလဲ။ ဆိုးရွားတဲ့အကျိုးဆက်တွေမဖြစ်ခင် တစ်ခါတည်း ခွဲထုတ်ပစ်လိုက်ပေါ့လို့ပြောကြတဲ့ ဆေးပညာရှင်တွေလည်း ရှိပါတယ်။

သည်းခြေကျောက်ရဲ့ ဆိုးရွားတဲ့အကျိုးဆက်တွေနဲ့ပတ်သတ်လို့ ကျွန်တော့်အတွေ့အကြုံလေးတွေကို ပြောပြချင်ပါသေးတယ်။

**သည်းခြေအိတ်ကင်ဆာ**

တစ်ခါက ကျွန်တော်နဲ့ ရင်းနှီးတဲ့ ဆရာဝန်ညီအစ်ကိုမောင်နှမတစ်စုရဲ့အမေဟာ သည်းခြေကျောက်ကြောင့်ဗိုက်နာလို့ ဆေးရုံတက်ပြီး သည်းခြေအိတ်ကို ခွဲထုတ်ပါတယ်။ ခွဲစိတ်တဲ့ ပါရဂူက သည်းခြေအိတ်ကို ကြည့်လိုက်တော့ ပုံမှန်ပဲဆိုပြီး အဲဒီလူနာကို ဆေးရုံဆင်းပေးလိုက်ပြီး သည်းခြေအိတ်ကို အသားစ Biopsy ပို့တဲ့အဖြေကို မရွေးလိုက်မိပါဘူး။ အဲဒီလူနာဟာ ခြောက်လလောက်ကြာတော့ ဗိုက်တင်းလို့ဆိုပြီး ဗိုက်ကို တယ်လီဗီးရှင်းဓာတ်မှန်ရိုက်လိုက်တော့ အသည်းတစ်ခုလုံးမှာ ကင်ဆာအလုံးတွေ အပြည့်နဲ့ဖြစ်နေတာကို တွေ့ပါတယ်။ အဲတော့မှ သည်းခြေအိတ်ထုတ်တုန်းက အသားစအဖြေကို ပြန်လိုက်ရှာကြည့်လိုက်တော့ သည်းခြေအိတ်ကင်ဆာဖြစ်နေတာကို တွေ့ရပါတယ်။ သည်းခြေအိတ်ကင်ဆာရှိတာကို မသိလိုက်ဘဲ၊ မကုလိုက်ရဘဲ အသည်းတစ်ခုလုံးကို ပြန့်သွားတာပါ။

ခွဲစိတ်ပါရဂူဟာ သည်းခြေကျောက်တွေအပြည့်နဲ့သည်းခြေအိတ်ကို မျက်စိနဲ့ကြည့်ပြီး လုံးဝကောင်းတယ်လို့ ယူဆခဲ့တာပါ။ တကယ်တော့ အသားစအဖြေမှာ ကင်ဆာဖြစ်နေတာကို တွေ့ရပါတယ်။

ဆိုလိုချင်တာက သည်းခြေကျောက်ကြောင့် သည်းခြေအိတ်ကင်ဆာဆိုတာ အချိန်မရွေးဖြစ်နိုင်တယ်။ ပြီးတော့ သည်းခြေအိတ်ကင်ဆာဆိုတာ တယ်လီဗေးရှင်းဓာတ်မှန်နဲ့ ရိုက်ကြည့်၊ မျက်စိနဲ့ကြည့်လည်း မသိနိုင်ဘူးဆိုတာ မမေ့ဖို့ပါပဲ။ အဲတော့ ဒီလိုသည်းခြေအိတ်ကင်ဆာဖြစ်စေနိုင်တဲ့သည်းခြေကျောက်ကို မခွဲထုတ်ဘဲ အကြာကြီးထားလို့ မကောင်းဘူး။ လွယ်လွယ်လေးနဲ့ အပေါက်ကလေးဖောက်ပြီး ခွဲထုတ်ပစ်လို့ရတဲ့ သည်းခြေကျောက်တွေကို ဒီတိုင်းထားရတာ စိတ်မချစရာပါ။ တစ်ခါတည်း ကြိုတင်ကာကွယ် ခွဲစိတ်ထုတ်လိုက်ရင်ပြီးရောပေါ့လို့ ကျွန်တော်ကတော့ တွေးမိပါတယ်။

**သည်းခြေအိတ်ရောင်တာ**

သည်းခြေကျောက်တွေဟာ သည်းခြေအိတ်နံရံကိုပွတ်တိုက်လို့ ဒါမှမဟုတ် သည်းခြေအိတ်ရဲ့ အထွက်ပြွန်ကို ပိတ်လိုက်တဲ့အခါမှာ သည်းခြေအိတ်တစ်ခုလုံးဟာ ရောင်နိုင်ပါတယ်။ အဲဒီကနေတစ်ဆင့် သည်းခြေအိတ်တစ်ခုလုံးမှာ ပြည်တွေတည်နိုင်ပါတယ်။ အဲဒီလို သည်းခြေအိတ်နဲ့ သည်းခြေပြွန်မှာ ရောင်ကိုင်းပြီး ပိုးတွေဝင်လာတာဟာ သိပ်ကိုကြောက်ဖို့ကောင်းပါတယ်။ အဲဒီပိုးတွေ သွေးထဲကနေ လူတစ်ကိုယ်လုံးကို ပြန့်သွားရင် သေနိုင်တာပေါ့။ လုံးဝကို ပေါ့ပေါ့ထားလို့မရတဲ့ ရောဂါအခြေအနေပါ။

ဒီကိစ္စနဲ့ပတ်သတ်လို့ ကျွန်တော့်ကိုယ်တွေ့ကို ပြောပြချင်ပါတယ်။ ညတစ်ညမှာ ကျွန်တော် ဗိုက်ညာဘက်ကနေ ထိုးအောင့်ပါတယ်။ ည ၁၂ နာရီကျော်နေပြီဆိုတော့ အိမ်သားတွေကိုလည်း မနှိုးချင်တော့ ကိုယ့်ဘာသာဆေးထသောက်ပြီး စောင့်ကြည့်ပါတယ်။ ဘာကြောင့်နာတယ်ဆိုတာ သေချာမသိပါဘူး။ အဲလိုနဲ့ နောက်တစ်နာရီလောက်ကြာတော့ ပိုဆိုးလာတယ်။ အဲဒီအချိန်မှာ နာတဲ့ ပုံစံကလည်း သည်းခြေအိတ်ရောင်ပြီး နာတာနဲ့ ပိုပြီးတူလာပါတယ်။ ဗိုက်ညာဘက်တစ်ခြမ်းဟာ လုံးဝကို အထိမခံနိုင်အောင်ပါပဲ။ မနက်အစော ၂ နာရီလောက်ရောက်တော့ ဘယ်လိုမှ မခံနိုင်တော့တာနဲ့ ကျွန်တော့်အမျိုးသမီးကို နှိုးရပါတယ်။ အနာပျောက်ဆေးတွေလည်းသောက်၊ ဆေးလည်းထိုးပေါ့။ မနက် ၆ နာရီမှာ ဂေါက်သီးရိုက်ဖို့ ချိန်းထားတာရှိပေမယ့် နာနေတာ ပျောက်သွားမှာပါလို့ စိတ်အားတင်းထားပြီး ဂေါက်သီးရိုက်ဖို့ကို မဖျက်သေးပါဘူး။ ဂေါက်သမားတွေဟာ ဂေါက်နဲ့ပတ်သက်ရင် အတော်ကိုသစ္စာရှိကြတာ။ ဂေါက်သီးရိုက်ဖို့ချိန်းထားမိရင် ဖျက်ဖို့ဆိုတာ တော်တော်ကို မလွယ်တဲ့ကိစ္စပါ။ အဲတော့ ကျွန်တော်လည်း အကြီးအကျယ်ဗိုက်အောင့်နေတာကို ပေခံပြီး ဂေါက်သီးရိုက်ဖို့ချိန်းထားကို မဖျက်ပါဘူး။ ဒါပေမယ့်လည်း မနက် ၄ နာရီလောက်ရောက်တော့ ဗိုက်နာတာဟာ ပိုဆိုးလာပါတယ်။ တော်တော်ကြီးကို မခံမရပ်နိုင် ဖြစ်လာပါတယ်။ အဲတော့ ကျွန်တော်က ‘မိန်းမရေ ငါထင်တာကတော့ ငါ့မှာ သည်းခြေအိတ်ရောင်တာ ဖြစ်နေပြီထင်တယ်။ ငါလည်း မခံနိုင်တော့ဘူး။ ငါဘယ်လိုမှလည်း ဂေါက်သီးရိုက်နိုင်တော့မှာ မဟုတ်ဘူး။ အဲတော့ ပထမဆုံး ဂေါက်သီးရိုက်ဖို့ချိန်းထားတဲ့ ငါ့မိတ်ဆွေတွေ ဆရာဦးသိန်းမြင့်ထွန်း (အရိုးပါမောက္ခ)၊ ဆရာ ဦးဝင်းမြင့် (ခွဲစိတ်ပါမောက္ခ)၊ ဆရာဦးညဏ်သိန်း (ခွဲစိတ်ပါရဂူ) ဆီကို ဖုန်းဆက်ပြီး ငါဂေါက်သီးမရိုက်ဖြစ်တော့ဘူးဆိုတာကို ဆက်လိုက်တော့၊ ပြီးတော့ ငါ့ကို ဗဟိုစည်ဆေးရုံကို ပို့တော့၊ ဗဟိုစည်ဆေးရုံကိုလည်း ဖုန်းဆက်။ ဆရာဦးထွန်းဦး (ခွဲစိတ်ပါရဂူ)ဆီလည်း အကြောင်းကြားခိုင်း’ ဆိုပြီး စိတ်ကို ဒုန်းဒုန်းချ၊ ဂေါက်သီးရိုက်တာဖျက်၊ ဆေးရုံတက်ဖို့ စီစဉ်လိုက်ရပါတော့တယ်။

**(နောက်အပတ်မှာ ကျွန်တော် သည်းခြေအိတ်ရောင်တဲ့အကြောင်းကို ဆက်ပြီးရေးသွားပါတော့မယ်။)**

**ဆက်လက်ဖော်ပြပါမည်။**

**ခွဲစိတ်ပါရဂူဟာ သည်းခြေကျောက်တွေအပြည့်နဲ့သည်းခြေအိတ်ကို မျက်စေ့နဲ့ကြည့်ပြီး လုံးဝကောင်းတယ်လို့ ယူဆခဲ့တာပါ။ တကယ်တော့ အသားစအဖြေမှာ ကင်ဆာဖြစ်နေတာကို တွေ့ရပါတယ်။ ဆိုလိုချင်တာက သည်းခြေကျောက်ကြောင့် သည်းခြေအိတ်ကင်ဆာဆိုတာ အချိန်မရွေးဖြစ်နိုင်တယ်။ ပြီးတော့ သည်းခြေအိတ်ကင်ဆာဆိုတာ တယ်လီဗေးရှင်းဓာတ်မှန်နဲ့ ရိုက်ကြည့်၊ မျက်စိနဲ့ကြည့်လည်း မသိနိုင်ဘူးဆိုတာ မမေ့ဖို့ပါပဲ။ အဲတော့ ဒီလိုသည်းခြေအိတ်ကင်ဆာဖြစ်စေနိုင်တဲ့ သည်းခြေကျောက်ကို မခွဲထုတ်ဘဲအကြာကြီးထားလို့ မကောင်းဘူး. . .**

# မော်ကျွန်းတွင် နွေစပါး လျာထားဧကထက် ပိုမိုစိုက်ပျိုးမည်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခင်နှစ်က နွေစပါးအထွက်နှုန်းကောင်းခဲ့သဖြင့် ယခုနှစ်တွင် နွေစပါးကို အဓိကထားစိုက်ပျိုးသွားကြမည်ဖြစ်ကြောင်းနှင့် လျာထားဧကထက် ကျော်လွန်စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် နွေစပါးစိုက်ရာသီအတွင်း နွေစပါးများကို မိုးစပါးရိတ်သိမ်းပြီးစီးသည့်နေရာများတွင် စိုက်ပျိုးသွားရန် တောင်သူများစတင်ဆောင်ရွက်နေပြီဖြစ်ကာ ဒီဇင်ဘာ ၈ ရက်အထိ တစ်မြို့နယ်လုံးတွင် မိုးစပါး ရိတ်သိမ်းမှု ၇၀ ရာခိုင်နှုန်းခန့်အထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ နွေစပါးစိုက်ပျိုးရန် မြေပြင်ခြင်း၊ ပျိုးထောင်ပျိုးကြဲခြင်းများကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြုလုပ်နေကြပြီဖြစ်ကာ နွေစပါး စိုက်ပျိုးရာတွင် ရွှေသွယ်ရင်နှင့် သီးထပ်ရင်စပါးများကို စိုက်ပျိုးကြကြောင်း၊ ယခု ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီအတွက် လျာထားဧက ၉၃၅၀၁ ဧကထက် ကျော်လွန်စိုက်ပျိုးရန် တောင်သူများက ပြင်ဆင်နေကြကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ယခင်နှစ် နွေစပါးအထွက်နှုန်းသည် တစ်ဧကလျှင် တင်း ၉၀ မှ တင်း ၁၄၀ အထိရှိခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ဟားခါးမြို့မှ သဘာဝဘေးသင့်ပြည်သူများအတွက် မြို့ပြကွက်သစ်ဖော်ဆောင်ရေး၊ အိမ်ရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆွေးနွေး

**ဟားခါး ဒီဇင်ဘာ ၁၀**

ချင်းပြည်နယ် ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် မြို့ပြကွက်သစ်ဖော်ဆောင်ရေး၊ အိမ်ရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးတို့နှင့် ပတ်သက်၍ အစည်းအဝေးကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဇန်ထောင်းက ပြန်လည်ထူထောင်ရေးကော်မတီများ ဖွဲ့စည်းမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဟားခါးမြို့ မြို့ပြကွက်သစ်ဖော်ဆောင်ရေး၊ အိမ်ရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်က လမ်းနှင့် ရေမြောင်းဖောက်လုပ်မှု၊ သောက်သုံးရေရရှိရေး၊ မြေပြုပြင်ခြင်းနှင့် အိမ်ရာဖော်ထုတ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် တယ်လီဖုန်းတပ်ဆင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက မြို့ပြကွက်သစ်ဖော်ထုတ်ရေး မြို့ပြစီမံကိန်း(Town Plan)ရေးဆွဲမှုအခြေအနေနှင့် မြို့ပြမြေတိုးချဲ့အစီအစဉ်နှင့်ပတ်သက်၍လည်းကောင်း၊ ဟားခါးမြို့ မြို့ပြသစ်ဖော်ဆောင်ရေးနှင့် အိမ်ရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း၊ မြတ်နိုးသူကုမ္ပဏီနှင့် တင်ဝင်းထွန်းကုမ္ပဏီတို့မှ တာဝန်ရှိသူများက အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**



# ကျေးရွာချင်းဆက်လမ်းမကြီးပြုပြင်မှု ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

**ဗန်းမောက် ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ဗန်းမောက်မြို့နယ် ခေါင်းကိုက်ကျေးရွာနှင့် ကိုင်းကြီးကျေးရွာကြားတွင်ရှိသော ကျေးရွာချင်းဆက်လမ်းမကြီးသည် မိုးရာသီကာလများတွင် သွားလာ၍မရအောင် ချွတ်ယွင်းပျက်စီးနေသဖြင့် ကိုင်းကြီးကျေးရွာအုပ်စု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ စုပေါင်းပြုပြင်လျက်ရှိကြောင်း သိရသည်။

ကိုင်းကြီးကျေးရွာအုပ်စု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ဦးမြလှိုင်နှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာရှိလူငယ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များစုပေါင်း၍ စက်ယန္တရားများအကူအညီဖြင့် လမ်းမကြီးကို တိုးချဲ့ခြင်း၊ လမ်းဘေးမြောင်းများတူးခြင်း၊ မြေပေါင်တင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၈ ရက်က စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ငါးမိုင်အရှည်ရှိသော ခေါင်းကိုက်-ကိုင်းကြီး ကျေးရွာချင်းဆက်လမ်းတွင် လမ်းပိုင်းအလိုက် ကိုင်းကြီးကျေးရွာအုပ်စု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌဦးမြလှိုင်က ဦးဆောင်ကာ မံထုံနှင့်တာမကျိုင်းကြားတွင် ပန်းတောရွာမှ ဦးမုန်းရွှေကလည်းကောင်း၊ မဲတောနှင့် ခရမ်းစိပ်ကြားတွင် မဲတောရွာမှ ဦးမြင့်ဇော်ဦးကလည်းကောင်း၊ ခရမ်းစိပ်နှင့် ကိုင်းကြီးရွာကြားတွင် ဦးချစ်ဟန်ကလည်းကောင်းဦးဆောင်၍ စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးမှုနှင့် ဒေသခံများ၏ အကူအညီဖြင့် ကိုယ့်အားကိုယ်ကိုး ပြုပြင်နေကြခြင်းဖြစ်ကြောင်း၊ လမ်းမကြီး ဆက်လက်ပြုပြင်ရန် စေတနာရှင်များ၊ အလှူရှင်များလည်း လိုအပ်နေသေးကြောင်း သိရသည်။

လမ်းမကြီး ပြုပြင်ပြီးစီးပါက မံထုံဒေသစိတ်ရှိ ခေါင်းကိုက်ကိုင်းကြီးကျေးရွာ၊ ခရမ်းစိပ်ကျေးရွာနှင့် တုံးလှော်ကျေးရွာများအပါအဝင် ကျေးရွာ ၂၀ ကျော်မှ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ပိုလီယိုရောဂါကာကွယ်ဆေးသစ်(ထိုးဆေး)သည် အစက်ချကာကွယ်ဆေးထက် ရောဂါကာကွယ်မှု ပိုမိုအားသာ

**မုံရွာ ဒီဇင်ဘာ ၁၀**

ဒီဇင်ဘာလအတွင်း စတင်ထိုးနှံပေးနေသော ပိုလီယိုရောဂါ ကာကွယ်ဆေးသစ်(ထိုးဆေး)သည် ယခင်တိုက်ကျွေးနေသည့် ပိုလီယိုအစက်ချကာကွယ်ဆေးကို အစားထိုးခြင်းမဟုတ်ဘဲ ရောဂါကာကွယ်မှုကို ပိုမိုအားသာစေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"ပါးစပ်ကတိုက်ကျွေးတဲ့ ပိုလီယိုကာကွယ်ဆေးကို တိုက်ကျွေးတဲ့အခါ တော်တော်ထိရောက်ပြီး ကမ္ဘာမှာ ပိုလီယိုအရိုင်းပိုးတွေ ကင်းစင်လာပါတယ်။ အဲဒီလို ကင်းစင်လာတဲ့အတွက် သူ့ရဲ့ လုပ်ထုံးလုပ်နည်းအရ ပါးစပ်ကတိုက်ကျွေးပြီးရင် ထိုးဆေးကို အသုံးပြုရပါတယ်။ နောက်ပိုင်းမှာ ပါးစပ်ကတိုက်ကျွေးတဲ့ ကာကွယ်ဆေးကို အသုံးမပြုတော့ပါဘူး။ အောင်မြင်မှုတစ်ခုရပြီဆိုရင် ဆက်ပြီးတော့ ပိုလီယိုကင်းစင်တဲ့အခြေအနေကိုထိန်းဖို့ ထိုးဆေးထိုးမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာဝင်းလွင်က ပြောသည်။ မုံရွာမြို့ရှိ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဒီဇင်ဘာ ၃ ရက်က ကျင်းပသည့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုရောဂါကာကွယ်ဆေးထည့်သွင်းထိုးနှံခြင်း ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မတ် ၂၄ ရက်တွင် အရှေ့တောင်အာရှ၌ ပိုလီယိုကင်းစင်သည့် နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ပြီးဖြစ်ခြင်းကြောင့် ပါးစပ်မှ အစက်ချတိုက်ကျွေးသည့် ကာကွယ်ဆေးမှ ထိုးဆေးကို ပြောင်းလဲခြင်းဖြစ်ကြောင်း သိရသည်။ ပိုလီယိုရောဂါ ကာကွယ်ရန်အတွက် ထိုးဆေးထိုးခြင်းနှင့် ဆေးတိုက်ကျွေးခြင်း နှစ်မျိုးလုံးဆောင်ရွက်ခြင်းဖြင့် နှစ်မျိုးလုံး၏ အာနိသင်များပေါင်းစပ်၍ ကလေးများအတွက် ရောဂါကာကွယ်မှု ပိုမိုရရှိစေကြောင်း၊ ပိုလီယိုရောဂါကာကွယ်ဆေး (ထိုးဆေး)သည် လူအများအားထိုးနှံပေးသော ကာကွယ်ဆေးများအနက် အန္တရာယ်အကင်းဆုံးကာကွယ်ဆေးများထဲတွင် တစ်မျိုးအပါအဝင်ဖြစ်ကြောင်း သိရသည်။

အသစ်ထိုးပေးနေသည့် ကာကွယ်ဆေးကြောင့် နောက်ဆက်တွဲဆိုးကျိုးများရှိခဲ့သည်ဖြစ်စေ၊ မိဘများက စိုးရိမ်မှုများရှိသည်ဖြစ်စေ ကျန်းမာရေးဝန်ထမ်းများထံ ပြန်လာပြပါက အသေအချာ ကြည့်ရှုဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများလည်း ပေးထားကြောင်း သိရသည်။

အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိအချိန်၌ ကာကွယ်ဆေး ၁၃ မျိုးကို ထိုးနှံပေးလျက်ရှိသလို မြန်မာနိုင်ငံတွင်လည်း ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ထပ်တိုးလာသော ကာကွယ်ဆေး လေးမျိုးအပါအဝင် ကာကွယ်ဆေး ၁၃ မျိုးကို ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည်

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ပြည်သူလူထု၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အရှင်ဆန္ဒာဓိက ဦးစီးတည်ထောင်သော ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းက ရခိုင်ပြည်နယ်၏ ပထမခရီးစဉ်အဖြစ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

စစ်တွေမြို့ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ဝေဒနာရှင်ပြည်သူများအား ပုဏ္ဏားကျွန်း အထက၌ ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်ထိ သုံးရက်တိုင် အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်လာရောက်ပြီး (အခမဲ့)ကုသပေးမည်ဖြစ်ကြောင်း၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားရောဂါအထွေထွေရောဂါ၊ ကလေးနှင့် ပတ်သက်သောရောဂါများ၊ သားဖွားနှင့်မီးယပ်၊ အထွေထွေခွဲစိတ်ကုသမှုစသည့် ကုသမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုဏ္ဏားကျွန်းမြို့ပေါ်မှ ပြည်သူများအပြင် ရပ်နီးရပ်ဝေးမှ လာရောက်ပြသဆေးကုသသော ဝေဒနာရှင်ပြည်သူများ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကာ မည်သူမဆို လာရောက်ပြသကုသမှုခံယူနိုင်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**



## တိုက်နယ်ဆေးရုံတည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ခင်ဦး ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မကြာမီ တည်ဆောက်မှုအားလုံး ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသည် အလျား ၁၉၉ ပေ၊ အနံ ပေ ၁၃၀ ရှိ အာရ်စီတစ်ထပ်အဆောက်အအုံဖြစ်ပြီး ဆေးရုံအဆောက်အအုံကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၂၂၂၉ သိန်းဖြင့်လည်းကောင်း၊ ဆရာဝန်နေအိမ်၊ ဝန်ထမ်းနေအိမ်၊ ရေစင်နှင့် အခြားတည်ဆောက်မှုများအတွက် ငွေကျပ် ၃၅၃၉ သိန်းဖြင့်လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း၊ M.A.S ဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ကာ အဆိုပါ တိုက်နယ်ဆေးရုံ ဆောက်လုပ်ပြီးစီးပါက ကျေးရွာပေါင်း ၄၆ ရွာမှ ပြည်သူ ၄၇၀၀ ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# မတ်ပဲစိုက်ခင်းများတွင် ငမြှောင်တောင်ပိုးကျ၍ ပျက်စီးဆုံးရှုံးမည်ကို တောင်သူများစိုးရိမ်နေ

**ကျောက်တံခါး ဒီဇင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံအဖြစ် မတ်ပဲစိုက်ခင်းများကို တောင်သူများက အဓိကထား စိုက်ပျိုးလျက်ရှိရာ အဆိုပါမတ်ပဲစိုက်ခင်းများတွင် အရွက်စားငမြှောင်တောင်ပိုးများ ကျရောက်နေခြင်းကြောင့် မတ်ပဲစိုက်ခင်းများ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။



"ကျွန်တော်တို့ ဗောဓိကွင်းကျေးရွာအုပ်စုတင် မကပါဘူး။ တလိုင်းခင်၊ သမင်အင်းကုန်း၊ လက်ခံနဲ့ ကညင်ကျိုးကျေးရွာအုပ်စုတွေမှာလည်း အဲဒီအရွက်စားငမြှောင်တောင်ပိုးတွေ ကျရောက်နေပါတယ်။ ဒီပိုးဟာ ခူကောင်လို ပုံစံရှိပြီး ညပိုင်းမှာထွက်စားတယ်ဆိုလို့ ကျွန်တော်တို့တောင်သူတွေ ည ၈ နာရီကနေ ၁၂နာရီအထိ ဆေးဖျန်းကြပါတယ်။ ဒါလည်း ပိုးကောင်တွေက ဆက်ရှိနေပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ဗောဓိကွင်းကျေးရွာအုပ်စု ဖျံတလင်းကျေးရွာနေ တောင်သူဦးလှဦးပိုင်ဆိုင်သည့် ကွင်းအမှတ်(၉၄)တွင် အရွက်စား ငမြှောင်တောင်ပိုးများ စတင် ကျရောက်ခြင်းဖြစ်ကြောင်း၊ အကောင်းဆုံးပိုးသတ်ဆေးများဖြစ်သည့် စိုင်ကလုံပိုးသတ်ဆေးများဖြင့် ပက်ဖျန်းသော်လည်း အဆိုပါ ငမြှောင်တောင်ပိုးများမှာ မသေဘဲ မတ်ပဲစိုက်ခင်းများကို ဆက်လက်ဖျက်ဆီးနေ၍ တောင်သူများအနေဖြင့် အခက်အခဲများနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက် မတ်ပဲမျိုးတစ်တင်းကို ရှစ်သောင်းကျော်နဲ့ပေးဝယ်ပြီး စိုက်ရပါတယ်။ အခုလို စိုက်ပြီးဆယ့်ငါးရက်သား အကျော်မှာ အရွက်တွေကို စားတဲ့ ငမြှောင်တောင်ပိုးကြောင့် စိုက်ခင်းအောင်မြင်မှုမရှိဘဲ မတ်ပဲအထွက်နည်းခဲ့ရင် ကျွန်တော်တို့ တောင်သူတွေ စီးပွားရေးအခက်ကြုံရမှာဖြစ်လို့ မြို့နယ်စိုက်ပျိုးရေးဌာနအနေနဲ့ တောင်သူပညာပေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်ပေးရေးနဲ့ ငမြှောင်တောင်ရွက်စားပိုး ကာကွယ်နှိမ်နင်းရေး ဆေးဝါးနဲ့ နည်းလမ်းတွေ ကူညီဆောင်ရွက်ပေးစေလိုပါတယ်"ဟု ဖျံတလင်းကျေးရွာမှ တောင်သူဦးလှဦးက ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

## ကလေးမြို့တွင် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဖွင့်ပွဲကျင်းပ

**ကလေး ဒီဇင်ဘာ ၁၀**

ကလေးခရိုင် ကလေးမြို့ စက်မှုလယ်ယာဦးစီးဌာနတွင် သမဝါယလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှ ကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေအထောက်အပံ့ဖြင့် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းကို ဒီဇင်ဘာ ၇ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကံစောလှိုင်က အမှာစကား ပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးကျော်ဇင်က လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်း ဖွင့်လှစ်ခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက သင်တန်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅ ဦးတက်ရောက်ကြကာ သင်တန်းကာလမှာ ဒီဇင်ဘာ ၇ ရက်မှ ၁၂ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်အား ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမအသင်းသားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကာလကြာရှည်စွာ ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ကူညီဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

## ခရိုင်အား/ကာရုံးသစ်နှင့် မိုးလုံလေလုံအားကစားကွင်း တည်ဆောက်မှုများ မကြာမီပြီးစီးမည်

**ရမည်းသင်း ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ခရိုင်အား/ကာရုံးသစ်နှင့် မိုးလုံလေလုံအားကစားခန်းမအပါအဝင် အဆောက်အအုံများကို တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်အား/ကာရုံးသစ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှူး နေအိမ်၊ ဘောလုံးကွင်းတောင်ဘက်နှင့် အရှေ့ဘက်ခြမ်း အုတ်တံတိုင်းကာရံခြင်းနှင့် ကွင်းအတွင်း သံဆန်ခါများတပ်ဆင်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ကွင်းအပြင်ဘက် ရေမြောင်းများဆောင်ရွက်ခြင်းအပါအဝင် လုပ်ငန်းငါးရပ်ကို စွယ်တော်ထွန်းကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင်လအတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းတစ်ထောင် အကုန်အကျခံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး ဒီဇင်ဘာလကုန်တွင် လုပ်ငန်းအားလုံးပြီးစီးကာ အပ်နှံမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် အလျား ပေ ၁၂၀၊ အနံ ပေ ၉၀၊ အမြင့် ပေ ၃၀ ရှိ ရမည်းသင်းခရိုင် မိုးလုံလေလုံအားကစားခန်းမကိုလည်း ရွှိုင်ရယ်မြကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ်လဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**(၀၁၁)**

# ခြေကုန်ဖွင့်ရဦးမယ့် မန်ယူ၊ အမှတ်အပြည့်ယူမယ့် မန်စီးတီး

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ကြားရက်မှာ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်တွေနဲ့ ပြည့်ကျပ်နေခဲ့သလို လာမယ့် စနေ၊ တနင်္ဂနွေမှာတော့ ဥရောပပြည်တွင်းလိဂ်ပွဲတွေ ဆင်နွှဲကြဖို့ အသင့်ပြင်ဆင်နေကြပြီ ဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ပရီမီယာလိဂ်ပွဲစဉ် (၁၆) ကို ယှဉ်ပြိုင်ဖို့ ရှိနေပြီး မန်ယူအတွက်တော့ အမြဲတမ်းပွဲကျပ်အဖြစ် ကစားရလေ့ရှိတဲ့ ဘုန်းမောက်နဲ့အဝေးကွင်းမှာ ယှဉ်ပြိုင်ရဖို့ရှိနေပါတယ်။ မန်စီးတီးတို့ကလည်း အိမ်ကွင်းမှာ ဆွမ်ဆီးကိုလက်ခံကစားဖို့ရှိနေတာမို့ တန်းစီဇယားထိပ်ဆုံးကို စိုးမိုးနိုင်မလားဆိုတာ စောင့်ကြည့်ကြရမှာ ဖြစ်ပါတယ်။




**ဘုန်းမောက်နှင့်မန်ယူ**

မန်ယူဟာ ဘုန်းမောက်နဲ့ဆုံတိုင်း ခက်ခက်ခဲခဲယှဉ်ပြိုင်ရလေ့ရှိပြီး အထူးသဖြင့် ဘုန်းမောက်ကွင်းမှာ မန်ယူတို့ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတာကို ဒီပွဲမှာ တွန်းလှန်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ မန်ယူအတွက် တိုက်စစ်ရောကွင်းလယ်မှာပါ အင်အားပြည့်ကစားနိုင်မှုအားနည်းချက်ရှိနေတာကို နည်းပြဗန်ဟားပြုပြင်ဖို့လိုနေပါပြီ။ ဂိုးရရှိရေးခက်ခဲစွာ ကြိုးပမ်းနေရတဲ့ မန်ယူကို ဘုန်းမောက်တို့ ဒီပွဲမှာ ပညာပေးဖို့ ကြိုးစားလာဦးမှာဖြစ်ပါတယ်။ တန်းဆင်းဇုန်ထဲက ရုန်းထွက်မယ့် ဘုန်းမောက်ဟာ မန်ယူနဲ့ပွဲမှာ အနိမ့်ဆုံးတစ်မှတ်တော့ ရအောင်ယူပါလိမ့်မယ်။

**မန်စီးတီးနှင့်ဆွမ်ဆီး**

အမှတ်ပြည့်လိုအပ်နေတဲ့ မန်စီးတီးတို့က အခုပွဲမှာ ဆွမ်ဆီးကို အမြဲတမ်းအနိုင်ယူနေတဲ့ မှတ်တမ်းကောင်းကို ဆက်လက်ရေးထိုးဖို့ ကြိုးစားပါလိမ့်မယ်။ မန်စီးတီးအတွက် ကစားသမားတွေ ဒဏ်ရာပြဿနာရှိနေပေမယ့် အခုပွဲအိမ်ကွင်းမှာ အင်အားပြည့်ထုတ်သုံးပြီး ဂိုးပြတ်သွင်းယူနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဆွမ်ဆီးတို့က ခြေစွမ်းပိုင်း ကျဆင်းနေပြီး ဒီပွဲမှာ မန်စီးတီးကွင်းမှာ အမှတ်ခွဲယူဖို့ဆိုတာ မလွယ်ပါဘူး။

**နော့ဝှစ်ချ်နှင့် အဲဗာတန်**

ဒီပွဲကတော့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ တစ်လှည့်စီ အနိုင်ယူနေတဲ့ နှစ်သင်းဖြစ်တာမို့ အကောင်းဆုံးအခင်းအကျင်းတွေနဲ့ ပွဲထွက်ဖို့ရှိလာပါလိမ့်မယ်။ နော့ဝှစ်ချ်တို့က အိမ်ကွင်းမှာ စွမ်းဆောင်ရည်မြင့်မားပြီး ပြိုင်ဘက်တွေဆီက အနိမ့်ဆုံးတစ်မှတ်ရအောင်ယူနိုင်တဲ့ ခြေစွမ်းရှိပါတယ်။ အဲဗာတန်တို့ကတော့ အခုတလော ရလဒ်ကောင်းတွေရရှိအောင်စွမ်းဆောင်နေတာမို့ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရယူနိုင်ရေး ခြေကုန်ဖွင့် ကစားပါလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့်ဆောက်သမ်တန်**

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဆောက်သမ်တန်တို့ဟာ ဒီပွဲမှာ ပြန်လည်ဦးမော့ဖို့ ကြိုးစားပါလိမ့်မယ်။ အဝေးကွင်းမှာ သရေပွဲများနေတဲ့ ဆောက်သမ်တန်တို့က ခရစ္စတယ်ပဲလေ့စ်ရဲ့ အိမ်ကွင်း ခြေစွမ်းပြနိုင်မှုကို ထိန်းချုပ်ဖို့ ကြိုးစားမှာပါ။ ပဲလေ့စ်ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ဆောက်သမ်တန်တိုက်စစ်မှူးတွေရဲ့ အင်အားပြည့်ထိုးဖောက်မှုကို ပဲလေ့စ်ခံစစ်မှူးတွေ တောင့်မခံနိုင်ပါဘူး။

**ဝက်စ်ဟမ်းနှင့်စတုတ်**

မန်ယူကို သရေပွဲရအောင် ကြိုးစားနိုင်ခဲ့တဲ့ ဝက်စ်ဟမ်းတို့က ခြေစွမ်းမာကျောတဲ့ စတုတ်နဲ့ ရင်ဆိုင်တဲ့အခါ အိမ်ကွင်းလည်းဖြစ်တာမို့ အမှတ်ပြည့်ရအောင် အားထုတ်ပါလိမ့်မယ်။ စတုတ်ရဲ့ ကြိုးစားမှုကိုကြည့်ရင် နိုင်ပွဲတွေ ဆက်တိုက်ရယူနေပြီး ရှုံးပွဲနည်းအောင် ကစားနိုင်ခဲ့ပါတယ်။ ဝက်စ်ဟမ်းတို့ကတော့ ခြေစွမ်းကျဆင်းနေပြီး ဝက်စ်ဘရွန်းနဲ့ မန်ယူကိုတော့ သရေပွဲဆက်တိုက်ရအောင် စွမ်းဆောင်ထားနိုင်တာမို့ အခုပွဲမှာ ဝက်စ်ဟမ်းတို့ တစ်မှတ်လောက်တော့ ရအောင်ယူပါလိမ့်မယ်။

**ဆန်းဒါးလန်းနှင့်ဝက်ဖို့ဒ်**

တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ကြိုးစားရမယ့် ဆန်းဒါးလန်းအတွက်တော့ အခုပွဲက အမှတ်ပြည့်ရဖို့ အရေးပါနေပြီး လူစုံထုတ်သုံးဖို့ ပြင်ဆင်လာပါလိမ့်မယ်။ ဝက်ဖို့ဒ်ရဲ့ အားထုတ်မှုကတော့ တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်ပေမယ့် ခံစစ်မှူးတွေက ဂိုးတွေ ဆက်တိုက်ပေးနေရတာမို့ ဒီပွဲမှာ ဆန်းဒါးလန်းတို့ အခွင့်အရေးကောင်းတွေ ရရှိသွားနိုင်ပါတယ်။

## ဟဲဗီးဝိတ်ချန်ပီယံခါးပတ် ပြန်အသိမ်းခံရတဲ့ တိုင်စန်ဖူရီ

ဗြိတိသျှလက်ဝှေ့သမား တိုင်စန်ဖူရီဟာ လွန်ခဲ့တဲ့ နှစ်ပတ်က ယူကရိန်းလက်ဝှေ့ကျော် ဗလာဒီမာကလစ်ချ်ကိုအား အမှတ်နဲ့နိုင်ပြီး ဟဲဗီးဝိတ်ချန်ပီယံခါးပတ်လေးခုရယူနိုင်ခဲ့ပေမယ့် IBF ချန်ပီယံခါးပတ်ကိုတော့ ပြန်အသိမ်းခံလိုက်ရပါတယ်။ ဒီလို ဘာကြောင့်သိမ်းတာလဲဆိုရင် နှစ်ပတ်မပြည့်မီမှာပင် ကလစ်ချ်ကိုနဲ့ စိတ်မကျေပွဲပြန်ထိုးဖို့ တောင်းဆိုတာ လက်ခံလိုက်လို့ ဖြစ်တယ်လို့ ဆိုပါတယ်။IBFရဲ့ စည်းမျဉ်းအရ ဦးစွာ စိန်ခေါ်ထားမှုနဲ့သာ ထိုးသတ်ရမှာဖြစ်ပါတယ်။ တိုင်စန်ဖူရီ အနိုင်ရပြီး ၄၈ နာရီအတွင်းမှာ ယူကရိန်းလက်ဝှေ့ သမားတစ်ဦးဖြစ်တဲ့ ဗီယာချက်စလက်ဂလက်စကော့က တောင်းဆိုလိုက်ပါ တယ်။ တိုင်စန်ဖူရီအနေနဲ့ ဂလက်စကော့နဲ့သာထိုးသတ်ရမှာဖြစ်တယ်လို့ IBFက ဆိုပါတယ်။ သို့ပေမယ့် တိုင်စန်ဖူရီက ကလစ်ချ်ကိုနဲ့ ၂၀၁၆ နှစ်ဦးမှာ စိတ်မကျေပွဲ ပြန်လည်ထိုးသတ်ဖို့ လက်ခံလိုက်တဲ့အတွက် IBFက ခါးပတ်ကို ပြန်လည်သိမ်းယူခဲ့ပါတယ်။ သို့သော်လည်း တိုင်စန်ဖူရီအနေနဲ့ WBO၊ WBA နဲ့ IBO ခါးပတ်များကိုတော့ ဆက်လက်ပိုင်ဆိုင်ခွင့်ရှိဦးမှာ ဖြစ်ပါတယ်။






## ချန်ပီယံလိဂ်မှာ စံချိန်သစ်တင်ခဲ့တဲ့ စီရော်နယ်ဒို

ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ဂိုးစံချိန်တင်သွင်းယူခဲ့မှုနဲ့ စံချိန်သစ်တင်လိုက်ပြီဖြစ်ပါတယ်။ သူဟာ အင်္ဂါနေ့ညက မယ်လ်မိုနဲ့ကစားတဲ့ပွဲမှာ တစ်ယောက်တည်း လေးဂိုးသွင်းယူခဲ့မှုနဲ့ စံချိန်သစ်တင်လိုက်တာပါ။ စီရော်နယ်ဒိုဟာ အုပ်စုအဆင့်မှာ ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်လာပါတယ်။ သူဟာ ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဂိုးပေါင်း ၈၈ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့သူလည်း ဖြစ်လာပါတယ်။ ချန်ပီယံလိဂ်သမိုင်းမှာတော့ ရီးရဲမက်ဒရစ်အသင်းအနေနဲ့ တစ်ပွဲတည်းမှာ လေးဂိုးသွင်းယူနိုင်တဲ့ ကစားသမားကတော့ စီရော်နယ်ဒိုတစ်ဦးသာ ရှိသေးတယ်လို့ ဆိုပါတယ်။ ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒိုဟာ ပထမပိုင်းမပြီးမီ ရီးရဲမက်ဒရစ်ရဲ့ တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်းမှာတော့ ပွဲချိန် ၄၇၊ ၅၀နဲ့ ၅၉ မိနစ်တွေမှာ ထပ်မံဂိုးတွေ သွင်းယူပေးခဲ့တဲ့အတွက်တစ်ဦးတည်း လေးဂိုးသွင်းယူပေးခဲ့တာပါ။ ဒီပွဲမှာ ရီးရဲမက်ဒရစ်ဟာ မယ်လ်မိုအသင်းကို ရှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ငါးပွဲဆက်တိုက်ဂိုးသွင်းနိုင်ခဲ့သူ ဖြစ်ပါတယ်။

## ချန်ပီယံလိဂ်က ထွက်ခဲ့ရသော်လည်း တိုးတက်မှုရှိတယ်ဆိုတဲ့ ဗန်ဟားလ်

မန်ယူအသင်းအနေနဲ့ ချန်ပီယံလိဂ်မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပေမယ့် တိုးတက်မှုတွေ ရှိနေတယ်လို့ နည်းပြဗန်ဟားလ်က ဆိုပါတယ်။ သူ့ရဲ့လက်ထက်မှာ မန်ယူဟာ တိုးတက်မှုရှိတယ်ဆိုတာကို ဘယ်သူမှမငြင်းနိုင်ပါဘူးလို့လည်း သူက ဆိုပါတယ်။ အင်္ဂါနေ့က ချန်ပီယံလိဂ်အုပ်စုပွဲမှာ ဝုဖ်ဘတ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ပြီး အုပ်စုအဆင့်က ထွက်ခဲ့ရပေမယ့် အသင်းမှာ တိုးတက်မှုတွေရှိတယ်လို့ လွန်ခဲ့တဲ့ ၁၆ လအတွင်းမှာ မန်ယူအတွက် ကစားသမားသစ်ခေါ်ယူဖို့ ပေါင်သန်း ၂၀၀ ကျော် သုံးစွဲခဲ့တဲ့ နည်းပြဗန်ဟားလ်က ပြောကြားလိုက်တာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ မန်ယူအသင်းအနေနဲ့ ချန်ပီယံလိဂ်မှ ထွက်ခဲ့ရတဲ့အတွက် စိတ်မကောင်းပါဘူးလို့လည်း ဗန်ဟားလ်က ဆိုပါတယ်။ ဒီနှစ်က မယုံကြည်နိုင်လောက်အောင် ဖြစ်ရပ်တွေနဲ့ ကြုံတွေ့နေရတယ်လို့ ကျွန်တော် ကစားသမားတွေကို ပြောခဲ့ပြီးပါပြီ။ အခုလည်း ချန်ပီယံလိဂ်ပြိုင်ပွဲက ပြီးသွားပါပြီလို့ ဗန်ဟားလ်က ဆိုပါတယ်။




ကောင်းမြတ်သူ ➤ စုစည်းသည်

MPT
ရှေ့သို့လှမ်း၍ မြန်မာပြည်

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Mobile နံပါတ်အလှများ လေလံတင်ရောင်းချပွဲတွင် ပါဝင်ဆင်နွှဲခြင်းဖြင့် ပရဟိတလုပ်ငန်းများတွင် လှူဒါန်းနိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

- ကျင်းပမည့်နေ့ - ၁၉.၁၂.၂၀၁၅
- ကျင်းပမည့်နေရာ - Park Royal Hotel (Ball Room)
- ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ (နေ့လည်စာ တည်ခင်းဧည့်ခံပါမည်။)
- ရောင်းချမည့်နံပါတ်များ - ၂x၇၇၇၇၇၇၇၊ ၂x၈၈၈၈၈၈၈၊ ၂x၉၉၉၉၉၉၉ စသည့် (၇)လုံးပူးနံပါတ်များ အပါအဝင် (၆)လုံးပူးနံပါတ်များ၊ (၅)လုံးပူးနံပါတ်များ စုစုပေါင်း (၁၂၆)လုံး ( MPT Website တွင် နံပါတ်အပြည့်အစုံကို ဖော်ပြထားပါသည်။ )
- ခန့်မှန်းကြမ်းခင်းဈေးနှုန်း - ကျပ် ငါးသိန်း မှ ကျပ် တစ်ဆယ့်ခုနစ်သိန်းငါးသောင်း အထိ

နံပါတ်အလှ ရောင်းရငွေများဖြင့် ပရဟိတလုပ်ငန်းအဖြစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၉၉)ကျောင်းတွင် Panasonic နေရောင်ခြည်သုံး မီးအိမ်များကို လှူဒါန်းသွားပါမည်။

## ပရဟိတလုပ်ငန်းများမှာပါဝင်ဖို့ နံပါတ်အလှများ ဝယ်ယူကြပါစို့

- လေလံပွဲတွင်ပါဝင်နိုင်ရန် သင်၏အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်၊ ဘဏ်စာရင်းအသေးစိတ် စသည့်အချက်အလက်များကို ၈-၁၂-၂၀၁၅ မှ စတင်ကာ ၁၅-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ vanitynumbers@myanmaremc.com သို့ email ပေးပို့လျှောက်ထားနိုင်ပါသည်။
- လျှောက်လွှာများကို စိစစ်ပြီး ဖိတ်စာကို ၁၇-၁၂-၂၀၁၅ ရက်နေ့တွင် email ဖြင့်ပြန်လည်ပေးပို့ပါမည်။
- လေလံကျင်းပသည့်နေ့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဖိတ်စာကတ်များ ယူဆောင်လာရပါမည်။
- ကိုယ်စားဝင်ရောက်လေလံဆွဲမည့်သူများအနေနှင့် ကိုယ်စားလှယ်လွှဲစာ၊ ဖိတ်စာ၊ လေလံဆွဲခွင့်ရသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ကိုယ်စားလှယ်၏နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုယူဆောင်လာရပါမည်။
- လေလံအောင်မြင်သူကို လေလံကျင်းပသည့်နေ့တွင် ငွေသွင်းချလံများ ထုတ်ပေးမည်ဖြစ်ပြီး ၂၁-၁၂-၂၀၁၅ ရက်နေ့မှ ၂၄-၁၂-၂၀၁၅ ရက်နေ့အတွင်း မြန်မာ့စီးပွားရေးဘဏ်များတွင် ငွေပေးသွင်းရပါမည်။
- ငွေအကျေပေးချေပြီးပါက ငွေပေးသွင်းကြောင်း အထောက်အထားပြ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အမှတ် ၄၃၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့တွင် ဆင်းမ်ကတ်များကို ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက www.mpt.com.mm www.facebook.com/mptofficialpage (သို့မဟုတ်) CALL CENTER 106 | call free 24 hours everyday သို့ နေ့စဉ် ၂၄ နာရီခေါ်ဆိုနိုင်ပါသည်။

## ဆိုင်လိပ်စာပြောင်းရွှေ့ဖွင့်လှစ်ခြင်း

euphoria AUTO SERVICE CENTER အား
အောက်ဖော်ပြပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်၍ လူကြီးမင်းတို့စိတ်တိုင်းကျ အကောင်းဆုံးဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား လေးစားစွာ အသိပေးအပ်ပါသည်။




အမှတ်(၂)၊ ၂လမ်းနှင့် ၅လမ်းထောင့်၊ ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
PH : 01 5600 69

FAME
**Biogurt®**
Probiotic supplement
ဒိန်ချဉ်ဆေး
TMR 011383 (0615)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**Vomigin®**
Natural antiemetic tablet
ချင်းသောက်ဆေး
TMR 009056 (0717)
၂/၂၀၁၅ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## Victoria University College
Education for All

"အခြေခံမှ အဆင့်မြင့်ပညာသို့ - ပညာရေးသိကောင်းစရာဟောပြောပွဲ"

| | | |
|---|---|---|
| ဟောပြောမည့်သူ | - | ဒေါက်တာနေ |
| ကျင်းပမည့်နေ့ | - | ၁၈.၁၂.၂၀၁၅ (သောကြာနေ့) |
| ကျင်းပမည့်အချိန် | - | နေ့ (၁း၀၀ မှ ၃း၀၀)နာရီအထိ |
| ကျင်းပမည့်နေရာ | - | Ballroom (I), Sule Shangri-La Hotel, Yangon. |

- ဆေး၊ အင်ဂျင်နီယာ၊ ကွန်ပျူတာ၊ Business နှင့် နိုင်ငံတကာအတွက် လိုအပ်နေသောပညာရပ်များကို မှန်ကန်စွာ ရွေးချယ်ဆည်းပူးနိုင်ရန် အကြံပြုဟောပြောပါမည်။
- တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများနှင့် မိဘများ၊ ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားများ၏ မိဘများ၊ ပညာရေးစိတ်ပါဝင်စားသူများ တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ခုံနေရာအတွက် (အခမဲ့) စာရင်းပေးသွင်းရန် - အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၅၄၉၅၁၅၊ ၀၉၂၅၉၂၇၁၀၉၄

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9C/6243 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/4394 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ) စုစုပေါင်း(၂၂) ကျောင်းတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။
  - (၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
  - (၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
  - (၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာစုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများလျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) မြို့ပြအင်ဂျင်နီယာ
- (ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ် ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁၀-၁၂-၂၀၁၅ ရက်မှ စတင် ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၉-၁၂-၂၀၁၅ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)
- (ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ဂန့်ဂေါ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

၁၀။ အသစ်ဖွင့်လှစ်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရန်ကုန်)အား မြေတိုင်းရပ်ကွက် (၄၂)၊ စက်မှုဇုန်(၁) ရွှေပြည်သာမြို့နယ်တွင်လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)အား ၂၈လမ်း×၇၀လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်တွင်လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)အား လပွတ္တာမြို့သစ်၊ လပွတ္တာမြို့တွင်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

---

## ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်ရှိ နှလုံးဆေးကုသမှုဌာန၊ သားဖွားနှင့်မီးယပ်ဌာန၊ ကလေးရောဂါကုသမှုဌာန၊ ခွဲစိတ်ခန်းမကြီး၊ သွားနှင့်ခံတွင်းကုသမှုဌာန၊ အတွင်းလူနာဌာန၊ ဓာတ်ခွဲဌာနနှင့် အုပ်ချုပ်မှုဌာနသုံး စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁၄-၁၂-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင် ရယူနိုင်ပြီး ၂၄-၁၂-၂၀၁၅ရက် ညနေ ၃နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

---

## ဗန်းမော်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်ရန်
## တင်ဒါခေါ်ယူခြင်း

၁။ ဗန်းမော်မြို့၊ ရွှေပြည်သာမြို့ကွက်သစ်အတွင်းရှိ အနီးကွင်းအမှတ် OSS ဦးပိုင်အမှတ် (၁၅၆၀+၁၅၆၁+၁၅၆၂+၁၅၆၃+၁၅၆၄)ပေါ်ရှိ မြေဧရိယာ ၂၀ဒသမ ၄၅ဧကပေါ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်ရန် အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အဝေးပြေးယာဉ်ရပ်နားစခန်းအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၁၄-၁၂-၂၀၁၅ ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၃၁-၁၂-၂၀၁၅ရက် ညနေ ၃း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄

**တင်ဒါစိစစ်ရေးနှင့်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**
**မြစ်ကြီးနားမြို့**

---

## မိုးညှင်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်ရန်
## တင်ဒါခေါ်ယူခြင်း

၁။ မိုးညှင်းမြို့၊ မိုးညှင်းဒီဂရီကောလိပ်အနီး၊ မိုးညှင်းမြို့ရှောင်ကွင်းလမ်းဘေးရှိ ကြေးတိုင်မြေကွင်း မြေဧရိယာ ၁၀ဒသမ ၅ဧကပေါ်တွင် အဝေးပြေးယာဉ်ရပ်နားစခန်းဆောက်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အဝေးပြေးယာဉ်ရပ်နားစခန်းအား ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံရမည်ဖြစ်ပြီး ဆောင်ရွက်လိုသူများအနေဖြင့် တင်ဒါလျှောက်လွှာများကို ၁၄-၁၂-၂၀၁၅ ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၃၁-၁၂-၂၀၁၅ရက် ညနေ ၃း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄

**တင်ဒါစိစစ်ရေးနှင့်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**
**မြစ်ကြီးနားမြို့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၇၅

ဒေါ်ညွန့်ညွန့်စန်း နှင့် ၁။ မသင်းသင်းဌေး
၂။ ကိုစိန်ဝင်း
၃။ မရွှေရည်ဝင်း

**တရားလို** **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်များဖြစ်ကြသည့် မသင်းသင်းဌေး၊ ကိုစိန်ဝင်း(အတူနေလုပ်ငန်းတူ မောင်နှမ)နှင့် မရွှေရည်ဝင်း(ဆိုင်ဝန်ထမ်းစာရေးမ)စိန်မြင့်မိုရ် ၄ပိ၊ ငါးခြောက်နှင့်ကုန်မျိုးစုံရောင်းဝယ်ရေး ၈၅လမ်း၊ ၂၈×၂၉လမ်းကြားနေကြသူများ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ညွန့်ညွန့်စန်းက ငါးခြောက်ကုန်ဖိုး ကြွေးကျန်ငွေကျပ် ၁၁၈၄၉၂၀၀၀/-ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ရက် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာတင့်ညို)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### နတ်မောက်မြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၆၆

ဒေါ်သန်းသန်းနွယ် နှင့် ဦးကျော်စံမြင့်
**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ငမင်ကျေးရွာ၊ ကမ္ဘာ့သစ်ဆိုင်ကယ်ပြုပြင်ရေးနေ ဦးကျော်စံမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မသန်းသန်းနွယ်က လင်မယားကွာရှင်း ပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**မြင့်ဇော်**
**မြို့နယ်တရားသူကြီး**
**နတ်မောက်မြို့နယ်တရားရုံး**

---

## လမ်းကျယ်မြေညီထပ်
## တိုက်ခန်းကျယ်ရောင်းမည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းမ(ခ)ဇေယျာဝတီလမ်းမ၊(၂၅×၅၀)ပေ၊ မြေညီထပ် သိန်း-၂၀၀၀
**ဖုန်း-၀၉-၇၉၅၈၈၀၈၃၀၊ ၀၉-၂၆၂၃၈၅၅၁၁**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုလောမြို့၊ နန်းတောင်ကျေးရွာနေ မြိတ်တက္ကသိုလ်မှ BA (English)ဖြင့် အောင်မြင်ခဲ့သော မခင်စုစုလှိုင်၏ဖခင် ဦးရှုချယ်နှင့် ဦးညွန့်လှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးရှုချယ်(ခ)ဦးညွန့်လှိုင် ၆/ပလန(နိုင်)၀၄၅၃၅၈**

---

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်နေ မခန့်ခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးကိုကြီး ၉/ပမန(နိုင်)၁၀၈၄၇၆ ဖြစ်ပါကြောင်း။
**ဦးကိုကြီး ၉/ပမန(နိုင်)၁၀၈၄၇၆**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ တောင်ညောင်ကုန်းအုပ်စု၊ လေသာကုန်းကျေးရွာနေ အထက(၆) တောင်ညောင်ကုန်းကျေးရွာ နဝမတန်း(ခ)မှ မနုနုဝေ၏ဖခင်အမည်မှန်မှာ ဦးသန်းစိုး ဖြစ်ပါကြောင်း။ **ဦးသန်းစိုး ၉/ပဘန(နိုင်)၁၂၂၇၂၀**

---

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ တောင်ညောင်ကုန်းအုပ်စု၊ လေသာကုန်းကျေးရွာနေ အထက(၆) တောင်ညောင်ကုန်းကျေးရွာ၊ နဝမတန်း(ခ)မှ မသက်သက်ဝင်း၏ဖခင်အမည်မှန်မှာ ဦးမောင်ဝင်းဖြစ်ပါကြောင်း။**ဦးမောင်ဝင်း ၉/ပဘန(နိုင်)၀၃၃၇၂၉**

---

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ မြို့နယ်အသီးသီးရှိ အိမ်ရာစီမံကိန်းများ၏ Commercial Area နှင့် လူနေခန်းများအား ဒေသန္တရပေါက်ဈေးအတိုင်း ရောင်းချပေးရန်ရှိပါသဖြင့် ဝယ်ယူလိုသူများအနေဖြင့် ဤကြေညာချက်ပါသည့်ရက်မှ (၁၄)ရက်အတွင်း ကိုယ်တိုင်ရေးလျှောက်လွှာဖြင့် စာရင်းပေးသွင်းထားနိုင်ပါသည်-

| စဉ် | စီမံကိန်းအမည်/တည်နေရာ | အကျယ်အဝန်း | အရေအတွက် |
|---|---|---|---|
| (က) | ရွှေမြယာ(၂)အဆင့်မြင့်အိမ်ရာ (မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း) | ၂၂၀၃ စ/ပေ | - ၁၃ခန်း |
| | | ၂၆၈၃.၅ စ/ပေ | - ၄၈ခန်း |
| | | ၂၆၃၅ စ/ပေ | - ၂ခန်း |
| | | ၂၅၂၅.၃ စ/ပေ | - ၄ခန်း |
| (ခ) | River View Point Condominium (အလုံမြို့နယ်၊ ကမ်းနားလမ်း) | ၁၅၀၁၇ စ/ပေ (Commercial) | - ၁ထပ် |
| | | ၁၈၀၇ စ/ပေ | - ၂ခန်း |
| | | ၁၈၁၈.၅ စ/ပေ | - ၁ခန်း |
| | | ၁၉၁၁ စ/ပေ | - ၁၀ခန်း |
| | | ၁၉၆၈.၅ စ/ပေ | - ၁၆ခန်း |
| | | ၁၈၇၂ စ/ပေ | - ၁၀ခန်း |
| | | ၁၉၈၆ စ/ပေ | - ၆ခန်း |
| | | ၁၉၄၅ စ/ပေ | - ၆ခန်း |
| (ဂ) | စံပယ်ဖြူအဆင့်မြင့်အိမ်ရာ (သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း) | ၉၅၀၀ စ/ပေ (Commercial) | - ၁ထပ် |
| | | ၁၀၂၄၄ စ/ပေ (Commercial) | - ၃ထပ် |
| | | ၁၇၆၂ စ/ပေ | - ၇ခန်း |
| | | ၁၇၁၁.၅ စ/ပေ | - ၇ခန်း |
| | | ၁၆၂၂.၅ စ/ပေ | - ၇ခန်း |
| | | ၁၅၂၃ စ/ပေ | - ၈ခန်း |
| | | ၁၅၀၃ စ/ပေ | - ၈ခန်း |
| | | ၁၄၆၄ စ/ပေ | - ၁၆ခန်း |
| (ဃ) | Shwe Zabu River View Complex (အလုံမြို့နယ်၊ ကမ်းနားလမ်း) | ၂၂၆၀၀ စ/ပေ (Commercial) | - ၁ထပ် |
| | | ၂၅၄၀၀ စ/ပေ (Commercial) | - ၁ထပ် |
| (င) | ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ (ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့်အောက်ဇေယျာလမ်းထောင့်) | ၂၀၈၀၈ စ/ပေ (Commercial) | - ၁ထပ် |
| | | ၂၀၆၇၂ စ/ပေ (Commercial) | - ၁ထပ် |
| | | ၅၉၂၉ စ/ပေ (Commercial) | - ၁ထပ် |
| | | ၁၉၄၂၃ စ/ပေ (Commercial) | - ၁ထပ် |
| | | ၁၆၉၀ စ/ပေ | - ၅၆ခန်း |
| | | ၂၀၀၁ စ/ပေ | - ၅၇ခန်း |
| | | ၂၀၇၂ စ/ပေ | - ၁၁ခန်း |
| | | ၂၁၃၂ စ/ပေ | - ၁၁ခန်း |
| | | ၁၆၆၈ စ/ပေ | - ၁၀ခန်း |
| | | ၁၆၈၅ စ/ပေ | - ၁၀ခန်း |
| (စ) | ရန်ကင်းအဆင့်မြင့်အိမ်ရာစီမံကိန်း (ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း) | ၉၇၂ စ/ပေ | - ၁ခန်း |
| | | ၁၀၂၆ စ/ပေ | - ၁၀ခန်း |
| | | ၁၄၁၁ စ/ပေ | - ၁၁ခန်း |
| | | ၁၅၆၅ စ/ပေ | - ၁၁ခန်း |
| | | ၁၉၆၆ စ/ပေ | - ၁၁ခန်း |
| | | ၁၉၇၂ စ/ပေ | - ၁၁ခန်း |
| | | ၁၉၄၉ စ/ပေ | - ၁၈ခန်း |

၂။ ဝယ်ယူလျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ၁၀ ထပ်ရုံး၊ ၈လွှာ၊ ဖုန်း-၀၉-၉၇၉၇၅၂၀၀၆၊ ၀၉-၉၇၉၇၅၂၀၂၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နယ်စပ်ရေးရာဝန်ကြီးဌာန
## ဝန်ကြီးရုံး
## ရုံးအမှတ်(၄၂)၊ နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အငယ်တန်းစာရေးရာထူး (လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) (၅၇)နေရာ လစ်လပ်လျက်ရှိပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) ၃၁-၃-၂၀၁၆ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
- (ဆ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ [ဥပဒေပညာဘွဲ့၊ စီးပွားရေးဘွဲ့များနှင့် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်)ရရှိသူများအား ဦးစားပေးစဉ်းစားပါမည်။]

၃။ လျှောက်လွှာတွင် အောက်ပါအချက်များပါဝင်ပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ခ) မွေးနေ့သက္ကရာဇ်နှင့် အသက်၊
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
- (စ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့်အလုပ်သမားရုံးအမည်၊
- (ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
- (ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) တစ်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၁လက်မ×၁.၅လက်မ) ၃ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်။)
- (ခ) ဘွဲ့လက်မှတ်မိတ္တူ၊
- (ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ)၊
- (ဃ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့ထံမှ ၁-၁၁-၂၀၁၅ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်(မူရင်း)၊ (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်)
- (င) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၂)၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း၊ ၁၁-၁-၂၀၁၆ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ၁၁-၁-၂၀၁၆ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ စာမေးပွဲကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို သတင်းစာများတွင် အချိန်မီကြိုတင်ကြေညာပါမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို နယ်စပ်ဒေသနှင့်တိုင်းရင်းသာလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

### ငြင်းချက်ထုတ်ရန်သမ္မာန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၃၁၀

ဒေါ်မြင့်မြင့်အေး ဦးမောင်မောင်
(၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်မြမြစိုး) နှင့်

တရားလို တရားပြိုင်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈) ရပ်ကွက်၊ ပုလဲရတနာလမ်းမ၊ အမှတ် (၉၇)ရပ်နေ ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်အေးက ရရန်ကျန်ငွေ (၇၈၀၀၀၀၀ိ/-) နှင့်တကွ နစ်နာမှုအတွက် လျော်ကြေးငွေ (၂၅၀၀၀၀၀ိ/-) အပါအဝင် စုစုပေါင်းငွေ (၁၀၃၀၀၀၀၀ိ/-) ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။ (၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်၊ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်စိုး)
ဒုတိယခရိုင်တရားသူကြီး (၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

---

### ငြင်းချက်ထုတ်ရန်သမ္မာန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၀၀

ဦးငွေအောင်မင်း နှင့် ၁။ ဒေါ်နီနီရွှေသွေး
၂။ ဒေါ်နွေး(ခ)မနွေ
၃။ ဒေါ်ခင်ဝေလွင်

တရားလို တရားပြိုင်များ

အမှတ် ၁၃၃၂၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်နွေး(ခ)မနွေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုသည် အချင်းဖြစ်တိုက်ခန်းအား အပျောက်စနစ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီး တရားဝင်အိမ်ငှားအဖြစ် နေထိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၃ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြအေး)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

---

### ငြင်းချက်ထုတ်ရန်သမ္မာန်စာ
### (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၁၂

အေအမ်တီတီကုမ္ပဏီလီမိတက် နှင့် ၁။ မြန်မာ့မာမီးကုမ္ပဏီလီမိတက်
(၎င်း၏ကိုယ်စားအခွင့်ရကိုယ်စားလှယ် ၂။ ဦးအောင်မျိုးမြင့်
လက်ထောက်အထွေထွေမန်နေဂျာဦးမြင့်ဆွေ)

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကန်းတလပေါင်ကျေးရွာ၊ အာသောက(၁)လမ်း၊ အမှတ်(မရှိ)နေ (၂) တရားပြိုင် ဦးအောင်မျိုးမြင့်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြန်မာမာမီးကုမ္ပဏီလီမိတက်ပိုင် မော်တော်ယာဉ်မှ အေအမ်တီတီကုမ္ပဏီလီမိတက်ပိုင် မော်တော်ယာဉ်အား တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် သိန်း(၁၀၀)နှင့် နစ်နာကြေးငွေ ကျပ်သိန်း(၂၀)၊ စုစုပေါင်း ငွေကျပ်သိန်း(၁၂၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ရက် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငွေးဝင်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

---

### ငြင်းချက်ထုတ်ရန်သမ္မာန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပြင်ဦးလွင်ခရိုင်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၀

ဒေါ်အေးအေးမိုး နှင့် ၁။ ဒေါ်ဒိမ်ငိုကျိန်
(၎င်း၏ အခွင့်ရကိုယ်စားလှယ်စာရသူ ၂။ ဒေါ်အေးလီ
ဒေါ်တင်တင်ရီ) ၃။ ဦးမြင့်သန်း

တရားလို တရားပြိုင်များ

တောင်ကြီးမြို့၊ စစ်ဥပဒေဌာန၊ ရပခ နေ ဒေါ်ဒိမ်ငိုကျိန်(ယခုနေရပ်လိပ်စာမသိ)နှင့် ပြင်ဦးလွင်မြို့၊ (ဗ)ရပ်ကွက်၊ ပဒေသာမြို့သစ်၊ နှင်းဆီလမ်း၊ ခြံအမှတ်(၇) နေ ဦးမြင့်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အိမ်မြေအကျိုးခံစားခွင့်များ အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အရေးကြီးသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ထွေး)
ဒုတိယခရိုင်တရားသူကြီး(၁)
ပြင်ဦးလွင်ခရိုင်တရားရုံး

---

### အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၅၇

ဦးဝင်းအောင် နှင့် ၁။ ဦးအောင်မြင့်ထွန်း
၂။ ဒေါ်ညွန့်ညွန့်တင်

လျှောက်ထားသူ လျှောက်ထားခံရသူများ

အမှတ်(၁၂၉၅)၊ သဒ္ဓါရုံ ၂လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုလိပ်စာမသိ)နေ ဒေါ်ညွန့်ညွန့်တင် သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၄ အရ စွဲကပ်ထားသည့်ဝရမ်းအား တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈ အရ ဝရမ်းခွာပေးစေလိုမှု လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(မန်ဟောက်ချန်)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

---

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
### အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၌
### ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၅ နှင့်ဆက်သွယ်သည့်
### ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၇၃

ဦးနေလင်းထွန်း နှင့် ၁။ ဒေါ်ခင်ကြူသင်း၊ ၂။ ဦးဇော်အောင်သိမ်း

တရားနိုင် တရားရှုံးများ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အေးရိပ်သာ(၃)လမ်း၊ အမှတ်(၄၇၆)နေ ဦးဇော်အောင်သိမ်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးနေလင်းထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၂၂ရက် (၁၃၇၇ခုနှစ် နတ်တော်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(အောင်သန်းဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ လူနေရပ်ကွက်အမှတ် နဝဒေးရပ်ကွက်ရှိ မြေကွက်အမှတ်(ပစ(B)၁၈၃၁)၊ ဧရိယာ ၀.၁၁၃ ၁၁၀၈ဧက ပါမစ်မြေကွက်၏ အမည်ပေါက် ဗိုလ်ကြီးအောင်မြင့်သန်း ကွယ်လွန်သွားသဖြင့် တပ်၏ မှတ်တမ်းများအရ သေဆုံးသူ၏အမွေခံဖြစ်သူ ဖခင် ဦးသန်းလှိုင် ၁၂/မရက(နိုင်)၀၉၅၆၂၉ (ဘ) ဦးစံပွင့်မှ ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၆၃၆၃)၊ ဧရိယာ ၀.၁၄၆ဧက၊ ဒေါ်စန္ဒာကျော် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၉၁/၂၀၁၃ ဖြင့် ဒေါ်စန္ဒာကျော်မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဒေါ်မြင့်မြင့်ဝင်း (ဘ) ဦးဝင်းရွှေ ၁၄/မမန(နိုင်)၁၀၉၅၀၆ မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### တောင်ကြီးမြို့ရှိ အဝေးပြေး ကမ္ဘောဇ ဘီအမ်အသင်းပိုင်ဂိတ် ဥပစာအား ရောင်းချမည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်အားလုံးနှင့် အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အဝေးပြေး ကမ္ဘောဇဘီအမ်အသင်းမှ ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၂၇-၉-၂၀၁၅ရက်က ကျင်းပပြုလုပ်ခဲ့သော ကမ္ဘောဇခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး အဝေးပြေးလုပ်ငန်းအသင်းမှ ယာဉ်ပိုင်ရှင်အများစု ပါဝင်ဆွေးနွေးခဲ့ကြသော အစည်းအဝေးတွင် ယာဉ်ပိုင်ရှင်အများစု၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ကမ္ဘောဇဘီအမ်အသင်းပိုင် တောင်ကြီးပင်မဂိတ်ဥပစာအား ရောင်းချရန်အတွက် ယာဉ်ပိုင်ရှင်အများစုက သဘောတူကတိပြုမှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။ အဆိုပါဥပစာကို ရောင်းချပြီးနောက် ယာဉ်ပိုင်ရှင်များအား အချိုးကျခွဲဝေမည်ဖြစ်ကြောင်း ယာဉ်ပိုင်ရှင်အားလုံးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ရောင်းချမည့်ကမ္ဘောဇဘီအမ် (ပင်မဂိတ်)ဥပစာ**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အကွက်အမှတ် (၁၆)၊ အကွက်အမည် မင်းကျောင်းရပ်၊ မြေကွက်အမှတ် (၁၀၆/၁၂၅)၊ ဦးပိုင်အမှတ် (၅၂-ဃ)၊ ဧရိယာ (၀.၁၁၃ ၁၀၃)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များ

(ဂရန်တွင် ပိုင်ရှင်အမည်မှာ-ဥက္ကဋ္ဌ အဝေးပြေးကမ္ဘောဇဘီအမ်အသင်း)ဟု ပါရှိပါသည်။

**ယာဉ်ပိုင်ရှင်အများစု၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၂၂/၁၉၉၈)**
**အမှတ် (၃၁-ဃ)၊ နယ်မြေ (၇) ဝန်ကြီးလမ်းခွဲ (၂)**
**ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့**

# ဖိတ်ကြားခြင်း

A.G.T.I ကျောင်းသားဟောင်းများအသင်းမှ ကြီးမှူးကျင်းပမည့် G.T.I ပညာရေးခရီး နှစ် ၁၂၀ ပြည့်ပွဲနှင့် အကြိမ်(၂၀)မြောက် G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်ပွဲအခမ်းအနားအား အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း ခမ်းနားစည်ကားစွာ ကျင်းပမည်ဖြစ်ပါသဖြင့် G.T.I ကျောင်းဆင်း ညီအစ်ကိုမောင်နှမများနှင့် မိသားစုများ ပျော်ရွှင်စွာဆင်နွှဲနိုင်ရန်အတွက် မပျက်မကွက်ပါဝင်ဆင်နွှဲကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ** - အင်းစိန် G.T.I အားကစားကွင်း

**ကျင်းပမည့်ရက်** - ၁၂-၁၂-၂၀၁၅ရက် (စနေနေ့)

**အခမ်းအနားအစီအစဉ်** - နံနက် ၉ နာရီ
အာစရိယပူဇော်ပွဲကျင်းပခြင်း၊ နံနက် ၁၁နာရီမှ ညနေ ၅နာရီအထိ G.T.I ကျောင်းများမှ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် ကျောင်းအသီးသီးမှ အစီအစဉ်အလိုက် ဖျော်ဖြေသည့်ခံခြင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ အထိမ်းအမှတ်ညစာစားပွဲနှင့် နိုင်ငံကျော်တေးသံရှင်များဖြင့် ဧည့်ခံခြင်း။

**အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်**

၁။ ဦးခင်အေး (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅

၂။ ကိုမြင့်ကြူ ဖုန်း-၀၉-၇၃၀၉၃၂၅၆၊ ၀၉-၇၉၅၅၆၄၃၅၃

၃။ မသူဇာလင်း ဖုန်း-၀၉-၅၁၁၂၄၉၀၁

---

## ငါးပါးသခင် ဒါရ်ဂါတော် သန်လျင်မြို့ ၂၀၁၅ ခုနှစ် အူရွတ်စ် အခမ်းအနားကြီး

‘အင်ရှာအလ္လာဟ်’

၁။ ၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်နေ့မှ (၂၇)ရက်နေ့အထိ (၅)ရက်၊ (၅)ညတိုင်တိုင်ကျင်းပမည်ဖြစ်ပါ၍ သူတော်စင် အမျိုးသား၊ အမျိုးသမီးများ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂။ ၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ(၂၄)ရက် ကြာသပတေးနေ့ ညနေ အဆွရ်ဆွလာသ်အပြီးတွင် အူရွတ်စ်အခမ်းအနား ကျင်းပရေးဗဟိုကော်မတီက ဦးဆောင်၍ သာသနာ့အလံတင် အခမ်းအနားကျင်းပပါမည်။

၃။ ၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်၊ တနင်္ဂနွေနေ့ အေရှာဆွလာသ်အပြီး အူရွတ်စ် အခမ်းအနား ကျင်းပရေးဗဟိုကော်မတီက ဦးဆောင်၍ (ဆန္ဒလ်)နံ့သာယာဉ်ဖြင့် မြို့တွင်းသို့လှည့်လည်ပါမည်။ (ဆန္ဒလ်)နံ့သာရေကို ညဦးနက်ပိုင်းတွင် ငါးပါးသခင် ဂူဗိမာန်များနှင့် အခြားသူတော်စင် ဂူဗိမာန်များတွင် တင်ဆက်ပါမည်။

၄။ ညစဉ် အေရှာဆွလာသ်အပြီးတွင် သူတော်စင်များအကြောင်း တရားဒေသနာတော်များ ဟောကြားပါမည်။ တရားပွဲအပြီး သူတော်စင်များအကြောင်း ကဝါလီတေးကဗျာများ ရွတ်ဆိုပါမည်။

၅။ အူရွတ်စ် အခမ်းအနားကြီးအတွက် အလှူငွေများကို စေတနာထား၍ ပါဝင်လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။ ဒါရ်ဂါဘဏ္ဍာတော်ထိန်း ရုံးခန်းတွင် ဘဏ္ဍာတော်ထိန်းအဖွဲ့ ရုံးတံဆိပ်ပါသော အလှူခံဖြတ်ပိုင်းဖြင့် ငွေကောက်ခံသူများထံတွင် ထည့်ဝင်နိုင်ပါသည်။ နယ်မှ အလှူငွေထည့်လိုသူများသည် ဥက္ကဋ္ဌ ဒါရ်ဂါဘဏ္ဍာတော်ထိန်းအဖွဲ့ သန်လျင်မြို့သို့ လိပ်စာတပ်၍ စာတိုက်မှ ပေးပို့လှူဒါန်းနိုင်ပါသည်။ ဒါရ်ဂါဝင်းအတွင်းရှိ ငါးပါးသခင် သူတော်စင် ဂူဗိမာန်တော် ပြုပြင်ရန်အတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေနှင့် တက်အားသမျှ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန်နှင့် အခမ်းအနားရက်များအတွင်းတွင်လည်း ဘက်စုံအလှူခံမဏ္ဍပ်တွင် အလှူငွေများ ကောက်ခံမည်ဖြစ်ပါ၍ စေတနာထက်သန်စွာဖြင့် ပါဝင်လှူဒါန်းကြပါရန် လေးစားစွာဖြင့် နိုးဆော်အပ်ပါသည်။

၆။ အူရွတ်စ်အခမ်းအနား(၅)ရက်၊(၅)ညတွင် ထမင်းကျွေးလှူဒါန်းလိုသောအလှူရှင်များ ကျွေးမွေးရန်နေ့ရာအခက်အခဲကြောင့် (၂၁-၁၂-၂၀၁၅)တနင်္လာနေ့ နောက်ဆုံးထား၍ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ရုံးခန်းသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အူရွတ်စ်ကျင်းပရေးဗဟိုကော်မတီဝင်ဟာဂျီS.S.S ဝဖူးရှိ၊ဟာဂျီကမားလ်ဒင်း (SWD) ဟာဂျီဆယဒ်တို့ထံတွင် အလှူငွေများပါဝင်လှူဒါန်းနိုင်ပါသည်။

မှတ်ချက်။ ။ အလံတင်အခမ်းအနားနှင့် ဆန္ဒလ်နံ့သာလှည့်လည်အခမ်းအနားတွင် လိုက်ပါဝင်မည့် တွရီကာဝတ်အဖွဲ့များ၏ ခေါင်းဆောင်များ (၂၂-၁-၂၀၁၅)အင်္ဂါနေ့ အေရှာဆွလာသ်အပြီး ငါးပါးသခင်ဒါရ်ဂါ အူရွတ်စ်အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီရုံးခန်းတွင် စာရင်းပေးသွင်းကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။

**မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်ကိုမျှ အလှူခံခွင့်ပေးထားခြင်းမရှိပါ။**

နှစ်စဉ်နှစ်တိုင်း ငါးပါးသခင် ဒါရ်ဂါအူရွတ်စ်အခမ်းအနားကြီးတွင် ပါဝင်လှူဒါန်းခဲ့သော အလှူရှင်ကြီးများဖြစ်သည့် ဟာဂျီဦးအောင်ထွေး၊ (ကိုင်ရီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ဟာဂျီဦးအောင်မြင့်(ရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ဒေါက်တာဦးမြသောင်း (ရွှေဗဟိုအထူးကုဆေးခန်း၊ ပဲခူးမြို့)၊ ဆရာကြီးSAကိုတဝါလ်၏သား ဟာဂျီဦးကာစင်ကိုတဝါလ်၊ ဒေါ်လုခင်(ဒလမြို့)၊ ဟာဂျီရဟင်းမိသားစု(၄၅)လမ်းနှင့် ထမင်းကျွေးရန်လှူဒါန်းသော အလှူရှင်များအပါအဝင် ဒါရ်ဂါဝင်းအတွင်း လိုလေသေးမရှိအောင် လှူဒါန်းကြသူများအား အူရွတ်စ်ကျင်းပရေး ဗဟိုကော်မတီမှ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယခုနှစ်တွင်လည်း အထက်ပါအလှူရှင်များမှ လှူဒါန်းရန် ဆန္ဒပြုထားသည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

၂၀၁၅-ခုနှစ်၊ ငါးပါးသခင် ဒါရ်ဂါတော် အူရွတ်စ်အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ သန်လျင်မြို့။ Ph:09-420216999,056-21057




## ကုန်အမှတ်တံဆိပ်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ၂၀၁၅ အလွန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းပြီး အထက်ပါခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပမည်ဖြစ်ပါ၍ လူကြီးမင်းအား တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃-၁၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ
**နေရာ** - UMFCCI မင်္ဂလာခန်းမ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၇၉၈၄၃၃၁၈၃

## အမည်မှန်

ကချင်ပြည်နယ်၊မိုးကောင်းမြို့၊ အထက(၂)၊ အဋ္ဌမတန်း(C) တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ကျော်ထူး၏ သားဖြစ်သူ၏အမည်မှန်မှာ မောင်သက်ဝေထူး(ခ) သက်ဝေလင်း ဖြစ်ပါသည်။

**မောင်သက်ဝေထူး(ခ)သက်ဝေလင်း**

## အမည်မှန်

ဦးနေဝင့်အောင်၏သား ကညွတ်ကွင်းမြို့ အထက(၁) ဒုတိယတန်း(က)မှ မောင်ဟိန်းခန့်အောင်၏ အမည်မှန်မှာ မောင်ဟိန်းခန့်ဇေ ဖြစ်ပါကြောင်း။

**မောင်ဟိန်းခန့်ဇေ**

## အမည်မှန်

ကချင်ပြည်နယ်၊မိုးကောင်းမြို့၊ အထက(၂)၊ နဝမတန်း(C) တွင် ပညာသင်ကြားနေသော (ဘ) ဦးဘရန်တောင်(ခ)ဒိန်ဇိုင်ဂမ် ၁/မကတ(နိုင်)၀၅၈၁၆၃၏သားဖြစ်သူ၏ အမည်မှန်မှာ မောင်ဒိန်ဇိုင်ကန်ဆိုင်းဖြစ်ပါသည်။ **မောင်ဒိန်ဇိုင်ကန်ဆိုင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်နေ ဦးမင်းအေးချို၏သမီး မိအေးသန္တာချို ၁၀/မဒန(နိုင်)၁၆၀၁၁၇ နှင့် ဒေါ်အေးသန္တာချိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မိအေးသန္တာချို(ခ)ဒေါ်အေးသန္တာချို**

## အမည်ပြောင်းခြင်း

မိုးသောက်ပန်း ကိုယ်ပိုင်အလယ်တန်းကျောင်း စတုတ္ထတန်းမှ (ဘ) ဦးသန့်ဇင်၏ သား မောင်ဝီရသူအား ယနေ့မှစ၍ မောင်လင်းရောင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်စိုးလွင်ဦး ၇/ပခန(နိုင်)၁၈၅၀၉၁၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၈၃၁၇၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုရွှေရည် ၁၄/ကလန(နိုင်)၁၂၄၀၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အသကလမ်း ၂၀၊ အမှတ် ၅၉၅ (အလျား ပေ၂၀× အနံ ပေ၆၀)ရှိ မြေပိုင်ရှင်ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် ကန်ထရိုက်တာဘက်မှ ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်အဆောက်အအုံ၏ (၁၈×၅၄) ပေ ငါးလွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ကန်ထရိုက်တာ ဦးကိုကိုမောင် ၁၂/လမန(နိုင်)၀၉၂၅၅၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ယင်းတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်နိုင်ဝင်း LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၆၆)**
**အမှတ် ၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၅၁၀၂၅၊၀၉-၃၂၀၇၄၀၉၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၁)၊ မြေညီထပ်တွင်နေထိုင်သူ ဒေါ်နွဲ့နွဲ့ငွေး ၅/မရန(နိုင်)၁၂၆၈၄၇ အမည်ပေါက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ဂျောင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၈၁ ခနောင်တိုမြောက်၊ ဦးပိုင်အမှတ် ၂၈၊ ဧရိယာ ၁၄ဒသမ ၄၄ဧကရှိ လယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မောရဝတီလမ်းသွယ်၊ အမှတ် ၁ တွင် နေထိုင်သူ ဦးဝင်းတင် ၁၂/အစန(နိုင်)၁၆၈၁၀၆ အမည်ပေါက်လျက်ရှိသော တွံတေးမြို့နယ်၊ ဂျောင်ဝိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၈၃၊ ပန်းပင်ချောင်း၊ ဦးပိုင်အမှတ် ၃၄/၅၊ ဧရိယာ ၃ဒသမ ၇၅ လယ်မြေ၊ ကွင်းအမှတ် ၁၈၂-ဂျောင်ဝိုင်း(တ)၊ ဦးပိုင်အမှတ် ၃၄/၅၊ ဧရိယာ ၁ဒသမ ၇၀ဧကရှိ လယ်မြေနှင့် ကွင်းအမှတ် ၁၈၃၊ ပန်းပင်ချောင်း၊ ဦးပိုင်အမှတ် ၄၃၊ ဧရိယာ ၉ဒသမ ၃၈ဧကရှိ လယ်မြေနှင့်မြေပို (၀ဒသမ ၂၀)ဧက အပါအဝင် စုစုပေါင်း ၂၉ဒသမ ၄၇ဧကတို့အား ဒေါ်နွဲ့နွဲ့ငွေး ပါ(၂)ဦးမှ ဦးဝင်းတင်ထံသို့လည်းကောင်း၊ ဦးဝင်းတင်မှ ဦးအောင်နိုင်ဦးထံသို့လည်းကောင်း၊ ဦးအောင်နိုင်ဦးမှ ဦးမျိုးညွန့်ထံသို့လည်းကောင်း အဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့ပါသည်။ ထိုသို့ အဆင့်ဆင့်လွှဲပြောင်းရောင်းချပြီးနောက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ တမာတကောကျေးရွာတွင် နေထိုင်သူ ဦးမျိုးညွန့် ၁၂/လသယ(နိုင်)၀၁၅၂၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၁၇-၉-၂၀၁၄ ရက်က တန်ဖိုးငွေ အပြေအကျေပေးချေကာ ဝယ်ယူလက်ရောက်ရရှိထားပြီး ဖြစ်ပါသည်။ ထို့အပြင် အဆိုပါလယ်ယာမြေ အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်နွဲ့နွဲ့ငွေးနှင့် ဦးဝင်းတင်တို့မှလည်း ယင်းမြေကွက်များနှင့်စပ်လျဉ်း၍ (အထူးကိုယ်စားလှယ်လွှဲစာများကို) ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျွန်ုပ်၏မိတ်ဆွေသို့ အသီးသီးလွှဲအပ်ကာ လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်စိုး (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၂၂၈၉)**
**အမှတ်၈၃/၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ခရစ္စမတ်နှင့် နှစ်သစ်ကူးပွဲတော်ရာသီအမီ လက်ဆောင်ကောင်းတစ်ခု မြန်မာ့ကြက်ဆင်များရပြီ

မြန်မာ့ကြက်ဆင်မွေးမြူရေး
အမှတ် ၇၂၆၊ ဝေဇယန္တာအနောက် ၁၇လမ်း၊ (၆)ရပ်ကွက်၊ ရှုခင်းသာလမ်းမကြီး၊ ၅/ဈေးကွေ့၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၀၉၇၈၂၊ ၀၉-၄၂၈၀၃၆၀၆၈

## ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၁၉၆)၊ မြေပိုင်မြေ (၃/ခ)ရပြီး၊ ဧရိယာ ဝဒသမ ၆၁၀ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ပေ(၅၃×၂၀၈)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (ခ)ရပ်ကွက်၊ ယုဝလမ်း၊ အမှတ်(၁၇)ဟု ခေါ်တွင်သည့် အဆောက်အအုံနှင့်ပတ်သက်၍

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါမြေမှာ မြို့မြေစာရင်းတွင် မူလမြေအမည်ပေါက် အပ္ပဒူရတ်၏ အမွေထိန်းစာရရှိသူ AH-Moollah သည် အရောင်းစာချုပ်အမှတ်(၃၅၉/က)ဖြင့် မစ္စဘီလကစ် (Miss Belkis)သို့လည်းကောင်း၊ မစ္စဘီလကစ်(Miss Belkis)ထံမှ ဒေါ်တင်တင်ဆိုသူက အရောင်းအဝယ်စာချုပ်အမှတ်(၁၂၁၇/၁၉၇၃)ဖြင့်လည်းကောင်း၊ ဒေါ်တင်တင်ထံမှ ယခုရောင်းသူများ၏ မိခင် ဒေါ်တင်မြ(ခ)ဒေါ်ဟလီမာမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၄/၁၉၈၆)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းမြေကွက်၏ ဆက်စပ်အကျိုးခံစားခွင့်အရပ်ရပ်ကို ဖခင်နှင့်မိခင်တို့ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၅၁၇၅/၂၀၁၅)အရ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော

၁။ ဦးတင်မြင့် ၁၂/တမန(နိုင်)၀၇၁၄၆၀ ၂။ ဒေါ်စန်းမြင့် ၁၂/သဃက(နိုင်)၁၃၂၇၅၂
၃။ ဒေါ်မြင့်မြင့်နိုင် TGKN -၀၂၂၂၇၇ ၄။ ဦးမြင့်ရွှေ ၁၂/သဃက(နိုင်)၁၃၁၉၆၈
၅။ ဦးစိုးမြင့် ၁၂/သဃက(နိုင်)၀၀၁၅၈၅ ၆။ ဒေါ်ခင်ညွန့် ၉/အမဇ(နိုင်)၀၀၀၃၀၂
၇။ ဒေါ်ခင်မြင့် ၉/ခအဇ(နိုင်)၀၆၄၀၉၇ ၈။ ဒေါ်ခင်မော်မော် ၁၂/သဃက(နိုင်)၁၂၄၆၁၃

တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၀၀/၂၀၁၄) (၄၉၀၂/၂၀၁၄) (၄၉၀၄/၂၀၁၄) ၁၈-၂-၂၀၁၄ဖြင့်ရသူ ဦးခင်မောင်ဝင်း ၁၂/သဃက(နိုင်)၁၃၈၈၅၃ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေအချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးတင်မောင်သိန်း** | **ဦးကျော်မင်းထွန်း** | **ဦးမင်းဇော်** |
| **(စဉ်-၅၃၃၈)** | **(စဉ်-၈၆၇၆)** | **(စဉ်-၃၅၈၆၅)** |
| **(B.A, RL, D.B.L, D.I.L)** | **(LL.B, C.B.L)** | **(LL.B, D.B.L, D.I.L, D.M.L, D.I.R, WIPO(Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)** **(အထက်တန်းရှေ့နေ)**
**ရုံးခန်း-အမှတ်(၁၅၇)၊ A-3၊ ဒုတိယထပ်၊ ၂၈လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၇၆၁၅၈၊ ၀၉-၄၃၁၅၁၄၀၇၊ ၀၉-၄၂၀၁၂၈၁၉၉**

## R.S.E လျှောက်လွှာရှင်များအတွက်ကြေညာချက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက B.E ဘွဲ့ရနှင့် AGTI လက်မှတ်ရ ဝါရင့်အင်ဂျင်နီယာကြီးများအတွက် ၁/၂၀၁၄ ကြေငြာချက်အရ R.S.E. လက်မှတ်လျှောက်လွှာရှင်များကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ လျှောက်လွှာဝယ်ယူသူ (၅၆၀၀)ဦးနှင့် လျှောက်လွှာ ပြန်တင်ထားသူ (၄၂၉၆)ဦး လက်ခံပြီး ဖြစ်ပါသည်။

၂။ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေများ အပိုဒ်(၆၆)ပါ လိုအပ်ချက်ပြည့်မီအောင် ဖြည့်ဆည်းရန် လိုအပ်မည်ဖြစ်ပြီး

(က) သတ်မှတ်ချက်များအရ အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုရန် လိုအပ်သော လျှောက်လွှာရှင်များသည် ကောင်စီမှ ရေးဖြေစာမေးပွဲ ကျင်းပမည့်ကာလတွင် ရေးဖြေစာမေးပွဲလျှောက်ထားဖြေဆိုရန်

(ခ) သတ်မှတ်ချက်အရ အရည်အချင်းစစ် ရေးဖြေစာမေးပွဲဖြေဆိုရန် မလိုသော လျှောက်လွှာရှင်များသည် အင်ဂျင်နီယာအဆင့် လူတွေ့စစ်ဆေးခြင်းခံယူရန်

မိမိတို့၏ လိုအပ်ချက်များနှင့်အညီ ပြည့်မီအောင် ဖြည့်ဆည်းရန် လိုမည်ဖြစ်ပါသည်။

၃။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲ အပိုင်း (၂) Part II အောင်မြင်ပြီးသူများနှင့် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကင်းလွတ်ခွင့်ရသော လျှောက်လွှာရှင်များသည် အင်ဂျင်နီယာအဆင့် လူတွေ့စစ်ဆေးမှုခံယူရန် (EECR) လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အစီရင်ခံစာများကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ အမြန်ဆုံး ရေးသားပြုစုတင်ပြ၍ လူတွေ့စစ်ဆေးမှုခံယူရန် လျှောက်လွှာရှင် အများအပြားဆောင်ရွက်ရန် ကျန်နေသေးသည်ကို အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်သိလိုသောအချက်များကို ဤရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ ဆက်သွယ်စုံစမ်း၍ လိုအပ်ချက်များ အမြန်ဆုံးဆောင်ရွက်ကြပါရန် တိုက်တွန်းကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

## ကြေညာချက်

၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ (၁/၂၀၁၄) ဖြင့် လုပ်သက်ရှိအင်ဂျင်နီယာများအတွက် R.E.လက်မှတ်များကိုလည်းကောင်း၊ ဝါရင့်အင်ဂျင်နီယာကြီးများအတွက် R.S.E. လက်မှတ်နှင့် P.E.လက်မှတ်များကိုလည်းကောင်း နည်းဥပဒေပါ သတ်မှတ်ချက်များ ဖြေလျော့၍ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ(၃၁) ရက် ကာလ ကန့်သတ်ချက်ဖြင့် B.E ဘွဲ့ရ အင်ဂျင်နီယာများ၊ ဝါရင့်အင်ဂျင်နီယာကြီးများအား အထူးအခွင့်အရေးတစ်ရပ်အဖြစ် အရည်အချင်းစစ်ဆေး၍ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။

၂။ (၁/၂၀၁၅) ကြေညာချက်ဖြင့် R.Gtech,R.Tech လက်မှတ်များကိုလည်း B.Tech ဘွဲ့ရနှင့် AGTI လက်မှတ်ရများအတွက် သတ်မှတ်ချက်များဖြေလျော့၍ မှတ်ပုံတင်လက်မှတ် အသီးသီးထုတ်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ ၂၀၁၅ခုနှစ် ဒီဇင်ဘာလကုန်ရန် ရက်အနည်းငယ်သာ ကျန်ရှိတော့ပြီဖြစ်သဖြင့် မိမိတို့၏ အခွင့်အရေးလက်လွတ်ဆုံးရှုံးမှု မဖြစ်ရစေရန် ယခုဒီဇင်ဘာလမကုန်မီ (အချိန်မီ) ဤရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လာရောက်လျှောက်ထားကြပါရန် အသိပေး တိုက်တွန်းကြေညာအပ်ပါသည်။

၄။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၁)ရက်နောက်ပိုင်းကာလများတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေများ ပြဋ္ဌာန်းထားချက်များနှင့် အညီ စည်းမျဉ်းသတ်မှတ်ချက်များအတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ ဤရုံးသို့ လာရောက်လျှောက်ထားရန် အခက်အခဲရှိသော နယ်ဒေသအသီးသီးရှိ ဝါရင့်အင်ဂျင်နီယာကြီးများအနေဖြင့် မိမိတို့၏ ဒေသအသီးသီးရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ရုံးခွဲများ (MES Chapter) နှင့် ဆက်သွယ်၍ မှတ်ပုံတင်လက်မှတ် လျှောက်ထားရေးကို အကူအညီ တောင်းခံ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 01 250987 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅ E^၉၊ မြေကွက်အမှတ် V ၃၃၊ မြေကွက်တည်နေရာအမှတ် ၁၉၊ ကသစ်လမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (ဒေါ်ကျင်မယ်) အမည်ပေါက် နှစ် ၉၀မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်ကျင်မယ်နှင့် ခင်ပွန်းဦးသန်းတို့ ကွယ်လွန်သဖြင့် (၁) ဦးဝင်းသန်း(ခ)ဦးမောင်မောင် ၁၄/ဟသတ(နိုင်)၁၉၅၇၆၇၊ (၂)ဒေါ်နွဲ့နွဲ့ရီ ၁၄/ဟသတ(နိုင်)၀၃၄၇၁၃တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာများ၊ မိခင်၊ ဖခင် သေစာရင်း၊ တိုင်းကျန်းမာရေးဦးစီးဌာန ထောက်ခံချက်၊ ရပ်ကွက်မြို့နယ်အထွေထွေအုပ်ချုပ်ရေး မှူးထောက်ခံချက်၊ အိမ်ထောင်စုစာရင်း နှစ်၉၀ဂရန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၇၀၇၄၄ Honda Dream 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းကြည် ၉/မနမ(နိုင်)၀၇၃၅၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (နေပြည်တော်)**

White & Relax

ကျား / မ ကြီးငယ်မရွေး ခန္ဓာကိုယ်ပေါ့ပါးကျန်းမာစေမည့် Auto စက်

* ကမ္ဘာ့အဆင့်မြင့် Autoစက်ခုံကြီးဖြင့် သင့်ခန္ဓာကိုယ်ကို ဝေဟင်တွင်လေယာဉ်စီးပြီး ခံစားမှုဖြင့် ဖိမ်ကျကျ၊ စမတ်ကျကျ သန့်ရှင်းသပ်ရပ်မှုနှင့်အတူ ဦးခေါင်းမှ ခြေဖဝါးအဆုံးထိ Autoနှိပ်ပေးခြင်းကို ခံစားရယူနိုင်ပါပြီ။......
* စက်ကြီး၏ သိမ်မွေ့အိစက်ခြင်းကြောင့် ခန္ဓာကိုယ်ကို အခြားမည်သည့်စက်နှင့်မှ လုံးဝမတူသော ထိတွေ့မှုနှင့် ပေါ့ပါးသွက်လက်တက်ကြွလန်းဆန်းစေပြီး အောက်ပါရောဂါများကို ပျောက်ကင်းစေသည်။......
* သွေးတိုး၊ သွေးချို၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်၊ ဆီးနှင့် အစာအိမ်အူလမ်းကြောင်း သွေးကြောဆိုင်ရာ ရောဂါများကို ပျောက်ကင်းစေပြီး လေမဖြတ်ရအောင် ကာကွယ် ပေးသည်။......
* အရိုးကျီးပေါင်း၊ အရိုးပွ၊ ဒူးနာ၊ ခါးနာ၊ အရိုးအဆစ်အကြော နာကျင်ခြင်းနှင့် ပင်မကျောရိုးကြီးတစ်လျှောက်လုံးကို Auto စက်ကြီးမှ သိမ်မွေ့အိစက်စွာ နှိပ်နယ် ပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။......
* ဦးနှောက်နှင့်အာရုံကြော၊ ဇက်ကြောတက်၊ ခေါင်းကိုက်၊ အကြောအချဉ်အားလုံးကို ပျော့ပျောင်းစေပြီး သွေးလည်ပတ်မှု ကောင်းမွန်စေ၍ မှတ်ဉာဏ်ကို တိုးပွားစေပြီး၊ လုပ်ငန်းခွင်တွင်ပင်ပန်းနွမ်းနယ်ခြင်းများကို ၁၀၀% ပျောက်ကင်းစေပါသည်။

အနယ်နယ်အရပ်ရပ်မှ တစ်ဦးတစ်ယောက်ချင်း၊ မိသားစု၊ သူငယ်ချင်း၊ အပေါင်းအသင်းများနှင့် အတူပျော်ရွှင်စွာ အပန်းဖြေနိုင်ပါပြီ

အသားဖြူ အဆင့်မြင့် Skin Care စင်တာ

* ကျား-မကြီးငယ်မရွေး အသားအရေလှပလိုသူတိုင်းအတွက် လေဆာအသားဖြူဆေးသောက်ခြင်း၊ ထိုးခြင်းတို့ဖြင့်စိတ်တိုင်းမကျဖြစ်နေသူများအတွက် ခါတ်ကင်းလွတ်အဆင့်မြင့် ခါတ်ပေါင်းဗိုက်တာမင်(A.B.C.E) ခါတ်ပေါင်းအာဟာရခရင်(မ်)အစွမ်းကြောင့် မိမိလက်ရှိအသားအရည်ထက်(၃)ဆပိုမိုဖြူဝင်းတောက်ပြောင်ချောအိလှပသွားသောအသားအရည်ကိုရရှိနိုင်ပါသည်။
* သကြန်ရေကစားခြင်း၊ ပင်လယ်ကမ်းခြေမှာရေကစားခြင်း၊ ခရီးထွက်ခြင်းများကြောင့် မဲပြာခြောက်ခမ်းကြမ်းတမ်းသွားသော အသားအရည်ကို (2:3)နာရီအတွင်း ပြန်လည်ဖြူဖွေးဝင်းနုလှပစေပါသည်......

09-450066151 နံနက် (8:30) မှ ည (7:30) နာရီ အတွင်း ဖွင့်လှစ်ထားပါသည်။ 09-264371981

ကျောက်မြောင်း၊ အမှတ် (၁၆)၊ ကျားကွက်သစ်လမ်းမကြီး၊ (၃)လွှာ၊ တာမွေမြို့နယ်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D-7358၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/3427 Toyota Ipsum S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြမြ ၆/ထဝန(နိုင်)၀၁၈၈၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/6414 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဖောင်နွမ်း ၁၃/တလန(နိုင်)၀၀၃၅၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ မင်္ဂလာလမ်း၊ အမှတ် (၇)နေ ဦးအောင်တင်လတ် ၁၂/ကမရ(နိုင်)၀၄၀၇၅၅ (ဘ)ဦးစံရွှေမှ ဦးအောင်သူမြတ် KMYT-၀၀၁၉၅၇ (ဘ)ဦးအောင်တင်လတ်အား ၉-၈-၂၀၁၂ရက်တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာ (GP)အမှတ်-၁၃၈၁၀ ဖြင့် လွှဲအပ်ပေးခဲ့သည့်အတွက် ၄င်း ဦးအောင်သူမြတ်ထံမှ ထိုအထွေထွေလွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ဦးအောင်သူမြတ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်တင်လတ် ၁၂/ကမရ(နိုင်)၀၄၀၇၅၅၊ BQ -၀၂၁၇၆၂**
**အမှတ် (၇)၊ မင်္ဂလာလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၁၅/၅-Aနေ (ဦးထွန်းညွန့်-ဒေါ်စိန်ညွန့်)တို့၏သား၊ (ဦးခင်ယုံ)-ဒေါ်သန်းသန်းညွန့်တို့၏မောင်၊ ဦးသန်းနိုင်(WAZO-TRAVELS)-ဒေါ်စမ်းစမ်းလွင်(အထက-၂၊ အလုံ)တို့၏ဦးလေးသည် ၁၀-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၅ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နွဲ့ဝင်း(ဩသဓ-ဆေးတိုက်) အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇လမ်း၊ အမှတ် ၁၄၅(ဩသဓ-ဆေးတိုက်)နေ (ဦးဖျောက်ဝ-ဒေါ်မယ်ဟန်)တို့၏သမီး၊ ဆရာကြီး(ဦးမောင်ရွှေ-ဒေါ်သောင်းကြည်)တို့၏သမီးချွေးမ၊ သမားတော်ကြီး ဦးမောင်ဉာဏ်[ဥက္ကဋ္ဌ-ငြိမ်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင်]၏ဇနီး၊(ဦးယုတင်-ဒေါ်သိန်း)၊ ဒေါ်အုန်းကြည်၊ ဦးဝမ်စိန်-ဒေါ်မြင့်တို့၏ညီမ၊ ဦးစိန်ဦး-ဒေါ်မြင့်မြင့်ကြည်၊ ဆရာဦးနေဝင်းအောင်-ဒေါ်မြင့်မြင့်ဝင်း (အထက-၄၊ ပုဇွန်တောင်)၊(ဆရာဦးဌေးအောင်)-ဒေါ်မြမြဝင်း၊ ဆရာဦးဌေးဝင်း (ဩသဓ-ဆေးတိုက်၊ နေပြည်တော်)-ဒေါ်နှင်းအိအိခိုင်၊ ဆရာဦးသိန်းဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးသီဟ-ဒေါ်ခင်နီလာမင်း၊ ဦးသီလ(နေပြည်တော်ယာဉ်မောင်းသင်တန်း)-ဒေါ်နှင်းနှင်းအေး၊ ဦးအောင်ဇေယျတင့်-ဒေါ်ခင်မိုးအေး၊ ဦးထင်ကျော်(SMART Electrical Service Co.,Ltd)-ဒေါ်ဥမ္မာတို့၏မိခင်သည်၁၀-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၅ရက်(စနေနေ့)မွန်းတည့်၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထွန်းကျင် (ခရမ်း၊ သုံးခွ)
### စက်မှုလယ်ယာဦးစီးဌာန(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ မြို့သစ်(က) ၃လမ်း၊ အမှတ် ၁၇၀ (A)နေ (ဒေါ်ခင်မှီ)၏ခင်ပွန်း၊ (ဦးအေးမောင်-ဒေါ်ခင်ခင်)တို့၏သား၊ (ဦးစိန်ဌေး)-ဒေါ်ရင်ရင်ဌေးတို့၏ဖခင်သည် ၉-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်(ကလေးမြို့)
### အသက်(၇၈)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ ပင်းယ ၁၈လမ်း၊အမှတ် ၁၀၂၃(ခ)နေ(ဦးကျော်မွေး)၏ဇနီး၊ (ဦးသာဉာဏ်-ဒေါ်ချစ်စု)တို့၏သမီး၊ ဦးတဲလ်ဒွန်း-ဒေါ်နော်နမ်၊ ဦးစန်းမြင့်အောင် - ဒေါ်စန်းစန်းယု၊ ဦးမောင်အုန်း-ဒေါ်တင်တင်မွေး၊ ဦးမျိုးမင်း-ဒေါ်နီလာကျော်(အေးရိပ်စံအိမ်ခြံမြေ)၊ ဦးမျိုးတင့်(ဝန်ထမ်းရေးရာ)-ဒေါ်စန္ဒာကျော်(ဝန်ထမ်းရေးရာ)၊ဒေါ်သီတာကျော် (တွဲ-ပါမောက္ခ၊ ပုသိမ်တက္ကသိုလ်)၊ (ဦးစည်သူထွဏ်း)-ဒေါ်ဥမ္မာကျော်၊ ဦးသန်းဇော်ဌေး-ဒေါ်သီတာခိုင်တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၅ရက် ညနေ ၃နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု စနစ်တကျဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ဒီဇင်ဘာ ၂ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် ယခင်က အစဉ်အလာမရှိခဲ့သေးသည့် နိုင်ငံတော်အကြီးအကဲတာဝန်များ စနစ်တကျလွှဲပြောင်းပေးသည့် အစဉ်အလာကောင်းတစ်ခု ထူထောင်ရန်ကိစ္စကိုလည်း နှစ်ဦးနှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရဘက်မှ "နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီ"ကို ဖွဲ့စည်းထားရှိပြီး၊ ယင်းကော်မတီတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ထားပြီး ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော် သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးတို့ပါဝင်ကြောင်း သိရှိရသည်။

ယင်းအထောက်အကူပြုကော်မတီနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အသွင်ကူးပြောင်းရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ယင်းအဖွဲ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးအောင်နှင့် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား) ဒေါက်တာအောင်သူတို့အား တာဝန်ပေးအပ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲမဲခွဲ

**သတင်း-ညီမြတ်သော်တာ ➢ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၀**

မြန်မာကလပ်အသင်းများဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။

အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၁၅ MNL အမှတ်ပေးချန်ပီယံရန်ကုန်အသင်း ယှဉ်ပြိုင်ခွင့်ရထားပြီး အကြိုခြေစစ်ပွဲ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ မဲခွဲမှုအနေအထားအရ ရန်ကုန်အသင်းမှာ ထိုင်းပရီမီယာလိဂ်၌ အဆင့်(၃)နေရာ ရရှိသည့်အသင်းနှင့်ဖေဖော်ဝါရီ ၂ ရက်တွင်အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ လက်ရှိတွင် ထိုင်းပရီမီယာလိဂ်မှာ ပြီးဆုံးခြင်းမရှိသေးသောကြောင့်

*စာမျက်နှာ ၇ ကော်လံ ၅* ◆

# ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အာဆင်နယ်တို့ အိုလံပီယာကို့စ်ကွင်း၌ ဂိုးပြတ်အနိုင်ယူပြီး (၁၆)သင်းအဆင့် ပြိုင်ပွဲသို့ တက်ရောက်

**❖ သီဟ-ရေးသည် ❖**

ယူအီးအက်ဖ်အေချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(F)မှ ဂရိကလပ်အိုလံပီယာကို့စ်နှင့် အင်္ဂလန်ကလပ်အာဆင်နယ်တို့ပွဲတွင် တိုက်စစ်မှူး ဂျီရော့ဒ်၏ ဟက်ထရစ်သွင်းဂိုးနှင့်အတူ အာဆင်နယ်အသင်းသုံးဂိုး-ဂိုးမရှိဖြင့်အဝေးကွင်း၌ အိုလံပီယာကို့စ်ကို အနိုင်ရခဲ့သည်။

ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် အိုလံပီယာကို့စ်အိမ်ကွင်းတွင် နောက်ဆုံးတွေ့ဆုံမှု မှတ်တမ်းအရ အာဆင်နယ်အသင်း သုံးပွဲဆက်တိုက် နိုင်ပွဲမရခဲ့ပေ။ ယနေ့ပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာကြသည်။ အိမ်ရှင် အိုလံပီယာကို့စ်တွင် ဘူချလာကစ် တစ်ဦးတည်းသာ ဒဏ်ရာရ၍မပါဝင်ခဲ့ပေ။ နည်းပြအာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းတွင် ဒဏ်ရာပြဿနာကြုံတွေ့နေရပြီး ဆန်ချက်ဇ်၊ ဝဲလ်ဘက်၊ အာတီတာ၊ ဝီလ်ရှီးယား၊ ကိုကွီလင်၊ ရိုဆစ်စကီး၊ ကာဇိုလာတို့မပါခဲ့ပေ။

ပွဲချိန် ၂၉ မိနစ်တွင် တိုက်စစ်မှူးဂျီရော့ဒ်၏ ခေါင်းတိုက်ဂိုးဖြင့် အာဆင်နယ်ဦးဆောင်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ၄၉ မိနစ်တွင် အိုလံပီယာကို့စ် ကစားသမားဟောင်းဂျိုးကမ့်ဘဲလ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျီရော့ဒ်က အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ၆၇ မိနစ်တွင် အာဆင်နယ်အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ရာ ဂျီရော့ဒ်က တတိယဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ယခင်အဝေးကွင်း ရှုံးကြွေးများဆပ်နိုင်ခဲ့ပြီး နောက်တစ်ဆင့်ဖြစ်သော ၁၆ သင်းအဆင့်သို့ အုပ်စုဒုတိယဖြင့် တက်ရောက်သွားသည်။

**စာမျက်နှာ ၈ ကော်လံ ၅** ❍



အာဆင်နယ်တိုက်စစ်မှူး ဂျီရော့ဒ် ဒုတိယဂိုး သွင်းယူစဉ်။

**ယနေ့ ဖတ်စရာ**

**ကန်ဒါဟာလေဆိပ် လျှပ်တစ်ပြက်တိုက်ခိုက်ခံရမှု တာလီဘန် ၁၁ ဦး သေဆုံးကြောင်းအတည်ပြု**

စာမျက်နှာ ၄

**မြိတ်မြို့၌ မိသားစုဝင် ၁၀ ဦး ရွှေဖရုံသီးဟင်းနှင့် အမဲအူပြုတ် သုပ်စားရာမှ အစာအဆိပ်သင့်**

စာမျက်နှာ ၅

**အချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၁၅ ရွေးကောက်ပွဲ လွှတ်တော် အသီးသီးမှ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း
R/488

မြန်မာ့အလင်း
ရှုမဝ စီးပွားကြီးကာလ

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**နာဂမြေက ပန်းကလေးများ လန်းပါစေ**

စာ - ၃



လူမှုစီးပွား

**တောင်ငူမြို့ ကင်းဆိပ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်**

စာ - ၆



# ဥရောပ အောင်ပွဲဖြစ်လာမယ့် ဖီဖာကမ္ဘာ့ကလပ် ချန်ပီယံများဖလား

လင်းဆက်

စာ - ၇

ဒီပြိုင်ပွဲမှာ ပါဝင်နေတဲ့ ဘာစီလိုနာဟာ
အခြားပြိုင်ဘက်အားလုံးထက်
အဆင့်အတန်းအရ တစ်ဆင့်မက
မြင့်မားနေပါတယ်။
မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ၊ အင်နီယေစတာ၊
ရာကီတစ်၊ ပီကေးတို့လို အစုအဖွဲ့မျိုး
အခြားအသင်းတွေမှာ
မရှိသလို ညီညွတ်မှုတတဲ့ကစားဟန်၊
ဗျူဟာနဲ့ နည်းစနစ်ပိုင်းတလည်း
အားလုံးထက်သာလွန် ကောင်းမွန်နေတာနဲ့အမျှ
ဒီတစ်ကြိမ်မှာလည်း




## ပရီမီယာလိဂ်ပွဲစဉ်(၁၆)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၂-၁၂-၁၅)** | | | |
| ည ၇း၁၅ | နော့ဝစ်ချ် | VS | အဲဗာတန် |
| ည ၉း၃၀ | ခရစ္စတဲလ်ပဲလေ့စ် | VS | ဆောက်သမ်တန် |
| ည ၉း၃၀ | ဝက်စ်ဟမ်း | VS | စတုတ် |
| ည ၉း၃၀ | မန်စီးတီး | VS | ဆွမ်ဆီး |
| ည ၉း၃၀ | ဆန်းဒါးလန်း | VS | ဝက်ဖို့ဒ် |
| နံနက် ၀၀း၀၀ | ဘုန်းမောက် | VS | မန်ယူ |
| **တနင်္ဂနွေနေ့ (၁၃-၁၂-၁၅)** | | | |
| ည ၈း၀၀ | အက်စ်တွန်ဗီလာ | VS | အာဆင်နယ် |
| ည ၁၀း၃၀ | စပါး | VS | နယူးကာဆယ် |
| ည ၁၀း၃၀ | လီဗာပူး | VS | ဝက်စ်ဘရွန်း |
| **တနင်္လာနေ့ (၁၄-၁၂-၁၅)** | | | |
| နံနက် ၂း၃၀ | လက်စတာ | VS | ချယ်လ်ဆီး |

## စပိန်လီဂါပွဲစဉ်(၁၅)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၁၁-၁၂-၁၅)** | | | |
| နံနက် ၂း၀၀ | ဂီတာဖေး | VS | ဆိုစီဒက် |
| **စနေနေ့ (၁၂-၁၂-၁၅)** | | | |
| ည ၉း၃၀ | ဘာစီလိုနာ | VS | ဒီပို့တီဗို |
| ည ၁၁း၄၅ | ဆယ်တာဗီဂို | VS | အက်စ်ပန်ညို |
| ည ၁၁း၄၅ | လီဗန်တေး | VS | ဂရန်နာဒါ |
| နံနက် ၂း၀၀ | ဆီဗီလာ | VS | ဂီတွန် |
| နံနက် ၃း၃၅ | လက်ပဲလ်မက်စ် | VS | ဘက်တစ် |
| **တနင်္ဂနွေနေ့ (၁၃-၁၂-၁၅)** | | | |
| ညနေ ၅း၃၀ | ဗယ်လက်ကာနို | VS | မာလာဂါ |
| ည ၉း၃၀ | အီဘာ | VS | ဗလင်စီယာ |
| ည ၁၁း၄၅ | အက်သလက် | VS | ဘီဘာအို |
| နံနက် ၂း၀၀ | ဗီလာရီးရဲ | VS | ရီးရဲ |

## စီးရီးအေပွဲစဉ်(၁၆)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၂-၁၂-၁၅)** | | | |
| ည ၈း၃၀ | ဂျီနိုအာ | VS | ဘိုလော့ဂ်နာ |
| ည ၁၁း၃၀ | ပါလာမို | VS | ဖရိုစီနိုနီ |
| ည ၁၁း၃၀ | ဆက်ဆူအိုလို | VS | တိုရီနို |
| နံနက် ၂း၁၅ | အူဒီးနိစ် | VS | အင်တာမီလန် |
| **တနင်္ဂနွေနေ့ (၁၃-၁၂-၁၅)** | | | |
| ည ၈း၃၀ | ချီယေဗို | VS | အတ္တလန်တာ |
| ည ၈း၃၀ | အမ်ပိုလီ | VS | ကာပီ |
| ည ၈း၃၀ | အေစီမီလန် | VS | ဗီရိုနာ |
| ည ၁၁း၃၀ | နာပိုလီ | VS | ရိုးမား |
| နံနက် ၂း၁၅ | ဂျူဗင်တပ်စ် | VS | ဖီအိုရင်တီးနား |
| **တနင်္လာနေ့ (၁၄-၁၂-၁၅)** | | | |
| နံနက် ၂း၁၅ | လာဇီယို | VS | ဆမ်ဒိုးရီးယား |

PUN HLAING SILOAM HOSPITALS

**နှစ်သစ်ကူးအထူးအစီအစဉ်** (ဒီဇင်ဘာ ၉ ရက်နေ့မှ ၃၁ ရက်နေ့အတွင်းသာ)



| | |
|---|---|
| နောက်ဆုံးပေါ် 128 Slice CT Scanner စက်သစ်ကြီးဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်နိုင်ချေ ရှိ/မရှိ စစ်ဆေးခြင်း ( Calcium Scoring ) | 20,000 ks |
| နာတာရှည် နားအူခြင်း၊ ခေါင်းမူးခြင်း၊ နားတစ်ဖက်တည်း အကြားအာရုံချို့ယွင်းခြင်းစသော ရောဂါများကို နောက်ဆုံးပေါ် ခေတ်မီ စက်သစ်ကြီးဖြစ်သော 1.5 T MRI ဖြင့်ရိုက်ပြီး စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးကိုယ်တိုင် ဖတ်ရှုပေးခြင်း ( 8th Nerve Screening ) | 50,000 ks |

Call us
684433
8.00 am to 5.00pm

LIKE US ON facebook
Pun Hlaing Siloam Hospitals

လူဦးရေကန့်သတ်ထားပါသည်။

ပန်းလှိုင်စီလုံဆေးရုံတစ်ခုတည်းတွင်သာ

**စ**ပိန်လာလီဂါပွဲစဉ်(၁၄)မှာ ဘာစီလိုနာနဲ့ ဗလင်စီယာ သရေကျခဲ့ပြီး အက်သလက်တီကိုက ဂရန်နာဒါကို အနိုင်ရခဲ့သလို ရီးရဲမက်ဒရစ်ကလည်း ဂီတာဖေးကို အနိုင်ကစားနိုင်ခဲ့တယ်။ ဒါကြောင့် ဘာစီလိုနာ၊ အက်သလက်တီကို၊ ရီးရဲတို့ကြားက အမှတ်ကွာဟမှုက ပိုမိုကျဉ်းမြောင်းသွားပြီး လာလီဂါကလည်း အကြိတ်အနယ်ပိုရှိလာနိုင်တယ်။

▭ ဝေမိုးဆက် ▭




### ဗီလာရီးရဲ - ရီးရဲ

ရီးရဲဟာ ဂီတာဖေးကို ဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိတယ်။ တိုက်စစ်မှာ ဘေးလ်၊ ဘင်ဇီမာ၊ ရော်နယ်ဒိုတို့နဲ့ လူပြန်စုံလာသလို အဆုံးသတ်အားရော၊ ထိုးဖောက်ကစားပုံလည်း ကောင်းတယ်။ လက်ရှိအချိန်မှာလည်း ဘာစီလိုနာနဲ့ လေးမှတ်၊ အက်သလက်တီကိုနဲ့ နှစ်မှတ်သာ ကွာဟတော့တာကြောင့် အဆိုပါအမှတ်ကွာဟမှုကို ဆက်ထိန်းနိုင်ဖို့ ခြေကုန်ထုတ်ကစားသွားမှာကလည်း သေချာတယ်။ ရီးရဲအနေနဲ့ ဒီပွဲစဉ်မှာ ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့် ထိပ်တိုက်ဆုံတွေ့မှုအစဉ်အလာမှာ ရီးရဲဟာ ဗီလာရီးရဲရဲ့အိမ်ကွင်းမှာ နှစ်ပွဲသာရှုံးနိမ့်ခဲ့ဖူးတယ်။ ဒါပေမယ့် ဗီလာရီးရဲဟာ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ကစားပုံက အတော်လေးကောင်းမွန်တတ်ပါတယ်။ အထူးသဖြင့် ဗီလာရီးရဲတိုက်စစ်ဟာ အိမ်ကွင်းပွဲစဉ်တွေမှာ အဆုံးသတ်အား သိသိသာသာကောင်းမွန်တတ်တာကြောင့် ရီးရဲကို တုံ့ပြန်ကစားနိုင်ခြေရှိပါတယ်။ ရီးရဲမက်ဒရစ်က ခံစစ်ပိုင်း အနည်းငယ်စိတ်မချရတတ်ပါဘူး။ နောက်ဆုံးပွဲစဉ်မှာ ဂီတာဖေးကို တစ်ဂိုးပြန်ပေးခဲ့ရသလို ရှက်တာဒိုးနက်နဲ့ပွဲမှာလည်း လေးဂိုးသွင်းပြီးမှ သုံးဂိုး ဆက်တိုက်ပြန်ပေးခဲ့ရပါတယ်။ ဒ့ါအပြင် ဘာစီလိုနာနဲ့ပွဲတုန်းကလည်း လေးဂိုးပေးခဲ့ရသလို ဆီဗီလာနဲ့ပွဲတုန်းကလည်း သုံးဂိုးပေးခဲ့ရကာ နောက်ဆုံးကစားခဲ့တဲ့ခြောက်ပွဲမှာ အီဘာနဲ့တစ်ပွဲတည်းသာ ဂိုးမပေးခဲ့ရဘဲ ကျန်ငါးပွဲမှာတော့ ၁၃ ဂိုးအထိ ပေးခဲ့ရပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာလည်း ရီးရဲအနေနဲ့ ဗီလာ ရီးရဲရဲ့ တုံ့ပြန်ကစားအားကို ထိန်းချုပ်နိုင်ဖို့ဆိုတာ မသေချာပါဘူး။ ရီးရဲတို့ ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့ အားစိုက်ကစားမှာဖြစ်ပေမယ့် ဗီလာရီးရဲရဲ့ ကစားအားကြောင့် သရေလောက်ပဲရနိုင်တယ်။

### ဘာစီလိုနာ - ဒီပို့တီဗို

ဘာစီလိုနာဟာ ဗလင်စီယာနဲ့ သရေကျခဲ့တာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာတယ်။ ချန်ပီယံလိဂ်ကစားခဲ့ရလို ပွဲပန်းမှုရှိလာနိုင်ပေမယ့် အိမ်ကွင်းဖြစ်တာကြောင့်လည်း ဘာစီလိုနာ အမှားခံမှာမဟုတ်ဘူး။ ဒီပို့တီဗိုခြေစွမ်းက မဆိုးပေမယ့် ဘာစီလိုနာရဲ့တိုက်စစ်ကိုတော့ ထိန်းချုပ်ဖို့ အခက်အခဲတွေရှိလာနိုင်တယ်။ အိမ်ကွင်းမှာ ဘာစီလိုနာပဲနိုင်ပွဲရမယ်။

### ဆီဗီလာ - ဂီဂွန်

ဆီဗီလာခြေက ဒီရာသီမှာ ထင်သလောက်ကစားပုံ တည်ငြိမ်မှုမရှိပေမယ့် အိမ်ကွင်းကစားအား အထူးကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်း ခုနစ်ပွဲမှာ ငါးပွဲအထိအနိုင်ရခဲ့သလို တိုက်စစ်ကလည်း အိမ်ကွင်းပွဲစဉ်တွေမှာ အဆုံးသတ်အား သိသိသာသာကောင်းမွန်မှုရှိတယ်။ ဒါကြောင့် ခြေစွမ်းသာမန်သာရှိတဲ့ ဂီဂွန်ကို ဖိအားပေးသွားနိုင်ဖို့သာ ရှိပါတယ်။ ဆီဗီလာကပဲ နိုင်ပွဲရယူသွားမှာပါ။

### အီဘာ - ဗလင်စီယာ

ဘာစီလိုနာကို သရေကစားသွားခဲ့တဲ့ ဗလင်စီယာခြေက ကောင်းမွန်မှုရှိပါတယ်။ နည်းပြအပြောင်းအလဲကြောင့်လည်း စိတ်ဓာတ်ပိုင်းအားကောင်းလာနိုင်တယ်။ ဒါပေမယ့် အီဘာကလည်း ခံစစ်ကစားပုံကောင်းမွန်တဲ့အသင်းဖြစ်ပြီး ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ထိန်းချုပ်ကစားသွားနိုင်ဖို့ ကြိုးစားလာမှာပါ။ ဗလင်စီယာအခက်တွေ့နိုင်ပြီး နိုင်ရင်တောင် ပြတ်သားဖို့ခက်ပါတယ်။

### ဆယ်တာဗီဂို - အက်စ်ပန်ညို

ဆယ်တာဗီဂိုရဲ့ခြေစွမ်းပိုင်းက မဆိုးပါဘူး။ တိုက်စစ်ကစားပုံကောင်းမွန်မှုရှိပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် ပွဲကိုဂရုတစိုက်နဲ့ ကစားသွားမှာဖြစ်သလို အိမ်ကွင်းပွဲစဉ်တွေမှာလည်း ကစားပုံပိုကောင်းလေ့ရှိတာကြောင့် အက်စ်ပန်ညိုကို ဖိအားပေးသွားနိုင်မှာပါ။ ဆယ်တာဗီဂိုခံစစ်ကစားပုံ ထင်သလောက် မငြိမ်ပေမယ့် ဒီပွဲမှာတော့ နိုင်ပွဲရယူသွားမှာပါ။

### လက်ပဲလ်မက်စ် - ဘက်တစ်

ဘက်တစ်ခြေက မဆိုးဘူးလို့ဆိုနိုင်တယ်။ အထူးသဖြင့် ဘက်တစ်ဟာ အိမ်ကွင်းထက် အဝေးကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းလေ့ရှိပြီး အဝေးကွင်း ခုနစ်ပွဲမှာ လေးပွဲအနိုင်ရကာ တစ်ပွဲသာရှုံးနိမ့်ခဲ့ပါတယ်။ လက်စ်ပဲလ်မက်စ်ကတော့ တိုက်စစ်ရော ခံစစ်ပါတည်ငြိမ်မှုသိပ်မရှိဘူး။ လက်စ်ပဲလ်မက်စ်အိမ်ကွင်းဖြစ်ပေမယ့် ဘက်တစ်ရဲ့တုံ့ပြန်မှုကို ခံရနိုင်ကာ ဘက်တစ်ကသာ ကပ်နိုင်သွားနိုင်တယ်။

### အက်သလက် - ဘီလ်ဘာအို

ဘီလ်ဘာအိုက အခုနောက်ပိုင်း ကစားပုံမြန်ပြီး ကောင်းမွန်လာပါတယ်။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေပြန်ရနေတယ်။ ဒါပေမယ့် အက်သလက်တီကိုက ဘာစီလိုနာနဲ့ အမှတ်ကွာဟမှုလျော့မသွားအောင် ထိန်းဖို့ကြိုးစားမှာသေချာတယ်။ အက်သလက်တီကိုရဲ့ခြေကလည်း ကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေတယ်။ အပြန်အလှန်ဂိုးသွင်းနိုင်လို့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပြီး အက်သလက်တီကို နိုင်ပွဲကပ်ရနိုင်တယ်။

### လီဗန်တေး - ဂရန်နာဒါ

ဒီရာသီမှာ လီဗန်တေးခြေက အားနည်းမှုတွေများတယ်။ အထူးသဖြင့် လီဗန်တေးက ခံစစ်ကစားပုံကျစ်လျစ်မှုမရှိဘူး။ ဒါပေမယ့် အမှတ်လိုအပ်မှုများနေတာကြောင့် လီဗန်တေးတို့ ဒီလိုအိမ်ကွင်းပွဲစဉ်မျိုးမှာ အမှားခံမှာတော့ မဟုတ်ဘူး။ အထူးသဖြင့် ပြိုင်ဘက်ဂရန်နာဒါကလည်း ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိတာကြောင့် လီဗန်တေးအခွင့်အရေးရနိုင်ပြီး အနိမ့်ဆုံး သရေလောက်ရမယ်။

### ဗယ်လီကာနို - မာလာဂါ

မာလာဂါရဲ့ခြေစွမ်းပိုင်းက အတော်ကလေးအားနည်းမှုတွေများတယ်။ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် မာလာဂါဟာ ခြေစွမ်းပိုကျတတ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေလုံးဝမတည်ငြိမ်ဘူး။ ဒါကြောင့် ဗယ်လီကာနိုရဲ့ခြေစွမ်းက သာမန်သာရှိပေမယ့် ဒီပွဲစဉ်မှာတော့ အခွင့်အရေးရနိုင်တယ်။ ဗယ်လီကာနိုတို့ အိမ်ကွင်းမှာ ဂိုးမပြတ်နိုင်ပေမယ့် နိုင်ပွဲတော့ရသွားမှာပါ။

### ဂီတာဖေး - ဆိုစီဒက်

ရီးရဲကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် ဂီတာဖေးတို့ နိုင်ပွဲပြန်ရရေး အားစိုက်ကစားလာမှာသေချာတယ်။ ဂီတာဖေးက အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်တယ်။ နည်းပြပြောင်းလဲထားသော်လည်း ဆိုစီဒက်ကတော့ အခုအချိန်အထိ ခြေမတည်ငြိမ်သေးပါဘူး။ ဂီတာဖေးပဲနိုင်ပွဲရမယ်။

## ချယ်လ်ဆီးမန်နေဂျာရာထူးမှ မော်ရင်ညိုအား ထုတ်ပယ်ပါက ရှုံးမိုက်မှုဖြစ်လိမ့်မည်ဟု ဖာဂူဆန်ပြောဆို



ချယ်လ်ဆီးအသင်းပိုင်ရှင် အာဘရာမိုဗစ်အနေဖြင့် မန်နေဂျာ ဟိုဆေးမော်ရင်ညိုအား ရာထူးမှထုတ်ပယ်ခဲ့ပါက ရှုံးမိုက်မှုတစ်ခုပင်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ မော်ရင်ညိုသည် ဘောလုံးလောက၏ အကောင်းဆုံးနည်းပြများအနက်မှ တစ်ဦးဖြစ်ကြောင်း မန်ယူအသင်းမန်နေဂျာဟောင်း ဆာအဲလက်စ်ဖာဂူဆန်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ပရီမီယာလိဂ် လက်ရှိ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင်မူ အကောင်းဆုံးခြေစွမ်းပုံစံရရှိရန် ရုန်းကန်နေရကာ နောက်ဆုံးကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် တန်းတက် ဘုန်းမောက်အသင်းကို အရေးနိမ့်ခဲ့ရသည့် ပွဲအပါအဝင် ရှုံးပွဲ ရှစ်ပွဲအထိ ကြုံတွေ့ထားရပြီး အမှတ်ပေးဇယား၏ အဆင့် ၁၄ နေရာတွင်သာ ရပ်တည်နေရသည့် အသင်းဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ ရလဒ်ဆိုးများကြောင့် မန်နေဂျာမော်ရင်ညို၏အနာဂတ်မှာ မရေမရာဖြစ်နေရသည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်လျက်ရှိသည်။

မန်ယူမန်နေဂျာဟောင်း ဖာဂူဆန်က “ချယ်လ်ဆီးအသင်းပိုင်ရှင် အာဘရာမိုဗစ်ဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်းမှာ မန်နေဂျာများစွာ အပြောင်းအလဲပြုလုပ်ခဲ့ပြီးပါပြီ။ သူဟာ ဒီအပြောင်းအလဲတွေကနေ သင်ခန်းစာရယူနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ မော်ရင်ညိုဟာ လက်ရှိအချိန်မှာ ချယ်လ်ဆီးအသင်း ကြုံတွေ့နေရတဲ့အခြေအနေဆိုးကို ပြောင်းလဲပေးနိုင်စွမ်းရှိတယ်ဆိုတာကို အာဘရာမိုဗစ်အနေနဲ့ ယုံကြည်လက်ခံပေးထားဖို့ လိုပါတယ်။ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေအနက်က တစ်ဦးဖြစ်တဲ့ မော်ရင်ညိုကို ထုတ်ပယ်ဖို့ဆိုတာ မဖြစ်သင့်ပါဘူး။ မော်ရင်ညိုဟာ ပေါ်တို၊ ချဲလ်ဆီးတို့နဲ့အတူ ချန်ပီယံလိဂ်ဆုဖလားတွေ ရယူနိုင်ခဲ့သလို သူတာဝန်ယူတဲ့အသင်းတိုင်းကိုလည်း အမှတ်ပေးချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ မော်ရင်ညိုက အဓိက ဆုဖလားတွေရရှိခဲ့သူပါ။ တကယ်လို့ အာဘရာမိုဗစ်အနေနဲ့ မော်ရင်ညိုကို ထုတ်ပယ်မယ်ဆိုရင် ဒါဟာ ရှုံးမိုက်မှုတစ်ခုသာဖြစ်ပါလိမ့်မယ်”ဟု ပြောသွားသည်။

ဆက်လက်၍ ဖာဂူဆန်က “ဦးဆောင်မှုကောင်းသူတွေဟာ အဖြေမှန်ကို ရှာဖွေနိုင်ကြပါတယ်။ မော်ရင်ညိုကလည်း ချယ်လ်ဆီးအတွက် အကောင်းဆုံးအဖြေတစ်ခုကို ရှာဖွေနိုင်မှာပါ။ အောင်မြင်မှုကို ကာလရှည်ထိန်းထားနိုင်တဲ့အသင်း များများစားစားမရှိပါဘူး။ အောင်မြင်မှုကို ခြောက်နှစ်၊ ခုနစ်နှစ်ဆက်တိုက်ထိန်းသိမ်းထားနိုင်ဖို့ဆိုတာ အလွန်ကိုခက်ခဲပါတယ်။ အရေးကြီးတာက ကိုယ့်အသင်းရဲ့အခြေအနေကို ကိုယ်ကိုယ်တိုင် ကျေနပ်အားရဖို့ပါပဲ”ဟု ပြောသွားသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

# နာဂမြေက ပန်းကလေးများ လန်းပါစေ



နန်းယွန်းမြို့နယ် တကားကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းက လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တွေမှာ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ခန္တီးမြို့နယ်မှာ ဖောက်လုပ်ပေးခဲ့တဲ့ လမ်းတွေဟာ နာဂတိုင်းရင်းသား သွေးချင်းများရဲ့ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရုံမျှမက ရင်သွေးငယ်တွေရဲ့ ပညာရည်မြင့်မားရေးကို အများကြီး အထောက်အကူပြုနေမှန်း သိလိုက်ရတဲ့အခါ အလွန်ကြည်နူးဝမ်းသာ ဖြစ်ခဲ့မိပါတယ်။ နိုဝင်ဘာ ၂၄ ရက်မှာ ကျွန်တော်တို့အဖွဲ့ဟာ ခန္တီးမြို့နယ်ထဲက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုလုပ်ငန်းဖြစ်တဲ့ တိန်အင်း-လက်ပံသာ-မှန်ပင်-ကောင်းမှူ-ဖောင်းဆိုင်-ပဒူမုန်းရွာသစ် ၄၀/၀ မိုင်အနက် မြေလမ်း ၁၀/၀မိုင် စတင်ဖောက်လုပ်ခြင်းလုပ်ငန်းကို သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ ကောင်းမှူကျေးရွာမှာ ခဏနားကြရင်း ရပ်မိရပ်ဖတွေနဲ့ တွေ့ဆုံစကားပြောကြည့်လိုက်တဲ့အခါ. . . . လမ်းပေါက်သွားမယ်ဆိုရင်ဖြင့် ဒီဒေသက ကလေးတွေအနေနဲ့ စက်ဘီး၊ ဆိုင်ကယ်တွေစီးပြီး ခန္တီးမြို့အထိ ကျောင်းသွားတက်နိုင်တော့မှာဖြစ်ပါတယ်။ အခုနေခါမှာတော့ ခန္တီးမြို့ပေါ်က အသိအိမ်၊ အမျိုးအိမ်တွေမှာ အဆောင်တွေမှာ သွားရောက်နေထိုင်ပြီး ကျောင်းတက်နေရတာဖြစ်လို့ စရိတ်စက အများကြီး သက်သာသွားမှာဖြစ်ပါတယ်လို့ ဝမ်းပန်းတသာပြောပြကြပါတယ်။ လက်ပံသာကျေးရွာမှာ လီဆူတိုင်းရင်းသားသွေးချင်းများလည်း နေထိုင်လျက်ရှိကြပြီး ကချင်ပြည်နယ်ရဲ့ နာမည်ကျော်ဂရိတ်ဖရုသီးတွေ အောင်မြင်စွာစိုက်ပျိုးထားတာ တွေ့ခဲ့ရပါတယ်။

နာဂဒေသမှာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ဘဘဦးလှဖေတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက စခဲ့ကြတာဖြစ်တယ်လို့ ပြောရမလိုပါပဲ။ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုနဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျဝါဟာလာနေရူးတို့ရဲ့ ခန္တီးဒေသခရီးစဉ်အပြီး ၁၉၅၃ ခုနှစ်မှာ တိုင်းရင်းသားပေါင်းစုံ ပညာသင်ကြားရေး အစီအစဉ်အရ နာဂဒေသအတွင်းက ကလေးငယ် ၂၀၊ ၂၅ ယောက်ခန့်ကို ရန်ကုန်မြို့ ခေါ်ဆောင်သွားခဲ့ပါတယ်။ အခု လသာ အထက(၁)နေရာနဲ့ မရမ်းကုန်းမြို့နယ်ထဲက ဗဟိုကျောင်းတွေမှာ ပညာသင်ကြားခွင့်ရခဲ့တယ်။ ကျောင်းနေဖက် သူငယ်ချင်းတွေထဲမှာ နန်းယွန်းမြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌဟောင်း ဦးကျော်မောင်၊ လေရှီးမြို့က ဦးကရှီးမူးတို့ သက်ရှိထင်ရှား ရှိနေသေးတယ်လို့ ဘဘဦးလှဖေက သတိတရပြောပြပါတယ်။ ဒီနေ့ထိလည်း ဘဘဦးလှဖေ(ခေါ်) ဦးကမ်ရန်းဟာ နာဂရိုးရာယဉ်ကျေးမှု ဗဟိုကော်မတီနာယကအဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ရိုးရာယဉ်ကျေးမှုများ ရှင်သန်ထွန်းကားပြန့်ပွားရေး၊ ဘုံစာပေဘာသာစကား ပေါ်ထွန်းလာစေရေး အစရှိတဲ့ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စအဝဝကို ဦးဆောင်ဦးရွက်ပြုနေတာ တွေ့ရပါတယ်။ အသက် ၇၈ နှစ်ရှိနေပါပြီ။

နာဂတိုင်းရင်းသားထဲမှာ ရင်းနှီးခင်မင်ခွင့်ရခဲ့တဲ့ နောက်တစ်ဦးကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မိတ်ဆွေကြီး ဦးလှထွန်း၊ ကျွန်တော်တို့အဖွဲ့ရဲ့ တကားဒေသခရီးစဉ်မှာ အတူလိုက်ပါခဲ့သူ၊ စက်လှေစီးရင်းနဲ့ သူငယ်စဉ်ကအကြောင်းတွေ ပြန်ပြောပြတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အသက် ၁၂ နှစ်အရွယ်ရောက်မှ ကျွန်တော်က ကျောင်းနေခွင့်ရခဲ့တာ၊ ၁၉၆၂ ခုနှစ်မှာ မုံရွာမြို့၊ သလ္လာရပ်ကွက်က ဆရာတော်ဦးဇနိတရဲ့ ကျောင်းကို ရောက်လာခဲ့တယ်။ ကျွန်တော့်ရဲ့ နာဂအမည်က လှထွန်းမဟုတ်ဘူး၊ လဲထွား---။ "လဲထွားတွေ ဘာတွေလုပ်မနေနဲ့တော့ ဒီနေ့ကစပြီး မင်းနာမည် လှထွန်းလို့ပြောင်းလိုက်ပြီ။ မင်းအရပ်အမောင်းကို လျှော့လို့မရပေမယ့်၊ အသက်ကိုတော့လျှော့ပစ်ရမယ်။ မောင်လှထွန်း အသက် ၁၀ နှစ်ဆိုပြီး ဆရာတော်က တစ်ခါတည်းပြောင်းပေးလိုက်တာပါ"ဟု သူ၏ ကျောင်းနေစဉ်ဘဝအစကို ပြောပြခဲ့ပါတယ်။ နာဂမိတ်ဆွေတွေ အများကြီး ရှိပါသေးတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိုးသီးနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က အလုပ်အမှုဆောင် ဦးကျော့နားတို့ဆိုရင်လည်း မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့က ဆရာတော်အရှင်ဥက္ကဋ္ဌ သီတင်းသုံးတော်မူတဲ့ ငါးဆင့်ပရဟိတဂေဟာမှာနေပြီး ပညာသင်ကြားခဲ့သူတွေပါ။ ဦးရှိုးသီးက မကွေးဒေသ ကောလိပ်မှတစ်ဆင့် မန္တလေးတက္ကသိုလ်မှာ ဓာတုဗေဒ (ဂုဏ်ထူးတန်း)ကို ဆက်လက်သင်ယူခွင့်ရခဲ့တာကို သိရပါတယ်။

စက်လှေစီးရင်းနဲ့ ဦးလှထွန်းပြောပြခဲ့

> နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းတွေ ရရှိထားပြီးဖြစ်တာမို့ အခြားသောဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်

သူ့ဘဝအတွေ့အကြုံတွေထဲမှာ ၁၉၈၀ ပြည့်နှစ်များဆီက ခန္တီးခရိုင် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် အချိန်ကာလတွေလည်း ပါဝင်ခဲ့ပါတယ်။ ဒုံဟီးတို့၊ နန်းယွန်းတို့မှာ တာဝန်ကျတဲ့ ဆရာ၊ ဆရာမတွေဟာ တစ်ခါတလေ ဆိုင်ကယ်ကယ်ရီစီးဖို့ အဆင်မပြေတဲ့အခါ မိုင်ပေါင်းများစွာခရီးကို လမ်းလျှောက်ကြရတယ်။ နန်းယွန်းအထိဆိုရင် စဉ်းစားသာကြည့်တော့။ ဆိုင်ကယ်ကယ်ရီနဲ့ သွားခွင့်ကြုံပြန်တော့လည်း ကိုယ့်ရည်းစားလည်း မဟုတ်၊ ကိုယ့်ယောကျ်ားလည်း မဟုတ်ရပါပဲ ပိုက်ဆံပေးပြီး နောက်ကနေ အသားကုန်ဖက်လိုက်ရတယ် အဘရေလို့. . . ဆရာမလေးတွေက ပြန်ပြောကြတယ်။ နာဂလမ်းတွေကလည်း ဟိုတုန်းက တော်တော်လေးကို ဆိုးပါတယ်ဗျာ---တဲ့။ အခုအခါမှာတော့ လဟယ်-ဒုံဟီးလမ်း ၆၀/၀ မိုင်ကို နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အင်ဂျင်နီယာ တပ်ရင်းတွေက ဖောက်လုပ်ပေးခဲ့ပါတယ်။ နန်းယွန်း၊ ပန်ဆောင်ဒေသဘက်ကိုလည်း လမ်းတွေပေါက်နေပါပြီ။

လဟယ်မြို့နယ်အတွင်းက ပညာရေးဆိုင်ရာ အချက်အလက်တွေကို လေ့လာကြည့်တဲ့အခါ အထကနှစ်ကျောင်း၊ အထကခွဲ တစ်ကျောင်း၊ အလကနှစ်ကျောင်း၊ အလကခွဲ တစ်ကျောင်း၊ မူလတန်းလွန် ၂၁ ကျောင်း၊ အမက ၅၂ ကျောင်း၊ အမကခွဲ ၂၃ ကျောင်း၊ အမကတွဲတစ်ကျောင်းနဲ့ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းနှစ်ကျောင်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားတဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေမှာ နာဂတိုင်းရင်းသား ကလေးငယ်တွေ တက်ရောက်သင်ကြားနေသလို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)တွေမှာ တက်ရောက်သင်ယူနေကြပါတယ်။ ဒါကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းတွေ ရရှိထားပြီးဖြစ်တာမို့ အခြားသောဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ယုံကြည်မိရင်း နာဂမြေမှ ပန်းကလေးများလန်းပါစေလို့ ဆုတောင်းဆန္ဒပြုမိပါတယ်။

မြင့်စိုး(နတလ)



လဟယ်မြို့နယ် ဆော့လော်နောက်အင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို တွေ့ရစဉ်။

မြန်မာ့အလင်း
၁၁-၁၂-၂၀၁၅ (သောကြာနေ့)

ဧရာဝတီတိုင်းဒေသကြီး



# မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကကြီးမှူး၍ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဒီဇင်ဘာပထမပတ်က လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၈၁-က)၊ အောက်ချောင်းရွာကွင်း၊ ဦးပိုင်အမှတ် (၁၄/၂) ဧရိယာ ၁၂ ဒသမ ၉၉ ဧကရှိ တောင်သူ ဦးထွန်းလင်း၏ မနောသုခစပါးမျိုးစိုက်ပျိုးထားသည့် လယ်မြေပေါ်၌ ၀ ဒသမ ၁၀ ဧက အရွယ်အစား စံကွက်ကို ရိတ်သိမ်းခဲ့ရာ အစို ၁၀၆ ဒသမ ၁၇ တင်း ထွက်ရှိပြီး၊ အခြောက် ၉၂ ဒသမ ၁၀ တင်း ထွက်ရှိခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲသို့ လပွတ္တာခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့်အဖွဲ့ဝင်များ၊ လပွတ္တာခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်(လပွတ္တာ)**

မကွေးတိုင်းဒေသကြီး

## ကျောင်းသား / သူများကို အသိပညာပေးဟောပြောပွဲများကျင်းပ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာနှင့် ရွှေတန်းတစ်ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက အစားအသောက်များတွင် ဓာတုဆေးဝါးအန္တရာယ်အကြောင်းများ၊ စားသုံးရန်မသင့်သည့် အစားအစာများအကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ ကျေးရွာမှတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မိုးဦးကာလနောက် မိုးနည်းမရွာမှုကြောင့် စပါးအထွက်နှုန်းနည်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ မိုးကောင်းသောက်လယ်ယာမြေများတွင် စပါးများရိတ်သိမ်းခြွေလှေ့ကြပြီဖြစ်သည်။

ယခုနှစ်တွင် နောက်ပိုင်းမိုးရွာသွန်းမှုနည်းသောကြောင့် စပါးပင်များဖြစ်ထွန်းမှုမကောင်းဘဲ စပါးအထွက်နှုန်းနည်းကြောင်းသိရပြီး မျိုးဖိုး၊ စိုက်ပျိုးစရိတ်အလုပ်သမားခနှင့်တွက်သော် စပါးအထွက်နည်းသောကြောင့် စပါးစိုက်တောင်သူများ အရှုံးရှိသည်ဟု သိရသည်။ ယင်းဒေသများ၌ မဂျမ်းတော၊ မနောသုခအစရှိသော စပါးမျိုးကိုသာ အဓိကထားစိုက်ပျိုးကြပြီး၊ ဆည်ရေနှင့် ဝေးသောကြောင့် ရွာသွန်းသောမိုးကိုသာ အဓိကအားပြုစိုက်ပျိုးကြရခြင်းဖြစ်သည်။ လယ်ရိတ်လုပ်ငှားတစ်ဦးလျှင် တစ်နေ့ထမင်းနှစ်နပ်ကျွေး ငွေကျပ် ၄၀၀၀ ပေးရပြီး စပါးရိုက် (စပါးခြွေ) လုပ်ငှားတစ်ဦးလျှင် တစ်နေ့ထမင်းတစ်နပ်ကျွေး ငွေကျပ် ၂၅၀၀ ပေးရသည်။ စပါးစိုက်တစ်ဧကလျှင် စပါးရိတ်ရန် လုပ်ငှားအလုပ်သမားခြောက်ဦးငှားရသောကြောင့် ကုန်ကျစရိတ် သုံးသောင်းဝန်းကျင်ရှိသည်ဟု သိရသည်။

"အခုနှစ်က သီတင်းကျွတ် မိုးကျွတ် ဆိုသလိုပဲ နောက်မိုးမသိမ်း(မိုးမရွာ)တော့ စပါးအထွက်နှုန်းနည်းတယ်။ ဝမ်းစာတောင် အနိုင်နိုင်ရတယ်ပြောရမှာပဲ။ လုပ်ငှားစရိတ်ကလည်း စပါးစိုက်တစ်ဧကကို ရိတ်ပြီး ခြွေပြီးအထိ ငါးသောင်း ဝန်းကျင်ကုန်ကျစရိတ်ရှိတယ်။ ဒီနှစ် စပါးစိုက်တောင်သူတော်တော်များများ အရှုံးရှိတယ်"ဟု ရမည်းသင်းမြို့နယ် သရက်ပင်ကျေးရွာနေ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

**အတ်ကလေး (ရမည်းသင်း)**

မန္တလေးတိုင်းဒေသကြီး



ရခိုင်ပြည်နယ်



## ကျေးရွာမြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှု ကွင်းဆင်းကြည့်ရှု

ဘူးသီးတောင်မြို့နယ် မြို့မစေတီတောင်ကျေးရွာ မြစိမ်းရောင်စီမံကိန်း၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြောင်းဖူးပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါလှိုင်နှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၈ ရက်က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၀ ၊ မွေးမြူရေးလုပ်ငန်းလုပ်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး စုစုပေါင်း ၆၈ ဦး၏ လုပ်ငန်းများမှာ အောင်မြင်တိုးတက်လျက်ရှိပြီး ကျေးရွာများ၏ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောပြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြနန်းစံကျော်ရွှေနန်းတော်ကြီးအား စဉ်ဆက်မပြတ်ထိန်းသိမ်းပြုပြင်မှုများဆောင်ရွက်နေ

**မန္တလေးတိုင်းဒေသကြီး**




ကမ္ဘာလှည့်ခရီးသွားများအား အထူးဆွဲဆောင်လျက်ရှိသော ကုန်းဘောင်ခေတ်နောက်ဆုံးမင်းဆက် နန်းစိုက်ရာ မြနန်းစံကျော်ရွှေနန်းတော်ကြီးအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး)မှ စဉ်ဆက်မပြတ်ထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယခုအခါ ပွင့်လင်းမြင်သာသော ပြောင်းလဲမှုများနှင့် ရေမြေသဘာဝဝန်းကျင်နှင့် ယဉ်ကျေးမှုပုံရိပ်ကောင်းများကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံသို့ ပြည်တွင်း၊ပြည်ပလေ့လာသူများ တိုးတက်ဝင်ရောက်လျက်ရှိရာ မြန်မာတို့၏ ယဉ်ကျေးမှုနှင့် အတိတ်သမိုင်းတန်ဖိုးကိုဖော်ပြရာ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် ဘိုးဘွားအမွေအနှစ်များကို စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုမှုများပြားနေသည့်အတွက် နှစ်စဉ် ဘတ်ဂျက်ငွေများ လျာထားသတ်မှတ် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၄၈၀ သုံးစွဲ၍ နန်းဆောင်လျှောက်လမ်းများ ပြုပြင်ခြင်းကိုလည်းကောင်း၊ နန်းခုံအတွင်းရှိ နန်းဆောင်များအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြို့တည်၊ နန်းတည်မင်းတုန်းမင်းကြီး၏ အုတ်ဂူ ကြမ်းခင်းများပြုပြင်ခြင်း၊ အုတ်ဂူ၊ ပြာသာဒ်အထွတ်ရှိ ထီးတော်နှင့် မှန်စီရွှေချလုပ်ငန်းများကိုလည်း ပြုပြင်ခြင်း၊ မြနန်းစံကျော်ရွှေနန်းတော် နန်းဆောင်များ၏ မူလအကွက်ချပုံစံဖြစ်သော ပုံစံငယ်ပြတိုက်ကိုလည်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် နန်းတွင်းကျောက်စာရုံအောက်ခြေပိုင်း ပျက်စီးမှုတို့ကိုလည်း ပြုပြင်ဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပုဂံမင်း၏ မယ်တော် လောင်းရှည်မိဖုရားကြီး၏ အုတ်ဂူ၊ ပြာသာဒ်ပြုပြင်ထိန်းသိမ်းရန်အတွက် ဂျပန်နိုင်ငံသစ်သားထိန်းသိမ်းရေးပညာရှင်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ အုတ်ဂူနှင့် လိုအပ်သည့် သစ်သားပြာသာဒ်များကို ပြုပြင်ရန်အတွက် ကွင်းဆင်းသုတေသနပြုဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် သုတေသနပြုမှုများ ဆောင်ရွက်ပြီးဖြစ်၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နိုင်ငံတကာခရီးသွားတွေသာမက ပြည်တွင်းကပါ လာရောက်လေ့လာမှုတွေများပြားနေတဲ့အတွက် ပြသထားတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းပြုပြင်ပေးရုံသာမက နန်းတော်ကြီးပတ်ဝန်းကျင်ကိုပါ သန့်ရှင်းသာယာအောင် ကျွန်တော်တို့ဌာနဝန်ထမ်းတွေက အတတ်နိုင်ဆုံး ဆောင်ရွက်ထားတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် မတူထူးခြားတဲ့ ခင်းကျင်းမှုမြင်ကွင်းတွေကို လာရောက်လေ့လာကြည့်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်သို့ နှစ်စဉ်တိုးတက်များပြားစွာဝင်ရောက်လျက်ရှိသော ပြည်တွင်း ပြည်ပလေ့လာကြည့်ရှုသူများကြောင့် နိုင်ငံတော်၏ ဘတ်ဂျက်ဝင်ငွေမှာလည်း တိုးတက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပမှဝင်ရောက်သည့် ဧည့်သည်များထံမှ နန်းတွင်းဦးထိပ်ဂိတ်မှ ကောက်ခံရရှိသောဝင်ငွေမှာ ကျပ်သိန်း ၆၈၀၀ ကျော်နှင့် ပြည်တွင်းမှ လာရောက်လေ့လာကြည့်ရှုသူများထံမှ ကောက်ခံရရှိငွေမှာ ကျပ်သိန်း ၅၀၀ ကျော်ရရှိခဲ့ပြီး ယင်းဝင်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်ပေးသွင်းခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**

# အာခါတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော် တာချီလိတ်၌ ကျင်းပမည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် နှစ်စဉ်ကျင်းပသည့် အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖားပွဲတော်(ခ) နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်တိုင်တိုင် တာချီလိတ်မြို့ ရှမ်းရိုးမကွင်း၌ အာခါတိုင်းရင်းသားတို့၏ ရိုးရာအတိုင်း ယခင်နှစ်များကဲ့သို့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာခါလူမျိုးများသည် ထူးခြားသည့် ဓလေ့ ငါးရပ်ရှိသည်။ နှစ်တစ်နှစ်၏ စားနပ် ရိက္ခာသီးနှံများ၊ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးစီးမှု အထိမ်းအမှတ်အဖြစ် နှစ်သစ်ကြိုဆိုသည့် ခါးထောင်းဖား(အဖွေးလော) နှစ်သစ်ကူးပွဲကျင်းပသည့် ဓလေ့၊ အိမ်တိုင်းတွင် မိမိတို့၏ ဘိုးဘွားဘီဘင်ကို ကိုးကွယ်ရန်(ပါလော့)ခေါ် ဘုရားစင်ထားရှိပြီး နှစ်စဉ်ရာသီပွဲများဖြင့် ၁၀ ကြိမ်ထက်မက ပူဇော်သည့်ဓလေ့၊ ရွာတိုင်းတွင် လူနှင့် သရဲတစ္ဆေနေရာကို ခွဲခြားသတ်မှတ်သည့် "လချေလန်းခန်"ရှိပြီး နှစ်စဉ် သရဲတစ္ဆေနတ်ဆိုးမောင်းထုတ်ပွဲတွင် တစ်ရွာလုံးရှိ အိမ်များမှ သရဲတစ္ဆေကို ရွာတံခါးပြင်သို့ မောင်းထုတ်သည့်ဓလေ့၊ အိမ်တိုင်း၏လယ်၊ ခြံများတွင် "ဟွန်ဖီ"ဟုခေါ်သည့် နတ်စင်တည်ထားပြီး စပါးသီးနှံအထွက်တိုးရန်၊ နေကောင်းကျန်းမာရန် ဆုတောင်းသည့်ဓလေ့ရှိသည်။

အာခါတိုင်းရင်းသားများမှာ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံအရှေ့ပိုင်း ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယောင်း၊ မိုင်းဖြတ်၊ တာလေ၊ မိုင်းဆတ်၊ မိုင်းခတ်နှင့် မိုင်းလားအထူးဒေသများတွင် နေထိုင်ကြပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည့် တောင်ပေါ်တိုင်းရင်းသားများဖြစ်ကြသည်။ အာခါဇန်း(ခေါ်) အာခါတိုင်းရင်းသားများ၏ မူလအစယုံကြည်ကိုးကွယ်မှု ဘာသာဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာ သာသနာ၊ စာပေနှင့် ဝတ်စားဆင်ယင်မှုရိုးရာဓလေ့များအား လေးစား ဂုဏ်ယူနိုင်စေရန်၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုများအား ပြန်လည်ဖော်ထုတ်နိုင်ရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသော အာခါတိုင်းရင်းသားများ တစ်နှစ်တစ်ကြိမ်ပြန်လည်ဆုံတွေ့နိုင်ရန် ရည်ရွယ်ကျင်းပကြသည်။

ရှေးယခင်က ခါးထောင်းဖားပွဲတော်ကို မိမိတို့နေထိုင်ရာကျေးရွာအလိုက်၊ ဒေသအလိုက်သာကျင်းပလာခဲ့ကြရာမှ အာခါရိုးရာနှစ်သစ်ကူးပွဲတော်ကို တာချီလိတ်မြို့တွင် နှစ်စဉ်စုပေါင်းကျင်းပလာခဲ့ရာ အဌမအကြိမ်မြောက်ဖြစ်သည်။ ပွဲတော်တွင် ထိုင်း၊ လာအို၊ မြန်မာနိုင်ငံတို့၌ မှီတင်းနေထိုင်ကြသည့် အကအဖွဲ့များက နိုင်ငံအလိုက်၊ ဒေသအလိုက် ရိုးရာယဉ်ကျေးမှုအကများဖြင့် စုပေါင်းကပြဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ ခါးထောင်းဖားပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ တာချီလိတ်မြို့ ရှမ်းရိုးမကွင်းအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ပွဲတော်ကိုလာရောက်လေ့လာလိုသူများအနေဖြင့် သံလွင်အရှေ့ခြမ်း ကျိုင်းတုံ-မိုင်းဆတ်-မိုင်းဖြတ်-မိုင်းလားဒေသတို့မှ တာချီလိတ်သို့လည်းကောင်း၊ လာအိုနိုင်ငံမှ မိန်းမောဆိပ်ကမ်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံမြောက်ပိုင်း မယ်ဆိုင်မြို့မှ တစ်ဆင့် တာချီလိတ်မြို့အထိလည်းကောင်း လေယာဉ်၊ ကား၊ ဆိုင်ကယ်နှင့် သင်္ဘောလမ်းများဖြင့်လာနိုင်ကြောင်း သိရသည်။



သို့ဖြစ်၍ အာခါတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲဖို့ လာရောက်ကြရန် ဖိတ်ခေါ်လိုက်ရပါသည်။

မြန်မာ့အလင်း
၁၁-၁၂-၂၀၁၅ (သောကြာနေ့)

**ပဲခူးတိုင်းဒေသကြီး**

# တောင်ငူမြို့ ကင်းဆိပ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်




ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တောင်ငူမြို့ ကင်းဆိပ်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မီမီခင်၊ ကင်းဆိပ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျေးလက်ကျန်းမာရေးအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်ပြီး လဲဘူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးမှူး ဦးသိန်းအောင်က ဆေးခန်းဆောက်လုပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကင်းဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဦးသန်းထူးက လှူဒါန်းခဲ့ကြသည့် အလှူရှင်များအတွက် ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားခဲ့ကြသည်။

ထို့နောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသည့် အလှူရှင်တွေအား တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြသည်။

"ကင်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၉ ရွာမှ ပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်တော့မှာဖြစ်သလို ကျေးရွာနေပြည်သူတွေအားကိုးအားထားရာနေရာတစ်ခု ဖြစ်လာတော့မှာပါ"ဟု စိန်ပန်းမြိုင်ရွာမှ ဦးနိုင်ဦးက ပြောကြားခဲ့သည်။ ကင်းဆိပ်ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသည် အလျား ၂၄ ပေ၊ အနံ ၂၂ ပေရှိပြီး သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ကာ နာမကျန်းလူနာများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များအား အခမဲ့ဆေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

**ချင်းပြည်နယ်**

# သူငယ်တန်းကျောင်းသားကျောင်းသူများ အာဟာရပြည့်မီရေး နို့ဘူးများပေးအပ်

ထန်တလန်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများတွင် ပညာသင်ကြားနေကြသော သူငယ်တန်းကျောင်းသားကျောင်းသူများ အာဟာရပြည့်မီရေးအတွက် နို့ဘူးများပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က ထန်တလန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြကာ သူငယ်တန်းကျောင်းသားများအား နို့ဘူးနှင့်ကြက်ဥများ ပေးအပ်ကြသည်။



အဆိုပါ နို့ဘူးများကို ထိုင်းနိုင်ငံ C P ကုမ္ပဏီက ထန်တလန်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်းနှင့် မူလတန်းကျောင်း သုံးကျောင်းမှ သူငယ်တန်းကျောင်းသား ကျောင်းသူများအတွက် နို့ဘူး ၉၆၀၀ လုံးကို မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှတစ်ဆင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ထန်တလန်မြို့နယ်၌ အထကလေးကျောင်း၊ အထက(ခွဲ) ရှစ်ကျောင်း၊ အလက ၁၀ ကျောင်း၊ အလက (ခွဲ) ၁၈ ကျောင်း၊ မူလွန် ၂၅ ကျောင်းနှင့် အမက ၂၅ ကျောင်း ရှိပြီး သူငယ်တန်းကျောင်းသားကျောင်းသူ ၂၃၈၇ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကချင်ပြည်နယ်**

# ဆင်ခြေထောက်ရောဂါပိုး ရှိ/မရှိ သွေးဖောက်စစ်ဆေး

ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးမကျွေးမီ ဆင်ခြေထောက်ရောဂါပိုးရှိ/မရှိ သွေးဖောက်စစ်ဆေးခြင်း လုပ်ငန်းကို ကချင်ပြည်နယ် ဗန်းမော်မြို့ မင်းကျောင်းကုန်းရပ်ကွက်၌ ဒီဇင်ဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

ဒေသခံပြည်သူ ၂၆၅ ဦးတို့ကို ဗဟို၊ ပြည်နယ်၊ မြို့နယ် ရောဂါပိုး သယ်ဆောင်ကောင်များမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်နှိမ်နင်းရေးအဖွဲ့နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကံညွှန့်နှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနတို့မှ ဆရာမများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများက ဆင်ခြေထောက်ရောဂါကင်းဝေးစေရေးအတွက် ရောဂါပိုးရှိ/မရှိ သွေးဖောက်စစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**စစ်ကိုင်းတိုင်းဒေသကြီး**

# ကန့်ဘလူမြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ လာမည့်နှစ် ဇန်နဝါရီလကုန်ပြီးစီးရန် တည်ဆောက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံကို စက်တင်ဘာ ၂၇ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး လာမည့် ဇန်နဝါရီလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ နှစ်ဆန်းပိုင်းတွင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်၍ ပြည်သူများ၏ကျန်းမာရေးကို ခေတ်မီတိုင်းရင်းဆေးပညာဖြင့် ထိရောက်စွာ စောင့်ရှောက်ပေးနိုင်ပြီး အတွင်းလူနာများ လက်ခံကုသပေးနိုင်တော့မည်ဖြစ်ကြောင်း ကန့်ဘလူမြို့ တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းလတ်ကပြောသည်။



အဆိုပါ RCC တစ်ထပ် (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို Myanmar Land & Development ကုမ္ပဏီက ငွေကျပ် ၁၅၅ ဒသမ ၅၅ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ လုပ်သားအင်အား ၃၀ ဖြင့် နံရံအုတ်စီခြင်းလုပ်ငန်းပြီးစီးပါက အမိုးမိုးခြင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးအေးချမ်းထံမှ သိရသည်။

"ကျွန်မတို့ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံကို တင်ဒါအောင်ကုမ္ပဏီက သတ်မှတ်ချိန်အမီပြီးစီးနိုင်အောင် ဆောင်ရွက်နေကြပါတယ်။ ပြီးရင် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးမှာဖြစ်ပါတယ်။ ၂၀၁၆ နှစ်ဆန်းပိုင်းလောက်တော့ ဖွင့်လှစ်နိုင်မှာပါ" ဟု မြို့နယ်တိုင်းရင်းဆေးမှူးက ပြောပြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




# ဥရောပအောင်ပွဲဖြစ်လာမယ့် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံများဖလား

လင်းဆက်




၂၀၁၅ ဖီဖာ ကမ္ဘာ့ကလပ်ချန်ပီယံများဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်ကနေ ဒီနေ့ ဒီဇင်ဘာ ၂၀ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာနဲ့ ယိုကိုဟားမားတို့မှာ အသင်းခုနစ်သင်းနဲ့ ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ၂၀၁၅ ဥရောပချန်ပီယံလိဂ် ချန်ပီယံ ဘာစီလိုနာ၊ ၂၀၁၅ ကိုပါလီဘာတာနိုရေးစ်ချန်ပီယံ ရေးဗားဘလိတ်၊ ၂၀၁၅ အာရှ ချန်ပီယံလိဂ်ချန်ပီယံ ဂေါင်ဖူးအဲဗားဂရန်ဒီ၊ ၂၀၁၅ အာဖရိကချန်ပီယံလိဂ် ချန်ပီယံ မာဇမ်ဘီ၊ ၂၀၁၅ ကွန်ကာကပ်ဖ် ချန်ပီယံလိဂ်ချန်ပီယံ ကလပ်အမေရိက၊ ၂၀၁၅ သမုဒ္ဒရာပိုင်းဇုန် ချန်ပီယံလိဂ်ချန်ပီယံ အော့ကလန်စီးတီးစတဲ့ တိုက်အလိုက် ချန်ပီယံအသင်းတွေနဲ့အတူ အိမ်ရှင်အသင်းအဖြစ် ၂၀၁၅ ဂျေလိဂ်ချန်ပီယံ ဟီရိုရှီးမားကပါ ပြိုင်ပွဲဝင်သွားမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲကို အရင်က Intercontinental Cup ဆိုတဲ့ အမည်နဲ့ ၁၉၆၀ ကတည်းက စတင်ကျင်းပခဲ့တာဖြစ်ပေမယ့် အဲဒီတုန်းကတော့ အခုလို ကျယ်ပြန့်မှုမရှိဘဲ ဥရောပချန်ပီယံလိဂ်ချန်ပီယံအသင်းနဲ့ တောင်အမေရိကဒေသက ကိုပါလီဘာတာနိုရေးစ် ချန်ပီယံအသင်းတို့ကိုသာ ဆုံတွေ့ယှဉ်ပြိုင်စေခဲ့ရာကတော့ ၂၀၀၀ ပြည့်နှစ်ရောက်မှသာ ပြိုင်ပွဲရဲ့ပုံရိပ် ပိုမိုမြင့်မားစေဖို့အတွက် လက်ရှိအမည်ဖြစ်တဲ့ ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံများဖလားအဖြစ် အသွင်ပြောင်းကာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ စတင်ကျင်းပခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ပြိုင်ပွဲအမည် ပြောင်းသွားခြင်းနဲ့ ပြိုင်ပွဲမှာ ဒေသအလိုက်တိုက်ကြီးများ ချန်ပီယံအသင်းတွေ ပါဝင်လာတာကလွဲလို့ ပြိုင်ပွဲရဲ့အနှစ်သာရကတော့ ပြောင်းလဲသွားခြင်းမရှိပါဘူး။ အထူးသဖြင့် ဒီပြိုင်ပွဲမှာ တိုက်ကြီးများအလိုက် ချန်ပီယံအသင်းတွေပါဝင်လာခဲ့သော်ငြား အဆိုပါ ချန်ပီယံအသင်းတွေကြားမှာတောင် ခြေစွမ်းကွာဟမှုက ကြီးမားလွန်းတဲ့အပြင် ဘောလုံးအဆင့်အတန်း ပိုမိုမြင့်မားတဲ့ ဥရောပနဲ့ တောင်အမေရိကအသင်းတွေကို အခွင့်အရေးပိုပေးကာ ဆီမီးဖိုင်နယ်အဆင့်က စတင်ကစားစေခြင်းတို့အတူ ဒီပြိုင်ပွဲဟာ အရင်ပြိုင်ပွဲဖြစ်တဲ့ Intercontinental Cup အတိုင်း ဥရောပနဲ့ တောင်အမေရိကအသင်းတွေသာ အားပြိုင်ရတဲ့ ပြိုင်ပွဲအဖြစ်သာ ဆက်ရှိနေခဲ့ပါတယ်။

ဒီပြိုင်ပွဲကို ဆိုခဲ့ပြီးအတိုင်း ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ရာမှာ ပြီးခဲ့တဲ့ ၂၀၁၄ ပြိုင်ပွဲအထိ စုစုပေါင်း ၁၁ ကြိမ်တိတိ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါ ၁၁ ကြိမ်အတွင်း ၂၀၁၀ ပြိုင်ပွဲအတွင်း အာဖရိကကလပ် မာဇမ်ဘီက ဗိုလ်လုပွဲအထိရောက်ခဲ့မှုနဲ့ ၂၀၁၃ ပြိုင်ပွဲမှာ မော်ရိုကိုကလပ် ရာဂျာကာဆာဘလန်ကာက ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့မှုကလွဲလို့ ကျန်နှစ်တွေရဲ့ ဗိုလ်လုပွဲတွေမှာ ဥရောပနဲ့ တောင်အမေရိကကလပ်အသင်းတွေသာ ဗိုလ်လုခဲ့ကြရပြီး ဥရောပကလပ်အသင်းတွေက ခုနစ်ကြိမ်နဲ့ အမေရိကန်ကလပ်အသင်းတွေက လေးကြိမ်ဗိုလ်စွဲခဲ့မှုတွေက ဒီပြိုင်ပွဲကို အရင်ကအတိုင်း ဥရောပနဲ့ တောင်အမေရိက ကလပ်အသင်းတွေကသာ လွှမ်းမိုးထားဆဲဆိုတာ ထင်ရှားနေပါတယ်။

အထူးသဖြင့် လက်ရှိအချိန်မှာ အာရှဒေသနဲ့ ကွန်ကာကပ်ဖ်ဒေသတို့က ကလပ်အသင်းတွေဟာ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ အဆင့်တစ်ခု မြင့်တက်လာသည့်တိုင် အခြေခံခိုင်မာမှု၊ အရင်းအမြစ်အားကောင်းမှုနဲ့ ဖွံ့ဖြိုးမှုအားတွေမှာ ကွာဟနေဆဲဖြစ်တာနဲ့အမျှ တောင်အမေရိကနဲ့ ဥရောပကလပ်အသင်းတွေကို ပခုံးချင်းယှဉ်နိုင်ဖို့ ခက်နေဆဲဖြစ်ပါတယ်။ အာရှဒေသရဲ့ နာမည်ကြီးလိဂ်တစ်ခုဖြစ်တဲ့ ဂျေလိဂ်ပြိုင်ပွဲမှာဆိုရင် တောင်အမေရိက၊ ဥရောပနဲ့ အာဖရိကအခြေစိုက် ကစားသမားအများအပြား ပါဝင်ကစားနေပြီဖြစ်သလို အဲဒီအထဲမှာ အူတာကာ၊ အိုဘီနာတို့လို နာမည်ရှိကစားသမားတွေလည်း ပါဝင်နေပါတယ်။ ဒါ့အပြင် ဒီနောက်ပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ ထိထိမိမိပြုလုပ်လာခဲ့တဲ့ တရုတ်စူပါလိဂ်မှာဆိုရင်လည်း စကိုလာရီ၊ အဲရစ်ဆင်တို့လို ထိပ်တန်းနည်းပြတွေပါ ဝင်ရောက်ကိုင်တွယ်နေသလို ပေါ်လင်ညို၊ ရော်ဘင်ညို၊ ဒမ်ဘာဘာ၊ တင်ကာပေးလ်၊ မက်ဆီမိုဗစ်၊ ဟာလီဟိုဗစ်၊ ပါပါဒိုပူးလော့၊ ဆစ်ဆိုကို၊ ဂတ်ဂျွန်ဆင်တို့လိုနာမည်ကြီး ကစားသမားတွေတောင် ပါဝင်ကစားနေကြတာကို တွေ့ရပါတယ်။ အခုပြိုင်ပွဲဝင်မယ့် အာရှ ချန်ပီယံ ဂေါင်ဖူးအဲဗားဂရန်ဒီမှာဆိုရင် ပေါ်လင်ညို၊ ရော်ဘင်ညိုတို့လို ကစားသမားတွေရှိနေတဲ့အပြင် စကိုလာရီလိုနည်းပြမျိုးပါ ကိုင်တွယ်နေတဲ့ အသင်းပါ။

ကွန်ကာကပ်ဖ်ဒေသကလပ်တွေမှာလည်း ဒေးဗစ်ဗီလာ၊ ဒရော့ဘာ၊ ရော်ဘီကိန်း၊ ဂျရတ်၊ လမ်းပတ်၊ ဂျီယိုဗင်ကို၊ အန်ဒရာဒီ၊ ကွန်တီရိုတို့လို ကစားသမားတွေ ပါဝင်နေကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဒီဒေသနှစ်ခုရဲ့ ဘောလုံးအဆင့်အတန်းဟာ အရင်ကထက် ပိုမိုမြင့်မားလာတာမှန်ပေမယ့် ဆိုခဲ့ပြီးအတိုင်း အရင်းအမြစ်ခိုင်မာမှု၊ ကစားသမားကောင်း ပေါ်ကြွယ်ဝမှု၊ အခြေခိုင်မာမှုတွေမှာ ကွာဟနေမှုအရ တောင်အမေရိကဒေသနဲ့ ဥရောပဒေသက ကလပ်တွေကို ပခုံးချင်းယှဉ်နိုင်ဖို့ခက်နေကြဆဲဖြစ်ပါတယ်။ အရှင်းဆုံးပြောရရင် ဒီတစ်ကြိမ်ပြိုင်ပွဲမှာ ပါဝင်လာမယ့် ရေးဗားပလိတ်ဟာ အသင်းကောင်းတစ်သင်းဖြစ်သလို ဘာစီလိုနာကလည်း ကမ္ဘာ့ထိပ်တန်းအသင်းဖြစ်နေမှုအရ ဒီတစ်ကြိမ်မှာလည်း အခြားအသင်းတွေအနေနဲ့ ဒီနှစ်သင်းကို ယှဉ်နိုင်ဖို့ခက်သလို ဒီနှစ်ပြိုင်ပွဲဟာလည်း အရင်ကအတိုင်း တောင်အမေရိကနဲ့ ဥရောပအားပြိုင်မယ့် ပြိုင်ပွဲတစ်ခုသာဖြစ်လာနိုင်တယ်လို့ ကောက်ချက်ဆွဲထားကြပါတယ်။

အထူးသဖြင့် ဒီပြိုင်ပွဲမှာ ပါဝင်နေတဲ့ ဘာစီလိုနာဟာ အခြားပြိုင်ဘက်အားလုံးထက် အဆင့်အတန်းအရ တစ်ဆင့်မက မြင့်မားနေပါတယ်။ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ၊ အင်နီယေစတာ၊ ရာကီတစ်၊ ပီကေးတို့လို အစုအဖွဲ့မျိုး အခြားအသင်းတွေမှာမရှိသလို ညီညွတ်မျှတတဲ့ကစားဟန်၊ ဗျူဟာနဲ့ နည်းစနစ်ပိုင်းကလည်း အားလုံးထက် သာလွန်ကောင်းမွန်နေတာနဲ့အမျှ ဒီတစ်ကြိမ်မှာလည်း တောင်အမေရိကနဲ့ ဥရောပသာအားပြိုင်ရမယ်ဆိုသော်ငြား အဲဒီအထဲမှာမှ ဘာစီလိုနာကို ယှဉ်ဖို့ဆိုတာခက်သလို ဒီတစ်ကြိမ်ဟာလည်း ဥရောပအောင်ပွဲသာဖြစ်လာမယ့်လို့လည်း ယူဆထားကြပါတယ်။

**လက်ရှိအချိန်မှာ အာရှဒေသနဲ့ ကွန်ကာကပ်ဖ်ဒေသတို့က ကလပ်အသင်းတွေဟာ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ အဆင့်တစ်ခု မြင့်တက်လာသည့်တိုင် အခြေခံခိုင်မာမှု၊ အရင်းအမြစ် အားကောင်းမှုနဲ့ ဖွံ့ဖြိုးမှုအားတွေမှာ ကွာဟနေဆဲဖြစ်တာနဲ့အမျှ တောင်အမေရိကနဲ့ ဥရောပကလပ်အသင်းတွေကို ပခုံးချင်းယှဉ်နိုင်ဖို့ခက်နေဆဲ ဖြစ်**

## ဘောလုံးအားကစားပရိသတ်များအဖွဲ့၏ တစ်နှစ်တာအကောင်းဆုံးကစားသမားအဖြစ် ဆန်းချက်ဇ် ရွေးချယ်ခံရ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း တောင်ပံတိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်သည် ဘောလုံးအားကစားပရိသတ်များအဖွဲ့မှ ရွေးချယ်သည့် ၂၀၁၅ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုရရှိခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ အဆိုပါ ဆုပေးပွဲအခမ်းအနားကို ပြီးခဲ့သည့် တနင်္လာနေ့ညပိုင်းတွင် လန်ဒန်၌ ကျင်းပခဲ့သည်။

ချီလီကစားသမား ဆန်းချက်ဇ်သည် အဆိုပါဆုအား လက်စတာတိုက်စစ်မှူး ဂျိမ်းစ်ဗာဒီ၊ မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရို၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ မန်ယူဂိုးသမား ဒီဂီယာနှင့် အဲဗာတန် ခံစစ်မှူး ဂျွန်စတုန်းတို့ကိုကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာကစားသမားဟောင်း ဆန်းချက်ဇ်(၂၆နှစ်)သည် ၂၀၁၅ ခုနှစ်အတွင်းတွင် အာဆင်နယ်အသင်းနှင့်အတူ အက်ဖ်အေဖလား၊ ချီလီလက်ရွေးစင်အသင်းနှင့်အတူ ကိုပါအမေရိကဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ လက်ရှိအချိန်တွင် တောင်ပံကစားသမား ဆန်းချက်ဇ်သည် တံကောက်ကြောဒဏ်ရာကြောင့် သီတင်းပတ် လေးပတ်ကျော် အနားယူရမည်ဖြစ်သည်။

ဆန်းချက်ဇ်က “ဘောလုံးအားကစားပရိသတ်များအဖွဲ့က ၂၀၁၅ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံးကစားသမားအဖြစ် ကျွန်တော့်ကို ရွေးချယ်ခဲ့တာကြောင့် ကျေနပ်ဝမ်းသာမိပါတယ်။ ၂၀၁၅ ခုနှစ်ဟာ ကျွန်တော့်အတွက် အာဆင်နယ်အသင်းမှာရော ချီလီအသင်းမှာပါ ကောင်းမွန်တဲ့နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။ အခုနှစ် ဘောလုံးရာသီမှာလည်း အာဆင်နယ်က ကောင်းမွန်တဲ့ပုံစံနဲ့ စတင်နိုင်ခဲ့လို့ ဝမ်းသာမိတယ်။ ဒဏ်ရာရရှိခဲ့တာကိုတော့ စိတ်ပျက်မိပါတယ်။ ဒါပေမယ့် ဒဏ်ရာကနေ အမြန်ဆုံးပြန်လာပြီး အာဆင်နယ်အသင်း နောက်ထပ်အောင်မြင်မှုတွေ ရယူနိုင်ဖို့အတွက် အသင်းဖော်တွေကို ကူညီပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်”ဟု ပြောသွားသည်။

မန်နေဂျာ အာဆင်ဝင်းဂါးကလည်း “၂၀၁၅ ခုနှစ်ဟာ ဆန်းချက်ဇ်အတွက် ကောင်းမွန်တဲ့နှစ်တစ်နှစ်ပါ။ သူဟာ အာဆင်နယ်အသင်းကို စတင် ရောက်ရှိလာချိန်ကတည်းက အင်္ဂလန်ဘောလုံးလောကမှာ ထိရောက်တဲ့စွမ်းဆောင်မှုတွေ ပြုလုပ်နိုင်ခဲ့တယ်”ဟု ပြောဆိုခဲ့သည်။

အင်္ဂလန်နှင့် ဝေလတို့မှ ဘောလုံးပရိသတ်များဖြင့် ဖွဲ့စည်းထားသည့် ဘောလုံးအားကစားပရိသတ်များအဖွဲ့ကို ၂၀၀၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ၂၀၁၃ ခုနှစ်မှ စတင်၍ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး ကစားသမား ဆုကို လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်၊ ၂၀၁၄ ခုနှစ် အတွက် တစ်နှစ်တာ အကောင်းဆုံးဆုကို မန်စီးတီးတိုက်စစ်မှူး အဂူရိုတို့က ရရှိခဲ့သည်။



